http://www.dhammadownload.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# သံဃနာယကလက်စွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

http://www.dhammadownload.com

http://www.dhammadownload.com

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

# သံဃနာယကလက်စွဲ

သာသနာ-၂၅၅၁ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | သံဃနာယကလက်စွဲ စတင်ပေါ်ပေါက်လာခြင်း | ၁ |
| ၃။ | သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ခြင်း | ၂ |
| ၄။ | သံဃနာယကလက်စွဲ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည့်အကြောင်း | ၃ |
| ၅။ | သံဃနာယကလက်စွဲ ပြင်ဆင်ဖြည့်စွက်တည်းဖြတ်ခြင်း | ၃ |
| ၆။ | အထူးတင်ပြခြင်း | ၅ |
| ၇။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ (အဂ္ဂမဟာပဏ္ဍိတ) ပုသိမ်ဆရာတော်၏ ဩဝါဒကထာ | ၆ |
| ၈။ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး မိုလ်မှူးချုပ်စိန်လွင်၏ လျှောက်ထားချက် | ၈ |


## အပိုင်း(၁)

### အခန်း(၁)


| | | |
|---|---|---|
| ၉။ | သံဃသမ္မုတိ–ရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်ခြင်း | ၁၁ |
| ၁၀။ | ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများ | ၁၂ |
| ၁၁။ | ရွေးချယ်ပွဲစည်းကမ်းများ | ၁၅ |


### အခန်း(၂)


| | | |
|---|---|---|
| ၁၂။ | နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ရွေးချယ်ဖွဲ့စည်းခြင်း | ၁၉ |


### အခန်း(၃)


| | | |
|---|---|---|
| ၁၃။ | နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ရွေးချယ်ဖွဲ့စည်းခြင်း | ၂၂ |

http://www.dhammadownload.com


အခန်း(၄)

၁၄။ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း ၂၅

အခန်း(၅)

၁၅။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်နှင့် သံဃနာယကသတ်မှတ်ရွေးချယ် ဖွဲ့စည်းခြင်း ၂၇

အခန်း(၆)

၁၆။ မြို့နယ်သံဃာ့ဝန်ဆောင်/ သံဃနာယက/ ဩဝါဒါစရိယ သတ်မှတ်ရွေးချယ်ဖွဲ့စည်းခြင်း ၃၃

အခန်း(၇)

၁၇။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်/ သံဃနာယက/ ဩဝါဒါစရိယ သတ်မှတ်ရွေးချယ်ဖွဲ့စည်းခြင်း ၃၈

အခန်း(၈)

၁၈။ အစားထိုးရွေးချယ်ခြင်း ၄၃

အပိုင်း(၂)

အခန်း(၉)

၁၉။ လုပ်ငန်းတာဝန်များ ၅၂

၂၀။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ ၅၂

အခန်း(၁၀)

၂၁။ မြို့နယ် သံဃနာယကအဖွဲ့၏လုပ်ငန်း တာဝန်များ ၅၇

http://www.dhammadownload.com


အခန်း(၁၁)

၂၂။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ ၆၆

အခန်း(၁၂)

၂၃။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ ၆၉

အခန်း(၁၃)

၂၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ ၇၁

၂၅။ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များ ၇၂

အပိုင်း (၃)

၂၆။ အစည်းအဝေးများ ၇၄

အခန်း(၁၄)

၂၇။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ၇၄

အခန်း(၁၅)

၂၈။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး ၇၈

အခန်း(၁၆)

၂၉။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အစည်းအဝေး ၈၀

http://www.dhammadownload.com


အခန်း(၁၇)

၃၀။ မြို့နယ် သံဃာ့ဝန်ဆောင်အစည်းအဝေး ၈၁

အခန်း(၁၈)

၃၁။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်
အစည်းအဝေး ၈၂

အခန်း(၁၉)

၃၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
အစည်းအဝေး ၈၃

အခန်း(၂၀)

၃၃။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့
အစည်းအဝေး ၈၅

အခန်း(၂၁)

၃၄။ မြို့နယ်သံဃနာယကအဖွဲ့အစည်းအဝေး ၈၆

အခန်း(၂၂)

၃၅။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့
အစည်းအဝေး ၈၇

အပိုင်း(၄)

၃၆။ စည်းကမ်း ထိန်းသိမ်းရေး ၈၈

အခန်း(၂၃)

၃၇။ အရည်အချင်းပျက်ယွင်းခြင်း ၈၈

http://www.dhammadownload.com


အခန်း(၂၄)

၃၈။ ပဏ္ဏာမစုံစမ်းခြင်း ၉၁

အခန်း(၂၅)

၃၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း ၉၃

အခန်း(၂၆)

၄၀။ သာသနာ့အလံတော် ၉၅

၄၁။ သာသနာ့အလံ၏ အရွယ်အစား ၉၅

အခန်း(၂၇)

၄၂။ သာသနာဝင်မှတ်တမ်း ဆက်ကပ်ရေးအတွက် လုပ်ငန်းအစီအစဉ်နှင့် သာသနာဝင်တစ်ပါးချင်း မှတ်တမ်းပုံစံများ ဖြည့်စွက် ရေးသားခြင်း ၁၀၄

၄၃။ ဝါဆိုသံဃာတော်စာရင်းနှင့် တိုက်ဆိုင် စင်ခဆးခြင်း ၁၂၂

၄၄။ ဓာတ်ပုံရိုက်ခြင်း ၁၂၄

၄၅။ သာသနာဝင်မှတ်တမ်း ဆက်ကပ်ခြင်း ၁၂၇

အပိုင်း(၅)

၄၆။ အထွေထွေ ၁၂၈

အခန်း(၂၈)

၄၇။ သံဃနာယကအဖွဲ့ ရုံးစည်းကမ်းများ ၁၂၈

၄၈။ နာယကလက်စွဲ နောက်ဆက်တွဲ ၁၂၉

(က) တရားမဝင်ငွေ အပ်နှံခြင်းဆိုင်ရာ ပြန်အမ်းငွေ ထုတ်ပေးရာ၌ ဒေသနာတော်နှင့် အညီချမှတ်ထားသည့်မူ ၁၂၉

(ခ) သက်နီးချုပ်လုပ်ရေးမှု ၁၃၃

(ဂ) သံဃာတော်များ မော်တော်ယာဉ်ဖြင့် လှည့်လည်၍ ပရိတ်ရွတ်ခြင်းသည် ဒေသနာတော်နှင့် ဆန့်ကျင်မှု ရှိ–မရှိ အဆုံးအဖြတ် ၁၃၄

http://www.dhammadownload.com

# သံဃနာယကလက်စွဲ

## နိဒါန်း

### နာယကလက်စွဲ စတင်ပေါ်ပေါက်လာခြင်း

"သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း" ကို သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၅-ရက်) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်၌ ကျင်းပခဲ့သော သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ၁၂၁၈-ပါးတို့ တက်ရောက်သည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

"သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ"ကို သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၆-ရက်) တနင်္လာနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်၌ ကျင်းပခဲ့သော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် (၃၀၀) ပါးတို့ တက်ရောက်ခဲ့သည့် ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

ယင်း သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ သံဃနာယကအဖွဲ့များ ဆောင်ရွက်တော်မူကြရာ၌ အဓိပ္ပါယ်ကောက်ယူမှုနှင့် ဆောင်ရွက်မှု တူညီစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ကောဇာသက္ကရာဇ် ၁၃၄၃-ခုနှစ်၊ ကဆုန်လဆန်း ၁-ရက် (၁၉၈၁-ခုနှစ်၊ မေလ ၄-ရက်) နေ့တွင် သံဃနာယကသင်တန်း ဖွင့်လှစ်၍

http://www.dhammadownload.com

သင်တန်းပေးခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး ယင်း သင်တန်းမှ ရရှိလာသော အချက်အလက်များကို စုစည်း၍ နာယကလက်စွဲအဖြစ် အတည်ပြု သုံးစွဲခဲ့ပါသည်။

## သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ခြင်း

မူလပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများဖြင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ ပြဿနာရပ်များကို ညှိနှိုင်းဖြေရှင်းရာ၌ တွေ့ကြုံလာရသော အခက်အခဲများကို ပြေလည်စေရန် ပထမအကြိမ် (၅)နှစ်သက်တမ်းအတွင်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးများသို့တင်ပြ၍ လုပ်ထုံးလုပ်နည်းလာ အချို့အပိုဒ်များကို ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့သော်လည်း အခက်အခဲများကို အပြီးတိုင် မကျော်လွှန်နိုင်သေးသဖြင့် ယင်းအခက်အခဲများကို ကျော်လွှန်နိုင်စိမ့်သောငှာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းကို ပြန်လည် ပြင်ဆင်ရန် လိုအပ်ကြောင်း သုံးသပ်ချက်အရ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများ ပြင်ဆင်မွမ်းမံရေး အဖွဲ့ငယ်ကို ဖွဲ့စည်း၍ ယင်းအဖွဲ့ငယ်၏ ပြင်ဆင်မွမ်းမံရေး မူများနှင့်အညီ ပြင်ဆင်ဖြည့်စွက် နုတ်ပယ်၍ ရေးသား တင်ပြထားသည့် စာမူကြမ်းကို အဖန်ဖန် အထပ်ထပ် စိစစ်ဝေဖန်ညှိနှိုင်းပြီး ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တင်ပြခဲ့ရာ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် (၁၃၃၆) ပါးတို့ တက်ရောက်သော ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သာသနာ

http://www.dhammadownload.com

တော်နှစ် ၂၅၂၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက် (၁၉၈၅-ခုနှစ်၊ မေလ ၂၉-ရက်) ဗုဒ္ဓဟူးနေ့တွင် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် (၃၀၀)ပါးတို့ တက်ရောက်သော ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမ အစည်းအဝေးက ကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက် (၁၉၈၅-ခုနှစ်၊ မေလ- ၃၀ရက်) ကြာသပတေး နေ့တွင် သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက် ချက်ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

## နာယကလက်စွဲ ပြင်ဆင် ဖြည့်စွက်ရန်လိုအပ်သည့်အကြောင်း

ဤသို့ဖြင့် မူလအတည်ပြု ပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ အပိုဒ်များအရ ရည်ညွှန်းရေးသားခဲ့သော နာယကလက်စွဲသည် ဒုတိယအကြိမ်(၅)နှစ် သက်တမ်း အရောက်တွင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်လိုက်သောအခါ နာယကလက်စွဲပါ ရည်ညွှန်းချက်များ မကိုက်ညီတော့ခြင်း၊ အခြေအနေနှင့် အချိန်အခါအရ နာယကလက်စွဲပါ အချို့အပိုဒ်များနှင့် စာသားများကို အသုံးပြုရန် မလိုအပ် တော့ခြင်းတို့ကြောင့် ဒုတိယ (၅) နှစ်သက်တမ်း တစ်လျှောက်လုံး သံဃနာယကအဖွဲ့ အဆင့်ဆင့်နှင့် ကင်းကွာလျက် တိမ်မြုပ်ခဲ့ရလေသည်။

## သံဃနာယကလက်စွဲ ပြင်ဆင်ဖြည့်စွက်တည်းဖြတ်ခြင်း

တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် လိုအပ်လျက် အသုံးပြုမရဖြစ်နေသည့် ယင်းနာယကလက်စွဲကို

http://www.dhammadownload.com

ပြင်ဆင်ရေးသား၍သံဃနာယကအဖွဲ့ အဆင့်ဆင့်၏ လိုအပ်ချက်ကို ဖြည့်စွက်ပေးလိုသည်။ ထို့ကြောင့် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ဒုတိယအစည်းအဝေးက အဖွဲ့ခွဲ တစ်ဖွဲ့လျှင် ၃-ပါးကျစီဖြင့် မဟာနာယက ၉-ပါး ပါဝင်သော သံဃနာယက လက်စွဲ ပြင်ဆင်တည်းဖြတ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ တာဝန်ပေးအပ်ခဲ့ပါ သည်။

သံဃနာယကလက်စွဲ ပြင်ဆင်တည်းဖြတ်ရေး အဖွဲ့သည် လက်ရှိ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ (ပထမအကြိမ် ဒုတိယအကြိမ်) ပြင်ဆင်ဖြည့်စွက်ချက်များနှင့် လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ များနှင့်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် လည်းကောင်း တိုက်ဆိုင်စိစစ်၍ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖြုတ်ပယ်ခြင်းများ ပြုလုပ်ပြီး ဤစာမူအဆင့်သို့ ရောက်ရှိ ခဲ့ခြင်း ဖြစ်ပေသည်။

ဤစာမူကို တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ စတုတ္ထအစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးက ဤစာမူကို ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် ပြည်နယ်/ တိုင်း သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) နှင့် မြို့နယ်သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) တို့ထံ ပေးပို့၍ အကြံပြုချက် တောင်းခံရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်နှင့်အညီ အကြံပြုချက် တောင်းခံခဲ့ရာ တစ်ပြည်လုံးရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ၂၆-ပါး၊ ပြည်နယ်/ တိုင်း သံဃနာယကအဖွဲ့ (၈) ဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့ (၇၀) ဖွဲ့တို့ထံမှ အကြံပြုလွှာပေါင်း (၁၀၆) စောင် ရရှိခဲ့ပါသည်။

http://www.dhammadownload.com

သံဃနာယက လက်စွဲ ပြင်ဆင်တည်းဖြတ်ရေးအဖွဲ့သည် ယင်းအကြံပြုလွှာတို့ကို မူလစာသားနှင့် အကြိမ်ကြိမ် အဖန်ဖန် တိုက်ဆိုင်စိစစ်ပြီး အကြံပြုလွှာများမှ ယူသင့်သည်များကိုယူလျက် ထည့်သွင်းပြင်ဆင်ကာ ဤသံဃနာယက လက်စွဲကို ရေးဆွဲခဲ့ပါသည်။

**အထူးတင်ပြခြင်း**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာများမှ အချို့အကြောင်းအရာများကို ဤသံဃနာယကလက်စွဲ၌ ခြုံငုံထည့်သွင်းရေးသားထား၍ အချို့အကြောင်းအရာများကို လိုအပ်သောအခါ ဆက်လက်သုံးစွဲနိုင်ရန် ဤ၌မထည့်သွင်းဘဲ မူလအတိုင်း ထားခဲ့ပါသည်။ သံဃနာယကလက်စွဲ သမိုင်းကြောင်း မပျောက်ပျက်စေခြင်းငှါ မူလနာယကလက်စွဲပါ ဩဝါဒကထာနှင့် လျှောက်ထားချက်ကို ဆက်လက်ထားရှိပါသည်။ သံဃနာယကသင်တန်း အမေးအဖြေများကိုမူ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း စသည်တို့၌ အကျုံးဝင်ပြီးဖြစ်၍ ချန်လှပ်ထားခဲ့ပါသည်။

သံဃနာယကလက်စွဲ<br>ပြင်ဆင်တည်းဖြတ်ရေးအဖွဲ့<br>ဇမ္ဗူဒီပကျောင်းဆောင်<br>ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

၁၃၅၃-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈-ရက်

၁၉၉၂-ခုနှစ်၊ ဇန်နဝါရီလ ၂၅-ရက်

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်
သံဃနာယကသင်တန်း
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ**
**(အဂ္ဂမဟာပဏ္ဍိတ)**
ပုသိမ်ဆရာတော်၏

# ဩဝါဒကထာ

ကြွရောက်တော်မူလာကြသည့် ပြည်နယ်နှင့်တိုင်း သံဃနာယက အဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်တို့ဘုရား-

ယခုကဲ့သို့ သံဃနာယကသင်တန်း ဖွင့်လှစ်ပို့ချခြင်းမှာ သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက် ရာ၌ တပြေးညီစွာ စနစ်တကျ ဖြစ်စေလို၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ပါသည် ဘုရား။

အဆိုပါစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများမှာ မြန်မာဘာသာဖြင့် ရေးသားထားသည်ကို မည်သူမဆို ဖတ်ကြည့်လျှင် နားလည်နိုင်သည်ဟု ဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး အဓိပ္ပါယ်အယူအဆ ကွဲပြားတတ်ပါသည် ဘုရား။ တပည့်တော်တို့ ဆဋ္ဌသင်္ဂါယနာတင်စဉ်က (ကေနစိ) ဟူသော ပါဠိကို (တစ်စုံတစ်ယောက်) ဟု မြန်မာဘာသာပြန်ဆိုရာ (တစ်စုံ) မှာ (၂-ခု) ရှိသဖြင့် (ကေနစိ-တစ်စုံနှစ်ယောက်) ဟု ဘာသာပြန်ဆိုရန် (၃) ရက်တိတိ ဆွေးနွေးခဲ့ရသည်ကို ကြားသိရဖူးပါသည် ဘုရား။ တစ်ဖန်(နဝနီတံ- ဆီဦး) ဟု ဘာသာပြန်ရာ၌ ဆီဦး ဆိုသည် ထောပတ်ကို

http://www.dhammadownload.com

ခေါ်သလား၊ ထောပတ်မဖြစ်မီ အခြေအနေ ထောပေးကို ခေါ်သလား။ ထောပေးကိုပဲ တချို့က မသကာဟု ခေါ်ဆိုကြ သဖြင့် (နဝနီတံ ဆီဦး= ထောပေး= မသကာ) ဟု အငြင်းပွားနေခဲ့ရာ နောက်ဆုံးတွင် ဆီဦးဟု ဘာသာပြန်ဆိုခဲ့ကြပါသည် ဘုရား။

စကားတစ်လုံးကို တစ်ဦးနှင့်တစ်ဦး အဓိပ္ပါယ်ပေါက်ပုံချင်း မတူသဖြင့် ဤကဲ့သို့ အချိန်ကြာရှည်စွာ ဆွေးနွေးညှိနှိုင်း ခဲ့ကြရပါသည် ဘုရား။ ထို့ကြောင့် အရှင်ဘုရားတို့အား သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို အဓိပ္ပါယ်အယူအဆ သဘောပေါက်ပုံချင်း တူညီစေရန် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ပါသည် ဘုရား။

မိမိတို့ ပြည်နယ်/တိုင်းသို့ ပြန်လည်ရောက်ရှိသောအခါ ဆင့်ပွား သင်တန်းများ ပြန်လည် ပို့ချရမည်ဖြစ်ပါ၍ မရှင်းမလင်းသည့် အချက်များကို သင်တန်းပြဆရာတော်များထံ မေးမြန်းလျှောက်ထားကြရန် ဖြစ်ပါသည် ဘုရား။ ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့ ခိုင်ခံ့အောင် ညီညာစွာ ဆောင်ရွက်တော်မူကြပါမည့် အကြောင်း တိုက်တွန်း လျှောက်ထားအပ်ပါသည် ဘုရား။

http://www.dhammadownload.com

# ၁၃၄၃-ခုနှစ်၊ တဆောင်မုန်းလဆန်း (၁) ရက် (၄-၅-၈၁) နေ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ် သံဃနာယက သင်တန်းဖွင့်ပွဲတွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မင်းလွင်၏ လျှောက်ထားချက်

ရှိသေစွာ လျှောက်ထားပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား-

ယနေ့ သင်တန်းဖွင့်လှစ်ရခြင်းမှာ ဥက္ကဋ္ဌဆရာတော်ကြီး မိန့်ကြား သွားသည့်အတိုင်း အဓိပ္ပါယ်ကောက်ယူမှုနှင့် ဆောင်ရွက်မှုများ တူညီစေ လိုသော ရည်ရွယ်ချက်မှာ အဓိကဖြစ်ပါသည် ဘုရား။

ယခု အတည်ပြုထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း နှင့် လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်တော်မူကြရာ၌ အဓိပ္ပါယ် ကောက်ယူမှုနှင့် ဆောင်ရွက်မှု တူညီစေရန် ဤသင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ပါသည် ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသည် နောင်တစ်ချိန်တွင် သံဃာ့ဂိုဏ်းများ တပေါင်းတစည်း ဖြစ်လာစေရန် အခြေအနေကို ရည်မှန်းပြီး ရေးဆွဲခဲ့ကြပါသည် ဘုရား။ စည်းမျဉ်းကို ကြည့်မယ်ဆိုရင် သတ်မှတ်ထားသော သံဃာ့ဂိုဏ်း (၉) ဂိုဏ်းအပြင် အခြား သံဃာ့ဂိုဏ်းများ မရှိစေရ၊ နောက်ထပ် သံဃာ့ဂိုဏ်းများ အသစ်ခွဲခြား တည်ထောင်ခွင့်ကို တားမြစ်ပြီး ဖြစ်ပါသည် ဘုရား။ ယခုလက်ရှိ (၉) ဂိုဏ်း အချင်းချင်း ပူးပေါင်းလိုပါက ပူးပေါင်းစေနိုင်ရန် လမ်းဖွင့်ထားပါသည် ဘုရား။

http://www.dhammadownload.com

နောင်အနှစ် (၅၀) ခန့်ကြာလျှင် မြန်မာနိုင်ငံတွင် ဂိုဏ်းကွဲပြားမှုမရှိတော့ဘဲ ဤသံဃာ့အဖွဲ့အစည်းကြီး တစ်ခုတည်းသာ ရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည် ဘုရား။ သာသနာရေးကိစ္စများ ဆောင်ရွက်ရာ၌ တူညီသော ရည်မှန်းချက်ထား၍ ညီညွတ်စွာ ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည် ဘုရား။

သီးခြား စည်းမျဉ်းစည်းကမ်းရှိသော ဂိုဏ်းများမှာ မိမိတို့ဂိုဏ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ ကိစ္စအဝဝကို ဆောင်ရွက်ခြင်း၊ အဓိကရုဏ်းမှုခင်းများကို ဖြေရှင်းဆုံးဖြတ်ခြင်း ပြုလုပ်ခွင့်ရှိကြောင်းကို အခြေခံ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများတွင် ဖော်ပြထားပြီး ဖြစ်ပါသည် ဘုရား။ မိမိတို့ သက်ဆိုင်ရာ ဂိုဏ်း၏ပြဿနာကိုသာ ဖြေရှင်းဆောင်ရွက်ရန် ဖြစ်၍ တခြားဂိုဏ်းကိစ္စကို စွက်ဖက်ခြင်း မပြုမိအောင် ဂရုပြုရန် လိုပါသည်ဘုရား။ ဂိုဏ်းတစ်ပါးမှ နယ်လှည့်မွှကထိက ပုဂ္ဂိုလ်တစ်ပါးကို တခြားဂိုဏ်း သံဃနာယကဆရာတော်က ဝင်ရောက် တားမြစ်သည့် သတင်းတစ်ခု ကြားသိရပါသည် ဘုရား။ အမှန်မှာ မိမိဂိုဏ်းဝင် ပုဂ္ဂိုလ်ကိုသာ တားမြစ်ခြင်း၊ ခွင့်ပြုခြင်း ပြုလုပ်နိုင်ပါသည် ဘုရား။ တခြားဂိုဏ်းမှ ပုဂ္ဂိုလ်ကို တားမြစ်လိုပါက တိုက်ရိုက်ဝင်ရောက် တားမြစ်ခြင်း မပြုဘဲ သက်ဆိုင်ရာ ဂိုဏ်းနာယကအား အရေးယူရန် အကြောင်းကြားလျှောက်ထားရမည် ဖြစ်ပါသည် ဘုရား။ ဤသို့ မဆိုင်သည်ကို ဝင်ရောက်ဆောင်ရွက်ခြင်းမှာ ပြဿနာကို ကြီးထွားလာစေနိုင်ပါသည် ဘုရား။ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ နေထိုင်သီတင်းသုံးကြရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များနှင့် မြို့နယ်သံဃနာယကအဖွဲ့များက ကြီးကြပ်ဆောင်ရွက်တော်မူကြပါဘုရား။ ဝိနည်း သိက္ခာပုဒ်တော်နှင့်အညီ သီတင်းသုံးနေထိုင်ပါက

http://www.dhammadownload.com

ကြည်ညိုစရာ ကောင်းလှပါသည် ဘုရား။ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့မှာ အောက်အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု မှန်ကန်ခြင်း ရှိမရှိ ကြီးကြပ်၍ ဆောင်ရွက်သင့်သော ကိစ္စများကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြဖို့ နှိုးဆော်ခြင်း၊ ညွှန်ကြားခြင်း ပြုလုပ်ရန် ဖြစ်ပါသည် ဘုရား။ ပြေငြိမ်းခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားလိုသည်မှာ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်းပြီး ဖြစ်ပွားသော အငြင်းပွားမှုမျိုးကိုသာ ပြေငြိမ်းရမည် ဖြစ်ပါသည် ဘုရား။ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲမှုမျိုးကို ပြေငြိမ်းသည် ဆိုပါက အုပ်ထေမှောက်ထေသဘော သက်ရောက်သွားမည် ဖြစ်ပါသည် ဘုရား။ အမှန်မှာ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲရာ၌ သံဃဝိနိစ္ဆယအဖွဲ့၏ အဆုံးအဖြတ်ကို ရယူသင့်ပါသည် ဘုရား။ ဆုံးဖြတ်ချက်ရှိမှသာ ထိုပုဂ္ဂိုလ်နှင့် သက်ဆိုင်သည့် မှတ်တမ်း ကျန်ရစ်မည် ဖြစ်ပါသည် ဘုရား။ သူ့အလိုအလျောက် လူဝတ်လဲသော်လည်း သံဃဝိနိစ္ဆယအဖွဲ့၏ ပါရာဇိကကျကြောင်း အဆုံးအဖြတ်ရှိထားရန် လိုအပ်ပါသည်ဘုရား။ တပည့်တော်တို့ သာသနာမှာ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်နေသဖြင့် ငါးပုပ်ကို စူးနှင့်ထိုးပြီး ရွေးနေရပါသည် ဘုရား။ ယခုအချိန် အထိ တပည့်တော်တို့ ဆောင်ရွက်ပြီးခဲ့သမျှ အမှားအယွင်း မရှိသေးပါ ဘုရား။ သတင်းရရှိပါက ဒုဿီလပုဂ္ဂိုလ် ဟုတ်-မဟုတ် တစ်လ နှစ်လ စုံစမ်းပြီး သက်သေခိုင်လုံမှသာ သံဃဝိနိစ္ဆယအဖွဲ့ ရှေ့မှောက်သို့ ပို့ပေးခဲ့ပါသည် ဘုရား။ သာသနာတော်တွင်း ဝင်ရောက်ဖျက်ဆီးနေသည်ကို ဆရာတော်တို့ကိုယ်တိုင်က ပိုင်းဝန်းဖော်ထုတ်၍ သာသနာ သန့်ရှင်း စင်ကြယ်အောင် ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com

# သံဃနာယကတာဝန်စု

## အပိုင်း (၁)

## ရွေးချယ်ဖွဲ့စည်းရေး

## အခန်း (၁)

### ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်ရန် သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၄) အပိုဒ် ၂၁၊ အခန်း (၅) အပိုဒ် ၃၉၊ အခန်း (၁၁)၊ အပိုဒ် ၈၁၊ အခန်း (၁၉)၊ အပိုဒ် ၁၀၇။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများအခန်း (၂) အပိုဒ်-၃၊ အခန်း (၃) အပိုဒ်-၇ မှ ၁၃-အထိ၊ အခန်း (၁၂) အပိုဒ်-၈၈၊ ၉၁ (င) ၉၂။

### ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်းအလိုက် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးရမည်။

၂။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့များကို သက်ဆိုင်ရာ ပြည်နယ် / တိုင်းအတွင်းရှိ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် ပြည်နယ်/တိုင်း သံဃနာယကဆရာတော်များဖြင့်

http://www.dhammadownload.com

ဖွဲ့စည်းပေးရမည်။ ထိုအဖွဲ့၌ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်ကို ရွေးချယ်သတ်မှတ်ရမည်။

၃။ ပြည်နယ်/တိုင်းသံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့များသည် အခြေခံဒေသအလိုက် ကြီးကြပ်ရေး အဖွဲ့ငယ်များကို ဖွဲ့စည်းပေးရမည်။

၄။ ထိုအဖွဲ့ငယ်များကို အနည်းဆုံး မိမိတို့အဖွဲ့ဝင် ဆရာတော် ၃-ပါးဖြင့် ဖွဲ့စည်းပေးရမည်။

၅။ နယ်ပယ်ဒေသကျယ်ဝန်း၍ သွားလာရေးခက်ခဲသော အခြေခံ ဒေသ များ၌ အဖွဲ့ငယ် ၂-ခု၊ သို့မဟုတ် ၃-ခုကို သင့်လျော်သော ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် ဆရာတော်များ ထပ်မံဖြည့်စွက်၍ မိမိတို့ အဖွဲ့ဝင် အနည်းဆုံး ၂-ပါး ပါဝင်စေလျက်ဖွဲ့စည်းရမည်။

၆။ အဖွဲ့ငယ်များ၌ ခေါင်းဆောင်ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်ကို ရွေးချယ်သတ်မှတ်ရမည်။

၇။ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မှု ကြီးကြပ်ရေး အဖွဲ့ နှင့် အဖွဲ့ငယ်များ၏ သက်တမ်းသည် သံဃသမ္မုတိ-ရ သံဃာ့ ကိုယ်စားလှယ် အသစ်ကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က အတည်ပြုပြီးသည် အထိဖြစ်သည်။

## ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများ

၁။ ပြည်နယ်/တိုင်း သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်သည် အခြေခံဒေသအလိုက် ဖွဲ့စည်း ထားသော ကြီးကြပ်ရေး အဖွဲ့ငယ်များစာရင်းကို နိုင်ငံတော် သံဃမဟာ- နာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့ရမည်။

http://www.dhammadownload.com

၉။ ရွေးချယ်ပွဲများပြုလုပ်မည့် နေ့ရက်၊ နေရာ၊ ဒေသနှင့် အစီအစဉ်များကို သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့ရမည်။

၁၀။ ရွေးချယ်မှုနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြဿနာများကို အဖွဲ့ဝင်များသည် မိမိတို့အဖွဲ့ဝင်ပုဂ္ဂိုလ်များ စုံညီစွာ စည်းဝေး၍ ဖြေရှင်းဆုံးဖြတ်ရမည်။ ထိုဖြေရှင်းဆုံးဖြတ်ချက်များကို ပြည်နယ်/တိုင်း သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

၁၁။ အဖွဲ့ဝင်များသည် မိမိတို့ဖြေရှင်းမရသော ပြဿနာများကို ပြည်နယ်/တိုင်း သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။ ထိုပြဿနာကို ပြည်နယ်/တိုင်း သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ စုံညီအစည်းအဝေးက ဖြေရှင်းဆုံးဖြတ်ပေးရမည်။ ထိုဖြေရှင်းဆုံးဖြတ်ချက်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့၍ အတည်ပြုချက်ရယူရမည်။

၁၂။ ရွေးချယ်ပွဲအတွက် ဝါဆိုသံဃာစာရင်းဝင် ရဟန်းတော်များ၏ ဘွဲ့တော်၊ ကျောင်းတိုက်၊ သာသနာဝင်မှတ်တမ်း နံပါတ်နှင့် လက်မှတ်ထိုးရန် ဇယားများပါရှိသော စာရင်း(၄) ဆောင်ကို ပြုစုရမည်။

၁၃။ ရွေးချယ်ပွဲအတွက် မြို့နယ်သံဃာကုန် အစည်းအဝေးမကျင်းပမီ ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်နိုင်သည်။ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလ[illegible] [illegible]ရေးခံရစေရန် မည်သူမျှ

http://www.dhammadownload.com

မဲဆွယ်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း မပြုရ ကြီးကြပ်ရေးအဖွဲ့ငယ်၏ ကြီးကြပ်မှုအောက်၌သာ ညှိနှိုင်းမှုများ ပြုလုပ်ရမည်။

၁၄။ သက်ဆိုင်ရာ မြို့နယ်အလိုက် သတ်မှတ်ပေးထားသော သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်အရေအတွက်ပေါ်တွင် မူတည်၍ စာသင်တိုက်ကြီးများအလိုက်၊ ကျောင်းအုပ်စုအလိုက် ရသင့်သော သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်အရေအတွက်ကို ခွဲဝေလျာထား သတ်မှတ်ပေးနိုင် သည်။

၁၅။ အချို့သော ကျောင်းတိုက်ကြီးများတွင် နှစ်ပက္ခကွဲပြားနေပါက ထိုကျောင်းတိုက်အတွက် ခွဲဝေသတ်မှတ်ထားသော သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် အရေအတွက်ကို ခွဲဝေလျာထား သတ်မှတ်ပေးနိုင် သည်။

၁၆။ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မှု ကြီးကြပ်ရေး အဖွဲ့ငယ်သည် သံဃာမညီမညွတ် ကွဲပြားနေသော မြို့နယ်များ၌ သံဃာ ညီညွတ်ရေးရရှိအောင် ဆောင်ရွက်ပြီးမှ ရွေးချယ်ပွဲ ကျင်းပပြုလုပ်ရ မည်။

၁၇။ သံဃာကွဲပြားမှု နှစ်ပက္ခထက် ပိုမိုနေသော မြို့နယ်များ သို့မဟုတ် ကျောင်းတိုက်ကြီးများ၌ ရွေးချယ်ပွဲကို လုံးဝမပြုလုပ်ရ။

၁၈။ သံဃာကွဲပြားမှုသည် သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်ပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေမရှိလျှင်သော် လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည့် အခြေအနေရှိလျှင်သော်လည်းကောင်း သက်ဆိုင်ရာမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ ရွေးချယ်ပွဲကို သံဃာ့ညီညွတ်ရေး ရသည့်အထိ ရွှေ့ဆိုင်းရမည်။

http://www.dhammadownload.com

**ရွေးချယ်ပွဲစည်းကမ်းများ**

၁၉။ ရွေးချယ်ပွဲ ပြုလုပ်မည့် နေ့ရက်၊ အချိန်၊ နေရာဒေသကို (၁)လ ကြိုတင်၍ ကြေညာရမည်။

၂၀။ ဝါဆိုသံဃာစာရင်းဝင် ရဟန်းများထံသို့ ပင့်လျှောက်လွှာကို ရွေးချယ်ပွဲပြုလုပ်မည့် နေ့ရက်၊ အချိန်၊ နေရာဒေသတို့ကို ဖော်ပြလျက် အနည်းဆုံး ၇-ရက်ကြိုတင်၍ပေးပို့ရမည်။

၂၁။ ထိုရွေးချယ်ပွဲအစည်းအဝေးသို့ သက်ဆိုင်ရာဝါဆိုသံဃာ စာရင်းဝင်သော ရဟန်းတော်များသာ တက်ရောက်ခွင့် ရှိသည်။

၂၂။ အစည်းအဝေးတက်ရောက်သော ရဟန်းတော်များသာလျှင် သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်အဖြစ် အရွေးခံခြင်း၊ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း ကန့်ကွက်ခြင်း ပြုနိုင်သည်။

၂၃။ ကြီးကြပ်ရေးအဖွဲ့ငယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့နယ်၌ နီးစပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် ရွေးချယ်ပွဲ အစည်းအဝေးကို (၃)နေရာ၊ သို့မဟုတ် (၄) နေရာ ခွဲ၍ ကျင်းပနိုင် သည်။ ထိုအစည်းအဝေး အသီးသီးက တစ်နေရာလျှင် အုပ်စုကိုယ်စားလှယ် နှစ်ပါးစီကို ဆန္ဒပေး၍ မြို့နယ်ရွေးချယ်ပွဲ အစည်းအဝေးသို့ စေလွှတ်ရမည်။

၂၄။ မြို့နယ်ရွေးချယ်ပွဲ အစည်းအဝေးကို ထိုအုပ်စုကိုယ်စားလှယ် သံဃာတော်များဖြင့် ကျင်းပရမည်။ အုပ်စုကိုယ်စားလှယ် သံဃာတော်များသည် အုပ်စု အစည်းအဝေးက ဆန္ဒပေးသော ရဟန်းတော်များ၏ စာရင်းနှင့် လက်မှတ်ရေးထိုးချက်များကို အစည်းအဝေး၌ တင်ပြရမည်။

http://www.dhammadownload.com

၂၅။ ရွေးချယ်ပွဲအစည်းအဝေးသို့ တက်ရောက်လာသော ရဟန်းတော်များကို သတ်မှတ်ထားသော စာရွက်၌ ကိုယ်တိုင် လက်မှတ်ရေးထိုးစေရမည်။

၂၆။ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်ရေး အစည်းအဝေးသို့ မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ဝါဆိုသံဃာစာရင်းဝင် ရဟန်းတော် စုစုပေါင်း ၇၅-ရာခိုင်နှုန်းတက်ရောက်ရမည်။

**မှတ်ချက်** ။ ။ ဆန္ဒပေးသော ရဟန်းတော်များ စာရင်းကိုလည်း တက်ရောက် စာရင်း၌ပင် ထည့်သွင်းရမည်။

၂၇။ ကြီးကြပ်ရေးအဖွဲ့ငယ်၏ ခေါင်းဆောင်ဆရာတော်သည် အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်၍ အကျိုးတော်ဆောင် ဆရာတော်သည် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ရမည်။

၂၈။ အစည်းအဝေးဖွင့်လှစ်ပြီးလျှင် သဘာပတိဆရာတော်သည် အဖွင့်မိန့်ခွန်းမြွက်ကြားရမည် ထို့ပြင် အစည်းအဝေး ပြီးသောအခါလည်း နိဂုံးချုပ်မိန့်ခွန်းမြွက်ကြား၍ အစည်းအဝေးရုပ်သိမ်းပေးရမည်။

၂၉။ အခမ်းအနားမှူးဆရာတော်သည် သက်ဆိုင်ရာမြို့နယ်အတွက် အချိုးကျ သတ်မှတ်ရရှိထားသော သံဃသမ္မုတိ-ရ သံဃာကိုယ်စားလှယ် အရေအတွက်ကိုလည်းကောင်း၊ သံဃာ့ကိုယ် စားလှယ်၏ အရည်အချင်း သတ်မှတ်ချက်ကိုလည်းကောင်း၊ ရွေးချယ်ရေးစည်းမျဉ်း စည်းကမ်းများကို လည်းကောင်း ဖတ်ပြကြေညာရမည်။

၃၀။ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ကို တစ်ပါးချင်း ဘွဲ့အမည် စာရင်း တင်သွင်းခြင်း၊ ထောက်ခံခြင်း၊ အတည်ပြုခြင်းများ ပြုလုပ်ရမည်။

http://www.dhammadownload.com

ထိုသို့ပြုလုပ်ရာ၌ သတ်မှတ်ထားသော အရေအတွက်အရ တစ်နေရာပြီးမှ တစ်နေရာပြုလုပ်ရမည်။

၃၁။ အဆိုတင်သွင်းသူ ထောက်ခံသူနှင့် ကိုယ်စားလှယ်တို့၏ ဘွဲ့ အမည်ကို သတ်မှတ်ထားသည့်ပုံစံ၌ ချက်ချင်းဖြည့်သွင်းရေးသားရမည်။

၃၂။ သတ်မှတ်သည့် အရည်အချင်း မပြည့်မီသော ကိုယ်စားလှယ်လောင်းကို ကြီးကြပ်ရေးအဖွဲ့ ငယ်က ခွင့်မပြုဘဲ ပယ်ချရမည်။

၃၃။ တစ်နေရာစီအတွက် တစ်ပါးချင်းကို "သဘောတူပါက" ဆိတ်ဆိတ်နေပါရန် သုံးကြိမ်တိုင်တိုင် သံဃာကို ပန်ကြား၍လည်းကောင်း၊ သာဓုသုံးကြိမ်ခေါ်စေ၍ သော်လည်းကောင်း အတည်ပြုချက်ရယူရမည်။

၃၄။ ဤနည်းဖြင့် လိုအပ်သော ကိုယ်စားလှယ်အရေအတွက် အပြည့်ရရှိသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်ရမည်။

၃၅။ ရွေးချယ်ခြင်းခံရသော သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်၏ ဘွဲ့တော်၊ အသက်၊ သိက္ခာ၊ ကျောင်းတိုက် လိပ်စာနှင့် ပရိယတ္တိ ပညာ အရည်အချင်းများကို စာရင်းပြုစု၍ နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ ဗဟိုဌာနချုပ်သို့ ပို့ပေးရမည်။

၃၆။ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် အသိအမှတ်ပြုလွှာ၌ လိုအပ်သည်တို့ကို ဖြည့်သွင်း လက်မှတ်ရေးထိုး၍ ရွေးချယ်ခြင်းခံရသော ဆရာတော်အသီးသီးအား ပေးအပ်ရမည်။

၃၇။ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ပုံစံ၌ ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့က လက်မှတ်ရေးထိုး၍ ယင်းရွေးချယ်ပုံစံ ကျောဘက်ပါ အတိုင်းပေးပို့ရမည်။

http://www.dhammadownload.com

၃၈။ သုဓမ္မာဂိုဏ်းမှ တစ်ပါး အခြားဂိုဏ်းများသည် မိမိတို့ဂိုဏ်းအတွက် ရရှိထားသော သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်များကို မိမိတို့ ဂိုဏ်းအစီအစဉ်အရ ရွေးချယ်ရမည်။

၃၉။ ထိုသို့ရွေးချယ်ရာ၌ ရွေးချယ်ပုံအစီအစဉ်၊ ရွေးချယ်ခြင်းခံရသော သံဃာ့ကိုယ်စားလှယ်များ၏ ဘွဲ့၊ အသက်၊ သိက္ခာ၊ ကျောင်းတိုက်၊ ပရိယတ္တိပညာအရည်အချင်းများ ပါဝင်သောစာရင်းနှင့် ရွေးချယ်ပွဲ အစည်းအဝေး မှတ်တမ်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟို ဌာနချုပ်သို့ ပေးပို့ရမည်။

http://www.dhammadownload.com

# အခန်း(၂)

# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၄) အပိုဒ် ၂၈၊ အခန်း (၅) အပိုဒ် ၃၇၊ အခန်း (၁၁)၊ အပိုဒ် ၈၂ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၄) အပိုဒ် ၁၄ မှ ၂၄ အထိ၊ အခန်း (၁၂) အပိုဒ် ၈၆၊ ၉၂။

၄၀။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများဖြင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄၁။ ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ်/တိုင်း အလိုက် ဂိုဏ်းအလိုက် သတ်မှတ်ခွဲဝေထားသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အရေအတွက် ကို အခြေခံဒေသအလိုက် သင့်လျော်သလို ထက်မံခွဲဝေ သတ်မှတ်နိုင် သည်။

၄၂။ ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ်/တိုင်း အလိုက် ဂိုဏ်းအလိုက် အခြေခံဒေသအလိုက် အကြိုညှိနှိုင်းပွဲများ ပြုလုပ်၍ နိုင်ငံတော်ဗဟို- သံဃာ့ဝန်ဆောင်များကို တစ်နေရာချင်း လျာထားသတ်မှတ်နိုင်သည်။

၄၃။ ထိုညှိနှိုင်းပွဲ၌ အကြိမ်ကြိမ်ညှိနှိုင်း၍ သဘောတူမှု မရရှိပါက လျှို့ဝှက်စနစ်ဖြင့် သံဃဆန္ဒ ရယူရမည်။

http://www.dhammadownload.com

## လျှို့ဝှက်သံဃဆန္ဒ ရယူခြင်း

၄၄။ လျှို့ဝှက် သံဃဆန္ဒခံယူရာ၌ " သက်ဆိုင်ရာ အခြေခံဒေသမှ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်များ အနည်းဆုံး ၇၅-ရာခိုင်နှုန်း တက်ရောက်ရမည်။

**မှတ်ချက်** ။ ။ ဆန္ဒပေး သံဃာတော်များကိုလည်း တက်ရောက် သံဃာတော်များ စာရင်း၌ ထည့်သွင်းရေတွက်ရမည်။

၄၅။ သက်ဆိုင်ရာ အခြေခံဒေသမှ သံဃသမ္မုတိ-ရ သံဃာ့ ကိုယ်စားလှယ်များ၏ များရာဆန္ဒဖြင့်သာ ရွေးချယ်ခံရခြင်းကို အတည်ပြုရမည်။

၄၆။ သက်ဆိုင်ရာ အခြေခံဒေသမှ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စား လှယ် များသာလျှင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် သံဃဆန္ဒ ခံယူခြင်း သံဃဆန္ဒပေးခြင်းကို ပြုလုပ်နိုင်သည်။

၄၇။ လျှို့ဝှက် သံဃဆန္ဒ ယူမည့်အကြောင်းကို သက်ဆိုင်ရာ သံဃ သမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်များ သိရှိအောင် ကြေညာ၍ လျှို့ဝှက်စနစ် သံဃဆန္ဒပေးပုံ ပေးနည်းနှင့် လိုက်နာရမည့် စည်းကမ်းများကို ဖတ်ပြ လျှောက်ထားရမည်။

၄၈။ သက်ဆိုင်ရာ အခြေခံဒေသမှ သံဃသမ္မုတိ-ရ သံဃာကိုယ်စား လှယ် များသည် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ လက်မှတ်ရေးထိုး ထားသော ဆန္ဒပေးပုံစံ စာရွက်ကို တစ်ပါးလျှင် တစ်ရွက်ကျ လက်မှတ်ရေးထိုး ထုတ်ယူရမည်။

၄၉။ ဆန္ဒပေးပုံစာရွက်၌ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆန္ဒပေးလိုသော ပုဂ္ဂိုလ်များ၏ အမှတ်စဉ်နှင့် ဘွဲ့အမည်များကို သတ်မှတ် ထားသည့် အရေအတွက်ထက် မပိုလွန်စေဘဲ ဖြည့်သွင်းရေးသားရမည်။

http://www.dhammadownload.com

၅၀။ သတ်မှတ်ထားသည့် အရေအတွက်ထက် ပိုလွန်၍ ဘွဲ့အမည်များ ရေးသားထားသော်လည်းကောင်း၊ အမှတ်စဉ်နှင့် ဘွဲ့အမည်ကို မပြည့်မစုံ မပီမသ ရေးသားထားသော်လည်းကောင်း၊ ဆန္ဒပေးစာရွက်ပေါ်၌ လက်မှတ်ထိုးခြင်း စသည်ဖြင့် တစ်စုံတစ်ရာ အမှတ်အသား အစွန်းအထင်းပြုလုပ်ထားသော်လည်းကောင်း မိမိနှစ်သက်သော ပုဂ္ဂိုလ်၏ ဘွဲ့အမည်ကို အခြားသူများ ကြားလောက်အောင်ထုတ်ဖော် ပြောဆို ရွတ်ဆိုသော်လည်းကောင်း ထိုပုဂ္ဂိုလ်၏ဆန္ဒကို ထည့်သွင်း မရေတွက်ဘဲ ပယ်ဖျက်ရမည်။

**မှတ်ချက်** ။ ။ ဤလက်စွဲအပိုဒ် ၄၈၊ ၄၉၊ ၅၀ လာ နည်းလမ်းမှ တစ်ပါး အခြားလွယ်ကူသိသာသော လျှို့ဝှက်သံဃ ဆန္ဒပေးနည်းကိုလည်း အသုံးပြုနိုင်သည်။

၅၁။ အကြိုညှိနှိုင်းပွဲ၌ လျာထား သတ်မှတ်ထားသည့်အတိုင်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဝင်အဖြစ် ဘွဲ့အမည်စာရင်းတင်သွင်း၍ အတည်ပြုချက် ရယူရမည်။

၅၂။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဝင်များသည် အစည်းအဝေး ကျင်းပ၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၄) အပိုဒ် ၂၈ (ခ) အရလည်းကောင်း၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ အခန်း(၄) အပိုဒ်၁၈-မှ ၂၄-အထိ အပိုဒ်များအရ လည်း ကောင်း၊ ဥက္ကဋ္ဌဆရာတော်တစ်ပါး၊ ဒုတိယဥက္ကဋ္ဌဆရာတော် ၆-ပါး၊ အကျိုးတော်ဆောင် ဆရာတော်တစ်ပါးနှင့် တွဲဖက်အကျိုး တော်ဆောင် ဆရာတော် ၆-ပါးတို့ကို ရွေးချယ်ရမည်။

http://www.dhammadownload.com

# အခန်း(၃)

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၄) အပိုဒ် ၂၉၊ အခန်း(၅) အပိုဒ် ၃၇၊ အခန်း (၁၁) အပိုဒ် ၈၆။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၅) အပိုဒ် ၂၅မှ ၃၁ အထိ။

၅၃။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၌လည်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ ဖြစ်ကြသည်။

၅၄။ ကျန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် (၃၃) ပါးကို ပြည်နယ်/ တိုင်းအလိုက်/ ဂိုဏ်းအလိုက် ကြိုတင်ညှိနှိုင်းလျာထားရမည်။

၅၅။ အကြိမ်ကြိမ် ညှိနှိုင်း၍ မရပါက သက်ဆိုင်ရာပြည်နယ်/တိုင်း အလိုက်/ ဂိုဏ်းအလိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ စည်းဝေး၍ လျှို့ဝှက် သံဃဆန္ဒရယူရမည်။

၅၆။ ထိုသို့လျှို့ဝှက် သံဃဆန္ဒရယူရာ၌ သက်ဆိုင်ရာ ပြည်နယ်/ တိုင်း အလိုက်/ ဂိုဏ်းအလိုက် ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော် အားလုံး ကြွရောက်ဆန္ဒပေးစေရန် စီစဉ်ဆောင်ရွက် ရမည်။ ၇၅-ရာနိုင်နှုန်း တက်ရောက်ပါက အစည်းအဝေးထမြောက် အောင်မြင်သည်။

http://www.dhammadownload.com

၅၇။ လျှို့ဝှက်သံဃဆန္ဒ ပေးပုံပေးနည်းနှင့် လိုက်နာရမည့် စည်းကမ်းများကို ဖတ်ပြလျှောက်ထားရမည်၊ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းအလိုက်/ ဂိုဏ်းအလိုက် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား လက်မှတ်ရေးထိုးစေ၍ သတ်မှတ်ထားသော ဆန္ဒပေးပုံစံစာရွက် တစ်ပါးလျှင် တစ်ရွက်ကျ ထုတ်ပေးရမည်။

၅၈။ ဆန္ဒပေးပုံစံစာရွက်၌ နိုင်ငံတော်သံဃမဟာနာယက အဖြစ် တင်သွင်း လိုသော ပုဂ္ဂိုလ်၏အမှတ်စဉ်နှင့် ဘွဲ့အမည်များကို သတ်မှတ်ထားသည့် အရေအတွက်ထက် မပိုလွန်စေဘဲ ဖြည့်သွင်းရေးသားရမည်။

၅၉။ သတ်မှတ်ထားသည့် အရေအတွက်ထက်ပိုလွန်၍ ဘွဲ့အမည်များ ရေးသားထားသော်လည်းကောင်း၊ အမှတ်စဉ်နှင့် ဘွဲ့အမည်ကို မပြည့်မစုံ မပီမသ ရေးထားသော်လည်းကောင်း၊ ဆန္ဒပေးစာရွက်ပေါ်၌ လက်မှတ်ရေးထိုးခြင်း စသည်ဖြင့် တစ်စုံတစ်ရာ အမှတ်အသား အစွန်းအထင်း ပြုလုပ်ထားသော်လည်းကောင်း၊ မိမိဆန္ဒပေးမည့် ပုဂ္ဂိုလ်၏ အမည်ကို အခြားသူများ ကြားလောက်အောင် ထုတ်ဖော်ပြောဆို ရွက်ဆိုသော်လည်းကောင်း ထိုပုဂ္ဂိုလ်၏ ဆန္ဒကို ထည့်သွင်းမရေတွက်ဘဲ ပယ်ဖျက်ရမည်။

**မှတ်ချက်** ။ ။ ဤလက်စွဲအပိုဒ် ၅၇၊ ၅၈၊ ၅၉လာ နည်းလမ်းမှတပါး အခြား လွယ်ကူသိသာသော လျှို့ဝှက်သံဃဆန္ဒပေးနည်းကိုလည်း အသုံးပြုနိုင်သည်။

၆၀။ သတ်မှတ်ထားသည့် ပြည်နယ်/တိုင်း ဂိုဏ်းများမှ သက်ဆိုင်ရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာလျှင် သံဃဆန္ဒခံယူခြင်း သံဃဆန္ဒပေးခြင်းကို ပြုလုပ်ရမည်။

http://www.dhammadownload.com

၆၁။ အကြိုညှိနှိုင်းပွဲ၌ လျာထားသတ်မှတ်ထားသည့်အတိုင်း ဥက္ကဋ္ဌ ဆရာတော်က ဘွဲ့အမည်စာရင်းပြုစု၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့အစည်းသို့ တင်သွင်းပြီး အတည်ပြုချက် ရယူရမည်။

http://www.dhammadownload.com

# အခန်း (၄)

## နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအခန်း(၄) အပိုဒ် ၃၀၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၆) အပိုဒ် ၃၂၊ ၃၃၊ ၃၄၊ အခန်း(၁၂) အပိုဒ် ၈၅၊ ၉၁၊ (က) ၊ ၉၂။

၆၂။ နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော်များ စာရင်းကို အောက်ပါအတိုင်း အချိုးကျ ခွဲဝေသတ်မှတ်ပါသည်။

| အမှတ်စဉ် | ပြည်နယ် တိုင်း/ဂိုဏ်း | ရဟန်းပေါင်း | ရသင့်သည့် အရေအတွက် |
|---|---|---|---|
| ၁။ | ကချင် | ၁၃၄၃ | ၁ |
| ၂။ | ကယား | ၂၆၀ | ၁ |
| ၃။ | ကရင် | ၄၅၁၈ | ၃ |
| ၄။ | ချင်း | ၇၀ | - |
| ၅။ | စစ်ကိုင်း | ၁၂၃၃၈ | ၁၁ |
| ၆။ | တနင်္သာရီ | ၂၄၇၈ | ၂ |
| ၇။ | ပဲခူး | ၁၀၆၉၆ | ၉ |
| ၈။ | မကွေး | ၁၀၀၁၀ | ၉ |
| ၉။ | မန္တလေး | ၂၀၃၅၁ | ၁၇ |
| ၁၀။ | မွန် | ၉၂၆၄ | ၈ |

http://www.dhammadownload.com

| | | | |
|---|---|---|---|
| ၁၁။ | ရခိုင် | ၃၁၉၂ | ၃ |
| ၁၂။ | ရန်ကုန် | ၁၅၁၀၈ | ၁၃ |
| ၁၃။ | ရှမ်း | ၁၀၂၃၆ | ၉ |
| ၁၄။ | ဧရာဝတီ | ၉၇၆၄ | ၈ |
| ၁၅။ | ရွှေကျင် | ၉၆၀၉ | ၉ |
| ၁၆။ | မဟာဒွါရ | ၁၇၉၅ | ၂ |
| ၁၇။ | ဝေဠုဝန် | ၁၁၅၈ | ၁ |
| ၁၈။ | မူလဒွါရ | ၉၇၃ | ၁ |
| ၁၉။ | မဟာရင် | ၄၂၈ | ၁ |
| ၂၀။ | ငှက်တွင်း | ၃၄၂ | ၁ |
| ၂၁။ | ဂဏဝိမုတ် | ၂၇၅ | ၁ |
| ၂၂။ | အနောက်ချောင်းဒွါရ | ၁၁၁ | ၁ |
| | စုစုပေါင်း | ၁၂၄၃၁၉ | ၁၁၁ |

၆၃။ အချိုးကျခွဲဝေ သတ်မှတ်ထားသော ဦးရေထက် ပို၍မရေးရ။

http://www.dhammadownload.com

# အခန်း(၅)

## ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်နှင့် သံဃနာယကတာ

## သတ်မှတ်ရွေးချယ်ဖွဲ့စည်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၄) အပိုဒ် ၂၂၊ ၂၅၊ အခန်း(၅) အပိုဒ် ၄၂၊ အခန်း (၁၁) အပိုဒ်၈၅၊ ၈၉၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၇) အပိုဒ် ၃၅ မှ ၅၂ အထိ။

၆၄။ ကျောင်းထိုင်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါ အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) သိက္ခာဝါ အနည်းဆုံး(၁၀)ဝါရှိခြင်း၊

(ခ) ကျောင်းထိုင်ဘုန်းကြီးသင်တန်း အောင်မြင်ပြီးခြင်း၊ (သို့မဟုတ်) အစိုးရပါဠိ ပထမပြန်စာမေးပွဲ ပထမငယ်တန်း အောင်မြင်ပြီးဖြစ်ခြင်း (သို့မဟုတ်) ပထမငယ်တန်းနှင့် ညီမျှသော ပရိယတ္တိပညာ အရည်အချင်း နှင့် ပြည့်စုံခြင်း၊

(ဂ) ရပ်ရွာ ဒါယကာ၊ ဒါယိကာမတို့ကို ဓမ္မဝိနယနှင့်အညီ ဟောကြား ဆုံးမတတ်ခြင်း။

(ဃ) ဝိနည်းသိက္ခာပုဒ်နှင့် အညီ ကျင့်သုံးနေထိုင်လေ့ရှိခြင်း။

**မှတ်ချက်။** ။ (ခ) (ဂ) (ဃ) နှင့် ပြည့်စုံပါက အပိုဒ်ခွဲ(က)ကိုလျှော့ပေါ့စဉ်းစားနိုင်သည်။

http://www.dhammadownload.com

၆၅။ ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ ရွေးချယ်ပွဲ ကျင်းပပြုလုပ်မည့်နေ့ရက် အချိန်နှင့် နေရာဒေသကို (၇)ရက်ကြိုတင် သတ်မှတ်ကြေညာရမည်။

၆၆။ ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အသီးသီးထံသို့ ပင့်လျှောက်လွှာကို ရွေးချယ်ပွဲ ပြုလုပ်မည့်နေ့ရက်၊ အချိန်နှင့် နေရာဒေသကို ဖော်ပြလျက် (၃)ရက်ကြိုတင် ပေးပို့ရမည်။

၆၇။ ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့ ဥက္ကဋ္ဌနေရာအတွက် ကြိုတင်ညှိနှိုင်းမှု ပြုနိုင်သည်။

၆၈။ ညှိနှိုင်းမရပါက ထိုဥက္ကဋ္ဌနေရာအတွက် လျှို့ဝှက်သံဃဆန္ဒ ရယူရမည်။

၆၉။ ယှဉ်ပြိုင်အရွေးခံရမည်ပုဂ္ဂိုလ်များ၏ ဘွဲ့အမည်စာရင်းကို ကြိုတင် ကြေညာရမည်။

## လျှို့ဝှက်သံဃဆန္ဒရယူခြင်း

၇၀။ လျှို့ဝှက်သံဃဆန္ဒခံယူရာ၌ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်စု သံဃာ့ဝန်ဆောင် ၇၅ရာခိုင်နှုန်းတက်ရောက်ရမည်။

မှတ်ချက်။ ။ဆန္ဒပေးသော သံဃာတော်များကိုလည်း တက်ရောက် သံဃာတော်များ စာရင်း၌ပင် ထည့်သွင်းရေတွက်ရမည်။

၇၁။ လျှို့ဝှက် သံဃဆန္ဒ ခံယူမည့်အကြောင်းကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များ သိရှိအောင် ကြေညာ၍ လျှို့ဝှက် သံဃဆန္ဒပေးပုံပေးနည်းနှင့် လိုက်နာရမည့် စည်းကမ်းများ ဖတ်ကြားလျှောက်ထားရမည်။

http://www.dhammadownload.com

၇၂။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် တစ်ပါးလျှင် ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ လက်မှတ်ရေးထိုးထားသော ဆန္ဒပေး ပုံစံစာရွက်တစ်ရွက်ကျစီ ထုတ်ပေးရမည်။

၇၃။ သံဃဆန္ဒပေးပုံစံစာရွက်၌ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် မိမိတင်မြှောက်လိုသည့် ပုဂ္ဂိုလ်၏ ဘွဲ့အမည်ကို အပြည့်အစုံ ပီသစွာ ဖြည့်သွင်းရေးသားရမည်။

၇၄။ သံဃဆန္ဒပေးပုံစံကို အခြားသူများ လှမ်း၍ဖတ်မကြည့်နိုင်သောနေရာ၌နေ၍ ဖြည့်သွင်းရေးသားရမည်။ ဖြည့်သွင်းပြီးသော သံဃဆန္ဒပေးပုံစံစာရွက် အသီးသီးကို သတ်မှတ်ထားသော ပုံးတစ်ခု၌ လာရောက်ထည့်ကြရမည်။

၇၅။ သံဃဆန္ဒပေးသော ပုံစံစာရွက်သည် ကြီးနေသဖြင့် ခေါက်ရမည်ဆိုပါက ကန့်လန့်ဖြတ် ၂-ကြိမ် ၄-ထပ်ခေါက်ပြီးမှ ပုံးအတွင်းထည့်ကြရမည်။

၇၆။ သတ်မှတ်ထားသည့် အချိန်စေ့သော်လည်းကောင်း၊ သံဃဆန္ဒပေးပိုင်ခွင့် ရှိသော ပုဂ္ဂိုလ်အားလုံး စုံညီစွာ ဆန္ဒပေးပြီးသော်လည်းကောင်း ထိုသံဃဆန္ဒပေး ပုံးကို သံဃာ၏ ရှေ့မှောက်၌ ဖွင့်ရမည်။

၇၇။ ထုတ်ပေးသော သံဃဆန္ဒပေး ပုံစံစာရွက်နှင့် ပုံးအတွင်းမှ ရရှိသောပုံစံစာရွက်များ အရေအတွက် ကိုက်ညီမှု ကွာခြားမှု ရှိ-မရှိကို စစ်ဆေးမှတ်တမ်းတင်ရမည်။ ထုတ်ပေးသော အရေအတွက်ထက် ပိုနေသောပုံစံစာရွက် တွေ့ရှိပါက ယင်းပုံစံစာရွက်ကို စိစစ်၍ ပယ်ဖျက်ရမည်။

၇၈။ ပုံးအတွင်းမှရရှိသော သံဃဆန္ဒပေး ပုံစံစာရွက်များကို တစ်ရွက်ချင်းစိစစ်၍ ယှဉ်ပြိုင်အရွေးခံသူများ (သို့မဟုတ်) ၎င်းတို့၏ ကိုယ်စားလှယ်များရှေ့မှောက်၌ ရေတွက်ရမည်။

http://www.dhammadownload.com

၇၉။ မိမိဆန္ဒပေးလိုသော ပုဂ္ဂိုလ်၏ဘွဲ့အမည်ကို မပြည့်မစုံ မပီမသ ရေးသားထားသော ပုံစံစာရွက်နှင့် လက်မှတ်ရေးထိုးခြင်း စသည်ဖြင့် တစ်စုံတစ်ရာအစွန်းအထင်းအမှတ်အသား ပြုလုပ်ထားသော ပုံစံစာရွက်များကို ထည့်သွင်း မရေတွက်ဘဲ ပယ်ဖျက်ရမည်။

**မှတ်ချက်** ။ ။ ဤလက်စွဲအပိုဒ် (၇၂)မှ (၇၉) အထိလာ နည်းလမ်းမှ တစ်ပါးအခြား လွယ်ကူသိသာသော လျှို့ဝှက် သံဃဆန္ဒ ပေးနည်း ကိုလည်း အသုံးပြုနိုင်သည်။

၈၀။ ရွေးချယ်ခံရသော ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက စာရင်းကို သတ်မှတ်သော ပုံစံ၌ ဖြည့်သွင်း၍ ကြီးကြပ်ရေးအဖွဲ့က လက်မှတ် ရေးထိုးပြီးလျှင် ယင်းပုံစံ ကျောဘက်ပါအတိုင်း ပေးပို့ရမည်။

၈၁။ ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် စာရင်းကို သတ်မှတ်သော ပုံစံကျောဘက်ပါ အတိုင်း အသီးသီးပေးပို့ရမည်။

၈၂။ ကြီးကြပ်ရေးအဖွဲ့သည် ဤသံဃဆန္ဒ ရယူနည်းဖြင့် ရွေးချယ်ခြင်းကို မလွဲမရှောင်သာမှ ကျင့်သုံး၍ တတ်နိုင်သမျှ ရှောင်ရှားရမည်။ ရွေးချယ်၍ မရပါက သက်ဆိုင်ရာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေးကို ရွှေ့ဆိုင်း နိုင်သည်။

၈၃။ သုဓမ္မာဂိုဏ်းမှတစ်ပါး အခြားဂိုဏ်းများသည် သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများနှင့် အညီ အဆင့်တူ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကများကို သတ်မှတ်ပေးထားရမည်။

http://www.dhammadownload.com

# ရပ်ကွက်/ကျေးရွာအုပ်စု စုပေါင်းသံဃနာယကအဖွဲ့ သတ်မှတ်ရွေးချယ်ခြင်း

၈၄။ တွဲဖက်စုပေါင်း ဖွဲ့စည်းထားသော ရပ်ကွက်/ကျေးရွာ အုပ်စုများသည် မြို့နယ်ဝန်ဆောင် ရွေးချယ်ရာတွင် ယခင် ဒုတိယအကြိမ် ရွေးချယ်ခဲ့သည့် မူအတိုင်း သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်း ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ်၅၃(က) (ခ) (င)နှင့်အညီ သတ်မှတ် ရွေးချယ်နိုင်ခွင့်ရှိသည်။ မြို့နယ်သံဃာ့ ဝန်ဆောင် ရွေးချယ်ရေး အတွက် ပြောင်းလွဲမှုမရှိဟု မှတ်ယူရမည်။

၈၅။ ၁-ကျောင်း၊ ၂-ကျောင်း၊ ၃-ကျောင်းရှိ မပြည့်မီသော ရပ်/ကျေး အုပ်စုများက ၄-ကျောင်းနှင့် အထက်ရှိ ပြည့်မီသော ရပ်/ကျေး အုပ်စုနှင့် နီးစပ်သင့်လျော်သလို တွဲဖက်၍သော်လည်းကောင်း၊ မပြည့်မီ သော ရပ်/ကျေး အုပ်စုချင်း နီးစပ်သင့်လျော်သလို စုပေါင်း၍သော်လည်းကောင်း ပူးပေါင်းဖွဲ့စည်းနိုင်သည်

၈၆။ စုပေါင်း ရပ် /ကျေး သံဃနာယကအဖွဲ့များသည် ဥက္ကဋ္ဌ/ အကျိုးတော်ဆောင်များကို စွမ်းဆောင်နိုင်သော ဆရာတော်များအား ဦးစားပေး၍ မျှတအောင်ရွေးချယ်ရမည်။

၈၇။ စုပေါင်း ရပ်/ကျေး သံဃနာယကအဖွဲ့ရုံးတည်ရာ ဌာနနှင့် ဆိုင်းဘုတ်ကို ဥက္ကဋ္ဌ (သို့မဟုတ်) အကျိုးတော်ဆောင်(သို့မဟုတ်) မိမိတို့အဖွဲ့ အများစု နှစ်သက်ရာ၌ ထားရှိနိုင်သည်။

၈၈။ ရပ်/ကျေးအုပ်စု စုပေါင်း သံဃနာယကအဖွဲ့များ၏ တံဆိပ်တုံး နှင့် ဆိုင်းဘုတ် စာသား နမူနာမှာ ဖော်ပြလတ္တံ့ပါအတိုင်းဖြစ်သည်။

http://www.dhammadownload.com

စုပေါင်းကျေးရွာအုပ်စု သံဃနာယကအဖွဲ့
(ညောင်မြင့်ကျေးရွာအုပ်စုနှင့် မောက်လောက်ကျေးရွာအုပ်စု)
မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်း။

- စုပေါင်းကျေးရွာအုပ်စု သံဃနာယကအဖွဲ့
(ပေါက်ချောင်းရပ်ကွက်နှင့် နန်းတော်ကုန်းရပ်ကွက်)
မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်း။

- စုပေါင်းကျေးရွာအုပ်စု သံဃနာယကအဖွဲ့
(မြေနီကုန်း၊ ဆင်ဖြူကျွန်း၊ ထိန်ပင်၊ ဇုက္ကရဲကျေးရွာအုပ်စု)
သထုံမြို့နယ်၊ မွန်ပြည်နယ်။

၈၉။ မိမိတို့မြို့နယ်အလိုက် နားလည်နိုင်မည့် နည်းလမ်းများနှင့် အတိုကောက် သင်္ကေတများကိုလည်း ပြုလုပ်နိုင်သည်။

- စုပေါင်းကျေးရွာအုပ်စု သံဃနာယကအဖွဲ့
(မြေ၊ ဆင်၊ ထိန်၊ ဇုက်ကျေးရွာအုပ်စု)
သထုံမြို့နယ်၊ မွန်ပြည်နယ်။

http://www.dhammadownload.com

# အခန်း(၆)

## မြို့နယ် သံဃာ့ဝန်ဆောင်/သံဃနာယက/ဩဝါဒါစရိယ သတ်မှတ် ရွေးချယ် ဖွဲ့စည်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၃) အပုဒ် ၁၉ (က) (ခ)၊ အခန်း (၄) အပိုဒ် ၂၃၊ ၂၆၊ အခန်း (၅) အပိုဒ် ၄၁၊ ၄၂၊ အခန်း (၁၁) အပိုဒ် ၈၄၊ ၈၈၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(ဂ) အပိုဒ် ၅၃ မှ ၆၆ အထိ၊ အခန်း (ဉ) အပိုဒ် ၆၇ မှ ၆၉ အထိ၊ အခန်း(၁၂) အပိုဒ် ၈၉၊ ၉၀။

၉၀။ ကြီးကြပ်ရေးအဖွဲ့သည် ရပ်ကွက်/ ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင်များ ထဲ၌ မြို့နယ်သံဃာ့ဝန်ဆောင်များကို ရွေးချယ်ရမည်။

၉၁။ ထိုသို့ရွေးချယ်ရာ၌ သံဃာ့ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ အခန်း(ဂ) အပိုဒ် ၅၃၊ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) တို့နှင့် အညီရွေးချယ်ရမည်။

၉၂။ ရဟန်းတော်ပေါင်း ၂၅-ပါးအထက်ရှိသော ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ရဟန်းဦးရေအလိုက် နောက်ထပ် မြို့နယ်သံဃာ့ ဝန်ဆောင်များကို သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ နောက်ဆက်တွဲ ဇယား (၂) ပါ သတ်မှတ်ချက်အတိုင်း ထပ်မံ ရွေးချယ်နိုင်သည်။ ထိုသို့ရွေးချယ်ရာ၌ ကျောင်းထိုင်ဖြစ်စေ၊ ခန်းနေဖြစ်စေ၊ စာချဘုန်းကြီးဖြစ်စေ များရာ သံဃ ဆန္ဒဖြင့် ရွေးချယ်ရမည်။

http://www.dhammadownload.com

၉၃။ မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်၏ အရည်အချင်းမှာ မြို့နယ်သံဃနာယကဆရာတော်၏ အရည်အချင်းနှင့်တူညီသည်။

၉၄။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် မိမိ ပြည်နယ်/ တိုင်းအတွင်းရှိ မြို့နယ် အသီးသီးအတွက် မြို့နယ် သံဃနာယက/ မြို့နယ်ဩဝါဒါစရိယ ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ အသီးသီးကို ဖွဲ့စည်းပေးရမည်။

၉၅။ ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ ရွေးချယ်ပွဲများ ကျင်းပပြုလုပ်မည့် နေ့ရက်၊ အချိန်နှင့် နေရာဒေသကို ၁၅-ရက် ကြိုတင် သတ်မှတ်ကြေညာရမည်။

၉၆။ ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာမြို့ သံဃာ့ဝန်ဆောင်များထံသို့ ပင့်လျှောက်လွှာကို ရွေးချယ်ပွဲ ပြုလုပ်မည့်နေရက်၊ အချိန်နှင့်နေရာဒေသကို ဖော်ပြပါရှိစေလျက် ၁၀-ရက်ကြိုတင်ပေးပို့ရမည်။

၉၇။ ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်သံဃာ့အဖွဲ့ ဥက္ကဋ္ဌနေရာအတွက် ကြိုတင်ညှိနှိုင်းမှုပြုလုပ်နိုင်သည်။

၉၈။ ညှိနှိုင်းမရပါက ထိုဥက္ကဋ္ဌနေရာအတွက် သတ်မှတ်သည့် အချိန်အတွင်း ယှဉ်ပြိုင်အရွေးခံရမည့် ပုဂ္ဂိုလ်များ၏ ဘွဲ့အမည်စာရင်းတင်သွင်းစေပြီး ထိုစာရင်းကို ကြေညာပေးရမည်။

၉၉။ ယှဉ်ပြိုင်အရွေးခံသူရှိလျှင် လျှို့ဝှက် သံဃဆန္ဒရယူနည်းကို အသုံးပြုနိုင်သည်။

၁၀၀။ လျှို့ဝှက် သံဃဆန္ဒကို ရယူရာ၌ သက်ဆိုင်ရာမြို့နယ် သံဃာ့ဝန်ဆောင် ၇၅ ရာခိုင်နှုန်း တက်ရောက်ရမည်။

http://www.dhammadownload.com

**မှတ်ချက်** ။ ။ ဆန္ဒပေးသော သံဃာတော်များကိုလည်း တက်ရောက်-သံဃာတော်များစာရင်း၌ပင် ထည့်သွင်းရေတွက်ရမည်။

၁၀၁။ လျှို့ဝှက်သံဃဆန္ဒခံယူမည့်အကြောင်းကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များ သိရှိအောင် ကြေညာ၍ လျှို့ဝှက်သံဃဆန္ဒ ပေးပုံပေးနည်းနှင့် လိုက်နာရမည့် စည်းကမ်းများကို ဖတ်ကြားလျှောက်ထားရမည်။

၁၀၂။ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်တပါးလျှင် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ လက်မှတ်ရေးထိုးထားသော ဆန္ဒပေးပုံစံစာရွက် (၁)ရွက်ကျစီကိုသာ ကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးရမည်။

၁၀၃။ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်အသီးသီးသည် သံဃ ဆန္ဒပေး ပုံစံစာရွက်၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် မိမိတင်မြှောက်လိုသည့် ပုဂ္ဂိုလ်၏ဘွဲ့အမည်ကို အပြည့်အစုံပီသစွာ ဖြည့်သွင်းရေးသားရမည်။

၁၀၄။ သံဃဆန္ဒပေး ပုံစံစာရွက်ကို အခြားသူများ လှမ်း၍ ဖတ်မကြည့်နိုင်သော နေရာ၌နေလျက် ဖြည့်သွင်းရေးသားရမည်။ ဖြည့်သွင်းပြီးသော သံဃဆန္ဒပေး ပုံစံစာရွက်အသီးသီးကို သတ်မှတ်ထားသော ပုံးတစ်ခု၌ လာရောက်ထည့်ကြရမည်။

၁၀၅။ သံဃဆန္ဒပေး ပုံစံစာရွက်သည် ကြီးနေသဖြင့် ခေါက်ရမည်ဆိုပါက ကန့်လန့်ဖြတ် ၂-ကြိမ်၊ ၄-ထပ်ခေါက်ပြီးမှ ပုံးအတွင်း ထည့်ကြရမည်။

၁၀၆။ သတ်မှတ်ထားသည့် အချိန်စေ့သော်လည်းကောင်း၊ သံဃဆန္ဒပေးပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်အားလုံး စုံညီစွာဆန္ဒပေးပြီးသော် လည်းကောင်း ထိုသံဃဆန္ဒပေး ပုံးကို သံဃာ၏ရှေ့မှောက်၌ ဖွင့်ရမည်။

http://www.dhammadownload.com

၁၀၇။ ထုတ်ပေးထားသော သံဃဆန္ဒပေး ပုံစံစာရွက်နှင့် ပုံးအတွင်းမှ ရရှိသော ပုံစံစာရွက်များ အရေအတွက်ကိုက်ညီမှု ကွာခြားမှု ရှိ-မရှိကို စစ်ဆေးမှတ်တမ်း တင်ရမည်။ ထုတ်ပေးသော အရေအတွက်ထက် ပိုနေသော ပုံစံစာရွက်တွေ့ ရှိပါက ယင်းပုံစံစာရွက်ကို စိစစ်၍ ပယ်ဖျက်ရမည်။

၁၀၈။ ပုံးအတွင်းမှရရှိသော သံဃဆန္ဒပေး ပုံစံစာရွက်များကို တစ်ရွက်ချင်း စိစစ်၍ ယှဉ်ပြိုင်အရွေးခံသူများ၏ ရွေ့မှောက်၌သော်လည်းကောင်း၊ ယင်းတို့၏ ကိုယ်စားလှယ်များ ရှေ့မှောက်၌သော် လည်းကောင်း ရေတွက်ရမည်။

၁၀၉။ မိမိဆန္ဒပေးလိုသော ပုဂ္ဂိုလ်၏ ဘွဲ့အမည်ကို မပြည့်မစုံမပီမသ ရေးသားထားသော ပုံစံစာရွက်နှင့် လက်မှတ်ရေးထိုးခြင်း စသည်ဖြင့် တစ်စုံတစ်ရာ အစွန်းအထင်း အမှတ်အသား ပြုလုပ်ထားသော ပုံစံစာရွက်များကို ထည့်သွင်းမရေတွက်ဘဲ ပယ်ဖျက်ရမည်။

**မှတ်ချက်** ။ ။ ဤလက်စွဲအပိုဒ် ၁၀၂-မှ ၁၀၉-အထိလာ နည်းလမ်းမှတပါး အခြားလွယ်ကူသိသာသော လျှို့ဝှက်သံဃဆန္ဒပေးနည်းကိုလည်း အသုံးပြုနိုင် သည်။

၁၁၀။ ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်သံဃာ့ဝန်ဆောင်အဖြစ် ရွေးချယ်သတ်မှတ်ခံရသော ဆရာတော်များ၏စာရင်းကို သတ်မှတ်ထားသော ပုံစံကျောဘက်ပါအတိုင်း အသီးသီး ပေးပို့ရမည်။

၁၁၁။ ရွေးချယ်ခံရသော မြို့နယ် သံဃနာယကအဖွဲ့နှင့် မြို့နယ်ဩဝါဒါစရိယ စာရင်းကို သတ်မှတ်သော ပုံစံ၌ ဖြည့်သွင်း၍ ကြီးကြပ်ရေး အဖွဲ့က လက်မှတ် ရေးထိုးပြီးလျှင် ယင်းပုံစံ ကျောဘက်ပါအတိုင်း ပေးပို့ရမည်။

http://www.dhammadownload.com

၁၁၂။ ကြီးကြပ်ရေး အဖွဲ့သည် ဤသံဃဆန္ဒ ရယူနည်းဖြင့် ရွေးချယ်ခြင်းကို မလွဲမရှောင်သာမှ ကျင့်သုံး၍ တတ်နိုင်သမျှ ရှောင်ရှားရမည်။ ရွေးချယ်၍ မရပါက သက်ဆိုင်ရာ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ မြို့နယ် သံဃာ့ဝန်ဆောင် အစည်းအဝေးကို ရွေ့ဆိုင်းနိုင်သည်။

၁၁၃။ သုဓမ္မာဂိုဏ်းမှတပါး အခြားသော ဂိုဏ်းများသည် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်တူ မြို့နယ်သံဃာ့ဝန်ဆောင်နှင့် မြို့နယ် သံဃနာယကများ၊ မြို့နယ် ဩဝါဒါစရိယများကို သတ်မှတ်ပေးထားရမည်။

http://www.dhammadownload.com

# အခန်း (၇)

# ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်၊ သံဃနာယက၊ ဩဝါဒါစရိယ

## သတ်မှတ်ရွေးချယ် ဖွဲ့စည်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၃)၊ အပိုဒ် ၁၉(က) (ခ)၊ ၂၀၊ အခန်း (၄) အပိုဒ် ၂၄၊ ၂၇၊ အခန်း(၅)၊ အပိုဒ်၄၀၊ ၄၁၊ အခန်း(၁၁)၊ အပိုဒ်၁၃၊ ၁၇၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၀)၊ အပိုဒ် ၇၀မှ ၈၁ထိ၊ အခန်း(၁၁)၊ အပိုဒ်၈၂မှ ၈၄ထိ၊ အခန်း(၁၂)၊ အပိုဒ်-၈၇။

၁၁၄။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် ဆရာတော်၏ အရည်အချင်းမှာ ပြည်နယ်/တိုင်း သံဃနာယကဆရာတော်၏ အရည်အချင်းနှင့် တူညီသည်။

၁၁၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်နယ်/တိုင်း အသီးသီးအတွက် ပြည်နယ်/တိုင်းသံဃနာယက/ ဩဝါဒါစရိယ ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ အသီးသီးကို ဖွဲ့စည်းပေးရမည်။

၁၁၆။ ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်-ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ ရွေးချယ်ပွဲကျင်းပပြုလုပ်မည့်နေ့ရက်၊ အချိန်နှင့် နေရာဒေသကို (၂၀)ရက်ကြိုတင်သတ်မှတ် ကြေညာရမည်။

http://www.dhammadownload.com

၁၁၇။ ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် များထံသို့ ပင့်လျှောက်လွှာကို ရွေးချယ်ပွဲပြုလုပ်မည့် နေ့ရက် အချိန်နှင့် နေရာ ဒေသကို ဖော်ပြပါရှိစေလျက် (၁၀)ရက် ကြိုတင် ပေးပို့ရမည်။

၁၁၈။ ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ နေရာအတွက် ကြိုတင်ညှိနှိုင်းမှု ပြုလုပ်နိုင်သည်။

၁၁၉။ ညှိနှိုင်းမရပါက ထိုဥက္ကဋ္ဌနေရာအတွက် သတ်မှတ်သည့် အချိန် အတွင်း ယှဉ်ပြိုင်အရွေးခံရမည့် ပုဂ္ဂိုလ်များ၏ ဘွဲ့အမည် စာရင်း တင်သွင်းစေပြီး ထိုစာရင်းကို ကြေညာပေးရမည်။

၁၂၀။ ယှဉ်ပြိုင် အရွေးခံရသူ ရှိလျှင် လျှို့ဝှက် သံဃဆန္ဒ ရယူနည်းကို အသုံးပြုနိုင်သည်။

၁၂၁။ လျှို့ဝှက်သံဃဆန္ဒကို ရယူရာ၌ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် ၇၅ရာခိုင်နှုန်း တက်ရောက်ရမည်။

**မှတ်ချက်** ။ ။ ဆန္ဒပေးသော သံဃာတော်များကိုလည်း တက်ရောက် သံဃာတော်များစာရင်း၌ပင် ထည့်သွင်း ရေတွက်ရမည်။

၁၂၂။ လျှို့ဝှက် သံဃဆန္ဒ ခံယူမည့် အကြောင်းကို သက်ဆိုင်ရာ ပုဂ္ဂိုလ်များ သိရှိအောင် ကြေညာ၍ လျှို့ဝှက် သံဃဆန္ဒပေးပုံပေးနည်းနှင့် လိုက်နာရမည့် စည်းကမ်းများကို ဖတ်ကြားလျှောက်ထားရမည်။

၁၂၃။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် ဆရာတော် တစ်ပါးလျှင် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လက်မှတ်ရေးထိုးထားသော ဆန္ဒပေး ပုံစံစာရွက် တစ်ရွက်စီကိုသာ ကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးရမည်။

http://www.dhammadownload.com

၁၂၄။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အသီးသီးတို့သည် သံဃဆန္ဒပေး ပုံစံ စာရွက်၌ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဖြစ် မိမိ တင်မြှောက် လိုသည့် ပုဂ္ဂိုလ်၏ဘွဲ့အမည်ကို အပြည့်အစုံ ပီသစွာ ဖြည့်သွင်းရေးသားရမည်။

၁၂၅။ သံဃဆန္ဒပေး ပုံစံစာရွက်ကို အခြားသူများ လှမ်း၍ဖတ်မကြည့်နိုင်သော နေရာ၌နေလျက် ဖြည့်သွင်းရေးသားရမည်။ ဖြည့်သွင်းပြီးသော သံဃဆန္ဒပေး ပုံစံအသီးသီးကို သတ်မှတ်ထားသော ပုံးတစ်ခု၌ လာရောက် ထည့်ကြရမည်။

၁၂၆။ သံဃဆန္ဒပေး ပုံစံစာရွက်သည် ကြီးနေသဖြင့် ခေါက်ရမည်ဆိုပါက ကန့်လန့်ဖြတ် (၂) ကြိမ် (၄)ခေါက်ထပ်ခေါက်ပြီးမှ ပုံးအတွင်းထည့်ကြရမည်။

၁၂၇။ သတ်မှတ်ထားသည့် အချိန်စေ့သော်လည်းကောင်း၊ သံဃဆန္ဒပေးပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်အားလုံး စုံညီစွာ ဆန္ဒပေးပြီးသော်လည်းကောင်း ထိုသံဃဆန္ဒပုံးကို ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်ဆရာတော်များ၏ ရှေ့မှောက်၌ ဖွင့်ရမည်။

၁၂၈။ ထုတ်ပေးထားသော သံဃဆန္ဒပေး ပုံစံစာရွက်နှင့် ပုံးအတွင်းမှ ရရှိသော ပုံစံစာရွက်များ အရေအတွက် ကိုက်ညီမှု၊ ကွာခြားမှု ရှိ-မရှိကို စစ်ဆေး မှတ် တမ်းတင်ရမည်၊ ထုတ်ပေးသော အရေအတွက်ထက် ပိုနေသော ပုံစံစာရွက် တွေ့ရှိပါက ယင်းပုံစံစာရွက်ကို စိစစ်၍ ပယ်ဖျက်ရမည်။

http://www.dhammadownload.com

၁၂၉။ ပုံးအတွင်းမှ ရရှိသော သံဃဆန္ဒပေး ပုံစံစာရွက်များကို တစ်ရွက်ချင်း စိစစ်၍ ယှဉ်ပြိုင် အရွေးခံသူများ၏ ရှေ့မှောက်၌ သော်လည်းကောင်း၊ ယင်းတို့၏ ကိုယ်စားလှယ်များ ရှေ့မှောက်၌ သော်လည်းကောင်း ရေတွက်ရမည်။

၁၃၀။ မိမိဆန္ဒပေးလိုသောပုဂ္ဂိုလ်၏ ဘွဲ့အမည်ကို မပြည့်မစုံ မပီမသ ရေးသား ထားသော ပုံစံစာရွက်နှင့် လက်မှတ်ရေးထိုးခြင်း စသည်ဖြင့် တစ်စုံတစ်ရာ အစွန်းအထင်း အမှတ်အသားပြုလုပ်ထားသော ပုံစံစာရွက်များကို ထည့်သွင်း မရေတွက်ဘဲ ပယ်ဖျက်ရမည်။

**မှတ်ချက်** ။ ။ ဤလက်စွဲ အပိုဒ် ၁၂၂မှ ၁၃၀အထိလာ နည်းလမ်းမှ တစ်ပါး အခြား လွယ်ကူသိသာသော လျှို့ဝှက် သံဃဆန္ဒပေးနည်းကိုလည်း အသုံးပြုနိုင်သည်။

၁၃၁။ ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်အဖြစ် ရွေးချယ်ခံရသော ဆရာတော်များ၏ စာရင်းကို သတ်မှတ်ထားသော ပုံစံ၌ ဖြည့်သွင်း၍ လက်မှတ်ရေးထိုးပြီး ယင်းပုံစံကျောဘက်ပါ အတိုင်း အသီးသီး ပေးပို့ရမည်။

၁၃၂။ ရွေးချယ်ခံရသော ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ဩဝါဒါစရိယ စာရင်းကို သတ်မှတ်သော ပုံစံ၌ ဖြည့်သွင်း၍ ကြီးကြပ်ရေးအဖွဲ့က လက်မှတ်ရေးထိုးပြီးလျှင် ယင်းပုံစံကျောဘက်ပါအတိုင်း ပေးပို့ရမည်။

၁၃၃။ ကြီးကြပ်ရေးအဖွဲ့သည် ဤသံဃဆန္ဒရယူနည်းဖြင့် ရွေးချယ်ခြင်းကို မလွဲမရှောင်သာမှသာလျှင် ကျင့်သုံး၍ တတ်နိုင်သမျှ ရှောင်ရှားရမည်၊ ရွေးချယ်၍မရပါက သက်ဆိုင်ရာ ပြည်နယ် / တိုင်း ငြိမ်ဝပ်ပိပြားမှု

-၇

http://www.dhammadownload.com

တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အစည်းအဝေးကို ခေါ်ဆိုင်းနိုင်သည်။

၁၃၄။ သုဓမ္မာဂိုဏ်းမှတစ်ပါး အခြားသောဂိုဏ်းများသည် သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်တူ ပြည်နယ်/တိုင်း သံဃာ့ ဝန်ဆောင်/သံဃနာယက/ဩဝါဒါစရိယများကို သတ်မှတ်ပေးထား ရမည်။

http://www.dhammadownload.com

# အခန်း (၈)

## အစားထိုးရွေးချယ်ခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း (၉) အပိုဒ် ၅၀။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၂)၊ အပိုဒ်-၈၅ မှ ၉၂ အထိ။ အခန်း(၂၁) အပိုဒ် ၁၆၃ မှ ၁၆၉ အထိ။

## ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက/မြို့နယ် သံဃာ့ဝန်ဆောင်

၁၃၅။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် မိမိအဖွဲ့ဝင် ဆရာတော်၊ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော်တစ်ပါးပါး လစ်လပ်ခဲ့သော် ထိုသို့လစ်လပ်ကြောင်းကို (၅)ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်သံဃနာယက အဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

၁၃၆။ မြို့နယ်သံဃနာယကအဖွဲ့သည် ထိုလျှောက်ထားလွှာကို ရရှိပြီးနောက် (၁၀)ရက်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက/မြို့နယ်သံဃာ့ဝန်ဆောင် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို လုပ်ထုံးလုပ်နည်းများ အခန်း (၁၂) အပိုဒ် ၉၀ နှင့်အညီ ဖွဲ့စည်းပေး၍ လုပ်ငန်းဘာဝန်များ သတ်မှတ်ပေးရမည်။

၁၃၇။ ထိုကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲကို သတ်မှတ်ထားသည့် ရက်ပေါင်း (၃၀)အချိန်ကာလအတွင်း မူလရွေးချယ်နည်းအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

http://www.dhammadownload.com

## မြို့နယ်သံဃနာယက / မြို့နယ်ဩဝါဒါစရိယ
## ပြည်နယ်/တိုင်းသံဃာ့ဝန်ဆောင်

၁၃၈။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိအဖွဲ့ဝင် ဆရာတော်/မြို့နယ် ဩဝါဒါစရိယ/ပြည်နယ်/တိုင်းသံဃာ့ဝန်ဆောင် တစ်ပါးပါး လစ်လပ်ခဲ့သော် (၅)ရက်အတွင်း သက်ဆိုင်ရာပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်ပြ လျှောက်ထားရမည်။

၁၃၉။ သက်ဆိုင်ရာပြည်နယ် / တိုင်း သံဃနာယကအဖွဲ့သည် ထိုလျှောက် ထားလွှာကို ရရှိပြီးနောက် (၁၀)ရက်အတွင်း မြို့နယ်သံဃနာယက / မြို့နယ် ဩဝါဒါစရိယ/ ပြည်နယ် /တိုင်း သံဃာ့ဝန်ဆောင် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းအခန်း(၁၂) အပိုဒ် ၈၉ နှင့်အညီ ဖွဲ့စည်းပေး၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၁၄၀။ ထိုကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲကို သတ်မှတ်ထားသည့်ရက်ပေါင်း (၃၀) အချိန်ကာလအတွင်း မူလရွေးချယ်နည်း အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

## ပြည်နယ်/တိုင်း သံဃနာယက/ဩဝါဒါစရိယ

၁၄၁။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ ပြည်နယ်/ တိုင်း သံဃနာယက/ဩဝါဒါစရိယ ဆရာတော်တစ်ပါးပါး လစ်လပ်ခဲ့သော် (၅)ရက်အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

http://www.dhammadownload.com

၁၄၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ထိုလျှောက်လွှာကို ရရှိပြီး နောက် (၁၀) ရက်အတွင်း ပြည်နယ်/တိုင်း သံဃ နာယက / ဩဝါဒါစရိယ ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို လုပ်ထုံးလုပ်နည်း များ အခန်း (၁၂) အပိုဒ် ၈၇-နှင့်အညီ ဖွဲ့စည်းပေး၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၁၄၃။ ထိုကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲကို သတ်မှတ်ထားသည့် ရက်ပေါင်း ၃၀-အချိန်ကာလအတွင်း မူလရွေးချယ် နည်းအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

၁၄၄။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တစ်ပါးပါး လစ်လပ်ခဲ့သော် (၅)ရက်အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြ လျှောက်ထားရမည်။

၁၄၅။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ထိုလျှောက်လွှာကို ရရှိပြီး နောက် ၁၀-ရက်အတွင်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွေးချယ်မှု ကြီးကြပ် ရေးအဖွဲ့ကို လုပ်ထုံးလုပ်နည်းများ အခန်း(၁၂) အပိုဒ် ၈၇-နှင့်အညီ ဖွဲ့စည်း ပေး၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၁၄၆။ ထိုကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲကို သတ်မှတ်ထားသည့် ရက်ပေါင်း ၃၀-အချိန်ကာလအတွင်း မူလရွေးချယ်နည်းအတိုင်း ပြီးမြောက်အောင်ဆောင်ရွက်ရမည်။

http://www.dhammadownload.com

၁၄၇။ ဗဟိုသံဃာ့ဝန်ဆောင် အစားထိုးရွေးချယ်ပွဲသို့ လစ်လပ်သည့် မြို့နယ် (သို့မဟုတ်) မြို့နယ်များ (သို့မဟုတ်) သက်ဆိုင်ရာ အခြေခံဒေသ အတွင်းရှိ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များသာ တက်ရောက်ခွင့်ရှိသည်။

၁၄၈။ အစားထိုးရွေးချယ်ပွဲသို့ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ဆရာတော် ၇၅-ရာခိုင်နှုန်း တက်ရောက်ရမည်။

**မှတ်ချက်** ။ ။ ဆန္ဒပေး သံဃာတော်များကိုလည်း တက်ရောက် သံဃာတော်များ စာရင်း၌ပင် ထည့်သွင်းရေတွက်ရမည်။

၁၄၉။ အစည်းအဝေးတက်ရောက်သော ဆရာတော်များသာ ရွေးချယ်ခံခြင်း၊ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း ပြုနိုင်သည်။

၁၅၀။ ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲ အောင်မြင်ပြီးစီးကြောင်း အစီရင်ခံ လျှောက်ထားလွှာနှင့် ရွေးချယ်ပွဲ အစည်းအဝေးမှတ်တမ်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့၍ မိတ္တူကို သက် ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ပြည်ထဲရေးနှင့်၊ သာသနာရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ပြည်နယ် / တိုင်း သာသနာရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၅၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အစားထိုးရွေးချယ်ခံရသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်၏ ဘွဲ့အမည်ကို အနီးကပ်ဆုံး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ခွဲအစည်းအဝေးနှင့် စုံညီအစည်းအဝေးသို့ တင်ပြရမည်။

http://www.dhammadownload.com

၁၅၂။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ရွေးချယ်ခံရသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်၏ ဘွဲ့အမည်ကို အနီးကပ်ဆုံး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြ အတည်ပြုချက် ရယူရမည်။

**နိုင်ငံတော်သံဃမဟာနာယက**

၁၅၃။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ နိုင်ငံတော် သံဃမဟာနာယကဆရာတော် တစ်ပါးပါး လစ်လပ်ခဲ့သော် (၅)ရက် အတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထား ရမည်။

၁၅၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မိမိအဖွဲ့ဝင်ဆရာတော် တစ်ပါးပါး လစ်လပ်ခဲ့သော် အစားထိုးရွေးချယ်နိုင်ရန်အတွက် သင့်လျော်သော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်(၁)ပါး၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်(၂)ပါးဖြင့် နိုင်ငံတော် သံဃမဟာနာယက အစားထိုး ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း ပေး၍ လုပ်ငန်း တာဝန်များ သတ်မှတ်ပေးရမည်။

၁၅၅။ ကြီးကြပ်ရေးအဖွဲ့သည် သတ်မှတ်ထားသည့် ရက်ပေါင်း(၃၀) အချိန် ကာလအတွင်း လုပ်ထုံး လုပ်နည်းနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက် ရမည်။

၁၅၆။ နိုင်ငံတော်သံဃမဟာနာယက လျာထားရွေးချယ်ပွဲသို့ လစ်လပ်သည့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း (သို့မဟုတ်) အခြေခံဒေသ အတွင်းရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာ တက်ရောက်ခွင့်ရှိသည်။

http://www.dhammadownload.com

၁၅၇။ အစည်းအဝေး တက်ရောက်သည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာလျှင် ရွေးချယ်ခံခြင်း၊ အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း ပြုနိုင်သည်။

၁၅၈။ ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပွဲ ထမြောက် အောင်မြင်ပြီးစီးကြောင်း အစီရင်ခံ လျှောက်ထားလွှာနှင့် ရွေးချယ်ပွဲ အစည်းဝေးမှတ်တမ်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့ရမည်။ မိတ္တူကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ ပြည်ထဲရေးနှင့် သာသနာ ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပြည်နယ်/တိုင်း သာသနာရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၅၉။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အစားထိုး လျှာထားရွေးချယ်ခံရသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်၏ ဘွဲ့အမည်ကို အနီးကပ်ဆုံး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ခွဲ အစည်းအဝေးနှင့် စုံညီအစည်းအဝေးသို့ တင်ပြရမည်။

၁၆၀။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ရွေးချယ်ခံရသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်အား နိုင်ငံတော် သံဃမဟာ-နာယက ၏ လုပ်ငန်းတာဝန်များကို ယာယီအားဖြင့် ပေးအပ်နိုင်သည်။

၁၆၁။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် လျာထားရွေးချယ်ခံရသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်၏ ဘွဲ့အမည်ကို အနီးကပ်ဆုံး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

http://www.dhammadownload.com

## နိုင်ငံတော် ဩဝါဒါစရိယ

၁၆၂။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ နိုင်ငံတော် ဩဝါဒါစရိယဆရာတော် တစ်ပါးပါး လစ်လပ်ခဲ့သော် နိုင်ငံတော်သံဃ-မဟာနာယက အဖွဲ့သို့ ၅-ရက်အတွင်း တင်ပြလျှောက်ထားရမည်။

၁၆၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် ဩဝါဒါ-စရိယ ဆရာတော်တစ်ပါးပါး လစ်လပ်ခဲ့သော် အစားထိုး ရွေးချယ်နိုင်ပါရန် အတွက် သင့်လျော်သော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် ၁-ပါး၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော် ၂-ပါးဖြင့် နိုင်ငံတော် ဩဝါဒါ-စရိယ အစားထိုး ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေး၍ လုပ်ငန်း တာဝန်များ သတ်မှတ်ပေးရမည်။

၁၆၄။ ကြီးကြပ်ရေးအဖွဲ့သည် သတ်မှတ်ထားသည့် ရက်ပေါင်း ၃၀-အချိန်ကာလအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

၁၆၅။ သက်ဆိုင်ရာအခြေခံဒေသရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ စည်းဝေး၍ လျာထားရွေးချယ်ပြီးလျှင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းအတွင်းရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ သဘောတူဆန္ဒပေးကြောင်း လက်မှတ်ရယူရမည်။

၁၆၆။ ရွေးချယ်ပြီးစီးကြောင်း အစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့၍မိတ္တူကို သက်ဆိုင်ရာပြည်နယ် /တိုင်း သံဃနာယကအဖွဲ့၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်း ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပြည်နယ်/ တိုင်း သာသနာရေးမှူးရုံးသို့ ပေးပို့ရမည်။

F.8

http://www.dhammadownload.com

## သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်

၁၆၇။ မြို့နယ် သံဃနာယကအဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ သံဃ-သမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ဆရာတော် တစ်ပါးပါး လစ်လပ်ခဲ့သော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ၅-ရက်အတွင်း တင်ပြလျှောက်ထားရမည်။

၁၆၈။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မိမိအပါအဝင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကတို့ ပါဝင်သော သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေး၍ လုပ်ငန်းတာဝန် သတ်မှတ်ပေးရမည်။

၁၆၉။ ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်မှုကိုသတ်မှတ်သည့် ရက်ပေါင်း ၃၀-ကာလအတွင်း မူလရွေးချယ် နည်းအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

၁၇၀။ ကြီးကြပ်ရေးအဖွဲ့သည် ရွေးချယ်ပြီးစီးကြောင်း အစီရင်ခံစာနှင့် အစည်းအဝေးမှတ်တမ်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ပေးပို့၍ မိတ္တူကို သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပြည်နယ်/တိုင်း သာသနာရေးမှူးရုံး၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ မြို့နယ်သာသနာရေးမှူးရုံးသို့ ပေးပို့ရမည်။

http://www.dhammadownload.com

## ဝိနည်းမှိုရ်ရွေးချယ်ခြင်း

၁၇၁။ ဝိနည်းမှိုရ် ရွေးချယ်ခြင်းကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း အခန်း (၃)၊ ဝိနိစ္ဆယလက်စွဲ အခန်း(၁၄) တို့နှင့်အညီ ဆောင်ရွက်ရမည်။

၁၇၂။ ရွေးချယ်ပွဲများကို သတ်မှတ်ကြေညာထားသည့် အချိန်၊ နေရာ ဒေသ၌သာ ကျင်းပပြုလုပ်ရမည်၊ အကြောင်းမညီညွတ်လျှင် ရွေးချယ်ပွဲကို နေ့ရက် အချိန် နေရာ ဒေသ ပြောင်းလဲ ကျင်းပနိုင်သည်။

http://www.dhammadownload.com

# အပိုင်း (၂)

# အခန်း (၉)

## လုပ်ငန်းတာဝန်များ

## ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၂) အပိုဒ် ၆ နှင့် ၈ မှ ၁၃ အထိ၊ အခန်း (၆) အပိုဒ် ၄၃။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၃)၊ အပိုဒ် ၉၃ မှ ၉၅ အထိ။

၁၇၃။ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် မိမိ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း သံဃာ့ဂိုဏ်းသစ်များ သီးခြားခွဲ၍ တည်ထောင်မှုကို တွေ့မြင် ကြားသိပါက ထိုသို့ မပြုလုပ်ရန် မေတ္တာရပ်ခံ တားမြစ်ရမည်။ မရပါက ရပ်ကွက်/ ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏အကူအညီဖြင့် တားမြစ်နိုင်သည်၊ မရပါက မြို့နယ် သံဃနာယက အဖွဲ့သို့ စာဖြင့် လျှောက်ထားရမည်။

၁၇၄။ ဂိုဏ်းကူးပြောင်းလိုသော ပုဂ္ဂိုလ်သည် မိမိနေမြဲ မူလ သံဃာ့ဂိုဏ်း၏ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သို့ လျှောက်ထားရမည်။

၁၇၅။ ရပ်ကွက် / ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် ထို လျှောက်လွှာကို စိစစ်၍ ထောက်ခံချက်၊ (သို့မဟုတ်) ကန့်ကွက်ချက်ဖြင့် မိမိဂိုဏ်းဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ တင်ပြရမည်။

http://www.dhammadownload.com

၁၇၆။ သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့၏ ဂိုဏ်းကူးပြောင်းမှု စည်းမျဉ်းနှင့် ညီသော သဘောတူ ခွင့်ပြုချက် ရယူပြီးမှသာ ဂိုဏ်းကူး ပြောင်းခြင်း ပြုရမည်။

၁၇၇။ သက်ဆိုင်ရာ မြို့နယ် သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းကူး ပြောင်းမှုနှင့်အညီ လျှောက်ထားလာသော ပုဂ္ဂိုလ်အား ဂိုဏ်းကူး ပြောင်းခွင့် ပေးရမည်။

၁၇၈။ မိမိရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း၌ သံဃာတော်များသည် ကြည်ညိုဖွယ်ရာ မဆောင်၊ ဝိနည်းတော်နှင့်မညီသည့် အသွားအလာ အပြောအဆို အနေအထိုင်များ ပြုမူနေခဲ့သော်လည်းကောင်း၊ ကုလဒူသန၊ အံနေသန၊ မိစ္ဆာဇီဝအမှုများကို ပြုမူနေခဲ့သော်လည်းကောင်း ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က ခေါ်ယူဆုံးမ တားမြစ်ရမည်။

၁၇၉။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် သံဃာ တစ်ပါးပါးကို ဂိုဏ်းမှ ကြဉ်ပယ်ရာ၌ သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်း များ အခန်း(၁၃) အပိုဒ်-၉၃၊ အပိုဒ်ခွဲ (ဆ) မှ (၅) အထိ လုပ်ထုံး လုပ်နည်းနှင့်အညီ သံဃနာယကအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက် ဖြင့်သာ ကြဉ်ပယ်ရမည်။

၁၈၀။ ကြဉ်ပယ်ခံရသောပုဂ္ဂိုလ်သည် အာပတ်သင့်ပါက အာပတ် အလျောက် ကုစား၍ သံဃာတော်အား မနှစ်သက်စေသည့် ကာယကံမှု, ဝစီကံမှုများပြုမိပါက ကျေနပ် သည်းခံတော်မူပါရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ကို မာန်လျှော့၍ တောင်းပန် ဝန်ချ ကန်တော့ရမည်။

http://www.dhammadownload.com

၁၈၁။ ထိုသို့ တောင်းပန် ဝန်ချခြင်း၊ အပြစ်ကုစားခြင်း ပြုလုပ်ပြီးပါက ထိုကြဉ်ပယ်ခံရသော ပုဂ္ဂိုလ်ကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့သည် သံဃာ့အဖွဲ့အစည်း အတွင်း၌ ပြန်လည်ထည့်သွင်း ရမည်။

၁၈၂။ မိမိရပ်ကွက်/ကျေးရွာအုပ်စုအတွင်း၌ နယ်လှည့်ဓမ္မကထိက ပုဂ္ဂိုလ်များ၏ တရားပွဲကျင်းပခွင့်(သို့မဟုတ်) ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော အလှူခံခွင့် တောင်းခံလာပါက အကြောင်းပြည့်စုံစွာ ဖော်ပြလျက် ထောက်ခံခြင်း/ကန့်ကွက်ခြင်း ပြု၍ မြို့နယ် သံဃနာယကအဖွဲ့သို့ တင်ပြ ရမည်၊ မြို့နယ် သံဃနာယကအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရယူပြီးမှသာ ဓမ္မကထိကများနှင့် အလှူခံပုဂ္ဂိုလ်များသည် တရားပွဲကျင်းပခြင်း၊ အလှူခံ ခြင်းပြုလုပ်နိုင်ကြသည်။

၁၈၃။ အထက်အပိုဒ် ၁၈၂-အရ ဆောင်ရွက်ရာ၌ မြို့နယ် သံဃနာယက အဖွဲ့နှင့် အဆက်အသွယ်ဝေးသော ကျေးရွာအုပ်စုများ၌ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များသည် သက်ဆိုင်ရာ ကျေးရွာ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ ခွင့်ပြုခြင်း တားမြစ်ခြင်း ပြုလုပ် နိုင်သည်။

၁၈၄။ စေတီ ကျောင်းကန်အသစ် တည်ထားဆောက်လုပ်လိုပါက ညွှန်ကြားလွှာအမှတ်(၇၇)နှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု သံဃ-နာယကအဖွဲ့သို့ လျှောက်ထားရမည်။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃ-နာယကအဖွဲ့သည် သံဃာ့ညီညွတ်ရေးနှင့် ရပ်ရွာ စည်းလုံးရေးကို ထိခိုက်မှု ရှိ-မရှိ၊ နေရာအနေအထား သင့်လျော်လျောက်ပတ်မှု ရှိ-မရှိ၊ ဒါယကာ တို့၏ ပစ္စည်းအင်အား ကုန်ကျခံနိုင်စွမ်း ရှိ-မရှိကို စိစစ်၍ မြို့နယ် သံဃနာယကအဖွဲ့သို့ ထောက်ခံ/ကန့်ကွက်စာ တင်ပြရမည်။

http://www.dhammadownload.com

၁၈၅။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် သာသနာဝင်မှတ်တမ်းထုတ်ပေးရာ၌ ကျောင်းထိုင်ဘုန်းကြီး (သို့မဟုတ်) နာယကဆရာတော်၏ မှတ်ချက်အပေါ် ထပ်ဆင့်၍ ကန့်ကွက်ခြင်း/ ထောက်ခံခြင်းပြုရမည်။

၁၈၆။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် အလဇ္ဇီဒုဿီလဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားရှိပါက သာသနာဝင်မှတ်တမ်းထုတ်မပေးရန် ကန့်ကွက်ရမည်။

၁၈၇။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် အိမ်ကြိုအိမ်ကြား တဲကျောင်းများ၊ ကျုံးကျော်ကျောင်းများနှင့် ဘုရားပရိဝုဏ်အတွင်းရှိ ဇရပ်တန်ဆောင်း စသည်များ၌ နေသော ရဟန်း/သာမဏေတို့ကို သက်ဆိုင်ရာ ဆရာဥပဇ္ဈာယ်ထံ အပြီးပြန်စေ၍ ဥပဇ္ဈာယ်ဆရာနိဿနည်းဆရာတို့၏ တာဝန်ခံမှုဖြင့် သာသနာဝင်မှတ်တမ်းထုတ်ပေးရန် ထောက်ခံခြင်း ပြုရမည်။

၁၈၈။ ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယအဖွဲ့သည် မိမိ ကျေးရွာအုပ်စုအတွင်း သံဃာတော်တစ်ပါးပါး ပျံလွန်တော်မူပါက ၎င်း၏ သာသနာဝင်မှတ်တမ်းကို သိမ်းဆည်း၍ မြို့နယ် သံဃနာယက အဖွဲ့သို့ အစီရင်ခံစာနှင့်အတူ ပေးပို့ရမည်။

၁၈၉။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် အထက်သံဃာ့အဖွဲ့အစည်းမှ ထုတ်ပြန်သော ညွှန်ကြားချက်များကို သက်ဆိုင်ရာသံဃာတော်များ သိရှိလိုက်နာနိုင်ကြစေရန် သံဃာ့အစည်းအဝေး ခေါ်ယူကျင်းပ၍ ရှင်းလင်းပြခြင်း၊ ထပ်ဆင့်ညွှန်ကြားလွှာများ ရိုက်နှိပ်ဝေငှခြင်းပြုလုပ်ရမည်။

http://www.dhammadownload.com

၁၉၀။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် နှစ်စဉ် ဝါဆို လ၌ ဝါဆိုသံဃာတော်စာရင်းကို မိတ္တူ ၃-စောင်ပြုလုပ်၍ မြို့နယ်သံဃ နာယကအဖွဲ့သို့ ၂-စောင်ပို့ရမည်။ တစ်ဆောင်ကို မိမိထံ၌ ထားရှိရမည်၊ ဝါဆိုသံဃာတော်စာရင်းနှင့်အတူ သံဃာဦးရေ တိုးတက်ဆုတ်ယုတ်မှုကို မှတ်ချက်ရေးသားပေးပို့ရမည်။

၁၉၁။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သည် မိမိတို့ ဆောင် ရွက်ပြီးစီးသမျှ ကိစ္စအဝဝကို အထူးအစီရင်ခံစာ၊ လစဉ်အစီရင်ခံစာ၊ ၆-လပတ် အစီရင်ခံစာများ ပြုလုပ်၍ မြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ ရမည်။

၁၉၂။ သာသနာ့မြေ၊ စေတီ၊ ကျောင်းကန်အစရှိသော ဗုဒ္ဓ သာသနာ တော်နှင့် စပ်လျဉ်းသည့် သာသနိကပစ္စည်းများကို ပိုင်ဆိုင်သူ၊ စောင့်ရှောက် သူ အစဉ်အဆက် မှတ်တမ်းပြုစု၍ မြို့နယ်သံဃနာယက အဖွဲ့သို့ ပေးပို့ရမည်။

http://www.dhammadownload.com

# အခန်း(၁၀)

## မြို့နယ် သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ

**ရည်ညွှန်းချက် ။** ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအခန်း (၂) အပိုဒ်၆-နှင့် ၈-မှ ၁၃-အထိ၊ အခန်း (၆) အပိုဒ် ၄၃၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၁၄) အပိုဒ်၉၆-မှ ၉၉-အထိ။

၁၉၃။ မြို့နယ် သံဃနာယကအဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ သံဃာ့ဂိုဏ်းသစ်များ သီးခြားခွဲ၍ တည်ထောင်မှုကို တွေ့ရှိပါက ထိုသို့ မပြုလုပ်ရန် တားမြစ်ရမည်၊ မရပါက မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ အကူအညီဖြင့် တားမြစ်ရမည်၊ မရပါက သက်ဆိုင်ရာ/ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

၁၉၄။ မြို့နယ် သံဃနာယကအဖွဲ့သည် ဂိုဏ်းကူးပြောင်းမှုကြောင့် ရပ်ကွက်/ကျေးရွာအုပ်စု စည်းလုံးညီညွတ်မှု သံဃာ့ညီညွတ်မှုကို ထိခိုက်ခြင်း ရှိ/မရှိ ဂိုဏ်းကူးပြောင်းမှု စည်းမျဉ်းနှင့်ညီ-မညီ စိစစ်သုံးသပ်၍ ခွင့်ပြုခြင်း/ငြင်းပယ်ခြင်း ပြုရမည်။

၁၉၅။ ဂိုဏ်းကူးပြောင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသံဃာ့ဂိုဏ်းများမှ မြို့နယ်သံဃနာယကအဖွဲ့နှစ်ခုသို့ ညှိနှိုင်းဆောင်ရွက်ကြရမည်။

၁၉၆။ မြို့နယ်သံဃနာယကအဖွဲ့သည် ကျောင်းထိုင် ကျောင်းပိုင် ပုဂ္ဂိုလ်များ ဂိုဏ်းကူးပြောင်းရာ၌ ကျောင်း/ကျောင်းတိုက်ကို မိမိကူးပြောင်းသော ဂိုဏ်း၌ စာရင်းသွင်းလိုပါက မူလဝါဆိုသံဃာစာရင်းဝင် သံဃာ့ဂိုဏ်းမှ သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်လျော်ညီစွာ၊ ကျောင်း၊ ကျောင်းတိုက်များကို ဂိုဏ်းစာရင်း ပြောင်းခွင့်ပြုရမည်။

http://www.dhammadownload.com

၁၉၇။ ကြဉ်ပယ်ခြင်းခံရသော ပုဂ္ဂိုလ်သည် မြို့နယ်သံဃနာယကအဖွဲ့၏ အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက်ခြင်း မပြုကြောင်း ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့၏ အစီရင်ခံစာ ရရှိပါက မြို့နယ်သံဃနာယက အဖွဲ့သည် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အကူအညီဖြင့် အဆုံးအဖြတ်ကို လိုက်နာစေရန် ဆောင်ရွက်ရမည်။

၁၉၈။ ဓမ္မကထိကနှင့် အလှူခံပုဂ္ဂိုလ်များအား သက်ဆိုင်ရာမြို့နယ် သံဃ နာယကအဖွဲ့က ခွင့်ပြုခြင်း/တားမြစ်ခြင်း ပြုနိုင်သည်။

၁၉၉။ စေတီ/ကျောင်းကန် အသစ်တည်ထား ဆောက်လုပ်လိုပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ သဘော ထား မှတ်ချက်နှင့်လျော်ညီစွာ ညွှန်ကြားလွှာများနှင့်ညီညွတ်ပါက မြို့နယ် သံဃနာယကအဖွဲ့ အစည်းအဝေးက ခွင့်ပြုနိုင်သည်။ မညီညွတ်ပါက မိမိသဘောထားမှတ်ချက်နှင့်တကွ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သို့ တင်ပြရမည်။

၂၀၀။ စေတီအသစ်တည်ထားရာ၌ ဖော်ပြလတ္တံ့ပါ မူ(၉)ချက်နှင့်စိစစ်၍ ညီညွတ်ပါက ခွင့်ပြုနိုင်သည်၊ မညီညွတ်ပါက မိမိသဘောထား မှတ်ချက် နှင့်တကွ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့တင်ပြရမည်။

**စေတီအသစ်တည်ခြင်းဆိုင်ရာ မူ(၉)ချက်**

(က) စေတီတော်ကို ပိဋကတ်တော်လာအတိုင်း တည်ထား ကိုးကွယ်ရန် တာဝန်ယူခြင်း၊

(ခ) အခွန်လွတ်သာသနာ့မြေဖြစ်ခြင်း၊

(ခြွင်းချက်။ ။ တောင်တန်းဒေသများ ပါဝင်ခြင်းမရှိ)

http://www.dhammadownload.com

(ဂ) ညွှန်ကြားလွှာအမှတ် (၂၂) အပိုဒ် ၂(က)အရ လူနေအိမ်ကြားမဟုတ်ဘဲ ကြည်ညိုဖွယ်ရာ ဆောင်သောနေရာဖြစ်ခြင်း၊

(ဃ) အစိုးရစီမံကိန်းအရ ပြောင်းရွှေ့ရန် မရှိသော မြေနေရာဖြစ်ခြင်း၊

(င) စေတီတော်တည်ထားရေးနှင့်ပတ်သက်၍ မသမာမှုများမဖြစ်ပွားစေရေးအတွက် ညွှန်ကြားလွှာအမှတ် (၃၆) အပိုဒ် ၂ (က) (ခ) (ဂ) တို့အရ ဂေါပကအဖွဲ့ ဂေါပကစည်းမျဉ်းနှင့် ဩဝါဒါစရိယအဖွဲ့တို့ ရှိခြင်း၊

(စ) ညွှန်ကြားလွှာအမှတ်(၄၁) အရဒေသဆိုင်ရာ သံဃနာယကအဖွဲ့ အသီးသီးတို့က တညီတညွတ်တည်း သဘောတူခွင့်ပြုခြင်း၊

(ဆ) သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ခွင့်ပြုခြင်း၊

(ဇ) အကယ်၍ နိုင်ငံခြား ဆက်သွယ်ထောက်ပံ့မှု ပါဝင်လျှင်သာသနာရေးဦးစီးဌာန၏ သဘောတူ ထောက်ခံမှုရှိခြင်း၊

(ဈ) အခွန်လွတ် သာသနာ့မြေဖြစ်ရေးနှင့် ပတ်သက်၍ သာသနာရေးဦးစီးဌာနက သာသနာရေးရှုထောင့်မှ လိုအပ်သလို စိစစ်၍ ကူညီပံ့ပိုးပေးခြင်း။

၂၀၁။ ကျောင်းအသစ်ဆောက်လုပ်ရာ၌ ဖော်ပြလတ္တံ့ပါ ညွှန်ကြားလွှာအမှတ်(၇၇)လာ မူ(၇)ချက်နှင့် ညီ-မညီ စိစစ်၍ ခွင့်ပြုခြင်း/ ငြင်းပယ်ခြင်း ပြုနိုင်သည်-

http://www.dhammadownload.com

(က) လူနေအိမ်ဝင်းအတွင်း၌ဖြစ်စေ၊ လူနေအိမ် အကြား၌ ဖြစ်စေ၊ အခြားကြည့်ညိုဖွယ်မဆောင်သော နေရာများ၌ ဖြစ်စေ တည်ဆောက်ခြင်းမပြုဘဲ အခြားသင့်လျော်သော နေရာ၌ တည်ဆောက်ခြင်း၊

(ခ) အစိုးရပိုင် မြေ၌ဖြစ်လျှင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ အစည်းများက ကန့်ကွက်မှုမရှိခြင်း၊ ထိုမြေကို အသုံးချ ရန် အစိုးရ၌ လောလောဆယ် စီမံကိန်းမရှိသေးခြင်း၊

(ဂ) ပုဂ္ဂလိကမြေ၌ဖြစ်လျှင် ပိုင်ရှင်အစစ်အမှန်ဖြစ်သူ၏ စာဖြင့် ခွင့်ပြုချက်ရရှိခြင်း၊

(ဃ) လူနေအိမ်ကို ကျောင်းအဖြစ် အသုံးပြုထားလျှင် ကုဋိကာရ သိက္ခာပုဒ်တော်နှင့်အညီ ကျောင်းဝင်းဥပစာ လုံလောက်မှုရှိ၍ ယင်းအဆောက်အအုံသည် ဘုန်းကြီး ကျောင်းအဖြစ် သင့်လျော်ခြင်း၊ အိမ်နှင့်ကျောင်း လွဲမှား နိုင်သော အနေအထားမရှိခြင်း၊

(င) ဘုရားပုရိဝုဏ် အတွင်း၌ တည်ဆောက်ထားသော အဆောက်အအုံ ဖြစ်လျှင် ဘုရား တန်ဆောင်း၊ သိမ်၊ ဇရပ်၊ ဓမ္မာရုံမဟုတ်ဘဲ ဘုန်းကြီးကျောင်းဖြစ်ခြင်း၊

(စ) ဘုရားဂေါပကရှိလျှင် ပင်ရင်းဂေါပက၏ ခွင့်ပြုချက်အရ ဖြစ်စေ၊ ဂေါပကမရှိလျှင် စေတီကို စောင့်ရှောက်ရန် အတွက်ဖြစ်စေတည်ဆောက်ထားသော စေတိယသန္တက မဟုတ်သော ကျောင်းဖြစ်ခြင်း၊

http://www.dhammadownload.com

(ဆ) ထိုကျောင်းထိုင်ဆရာတော်သည် ပတ်ဝန်းကျင် ဂိုဏ်းတူ သံဃာများနှင့် အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ဆက်ဆံမှုရှိခြင်း၊

၂၀၂။ ကျောင်းသစ်ဆောက်လုပ်ရာ၌ အောက်ပါမှု(၅)ချက်ကို သတိပြုဆောင်ရွက်ရမည်-

(က) အထက် အောက် ညှိနှိုင်းပွဲ ကျောင်းသစ် ဆောက်လုပ်ခြင်း ဆိုင်ရာမူ၊ ညွှန်ကြားလွှာအမှတ်(၇၇)တို့နှင့် မညီညွတ်၍ ကျောင်းသစ် ဆောက်လုပ်မှုကို ဂိုဏ်းတစ်ပါးက တားမြစ်ထားစဉ် အခြားဂိုဏ်းတစ်ပါးက ခွင့်မပြုရ၊ အသိအမှတ်မပြုရ၊

(ခ) အပိုဒ်(က)ကို ဆန့်ကျင် ဆောင်ရွက်ခဲ့သော် တားမြစ်သည့် ဂိုဏ်းက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြရမည်၊

(ဂ) အထက်အောက် ညှိနှိုင်းပွဲ ကျောင်းသစ်ဆောက်လုပ်ခြင်းဆိုင်ရာမူ၊ ညွှန်ကြားလွှာအမှတ် (၇၇)တို့နှင့် ညီညွတ်ပါလျက် ဆက်လက် တားမြစ်ပါလျှင် အခြားဂိုဏ်းတစ်ပါးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြရမည်၊

(ဃ) ဖော်ပြပါအချက်များနှင့် ပတ်သက်၍ တင်ပြလာခဲ့သော် အလှည့်ကျ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ခွဲသည် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းပေးရမည်၊

(င) အထက်ပါမှု (၄)ချက်ကို ဒုတိယအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးက အတည်ပြုသည့် ၅-၇-၉၀နေ့မှ စ၍ နောက်ကြောင်းပြန်မှုမရှိစေရ၊

http://www.dhammadownload.com

၂၀၃။ မြို့နယ်အတွင်းရှိ ရဟန်းသာမဏေများအား မြို့နယ်သံဃနာယက အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ သာသနာဝင်မှတ်တမ်း ထုတ်ပေး ရမည်။

၂၀၄။ အလဇ္ဇီ ဒုဿီလဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင်သော်လည်းကောင်း၊ အသုဒ္ဓ/နေဝသုဒ္ဓနာသုဒ္ဓ ဆုံးဖြတ်ခံ ရလျှင်သော်လည်းကောင်း မြို့နယ်သံဃနာယကအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ထိုပုဂ္ဂိုလ်အား သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်း မပြုရ၊ ထုတ်ပေးပြီးသော သာသနာဝင်မှတ်တမ်းကို ပြန်လည်သိမ်းဆည်း ရမည်။

၂၀၅။ မြို့နယ် သံဃနာယကအဖွဲ့သည် ဘုရားပရိဝုဏ်အတွင်းရှိ ဇရပ် တန်ဆောင်း စသည်၌လည်းကောင်း၊ အိမ်ကြိုအိမ်ကြားရှိ အဆောက်အအုံ ၌လည်းကောင်း၊ ကျူးကျော်မြေ၌ ဆောက်လုပ်ထားသောကျောင်း ၌ လည်းကောင်း၊ နေထိုင်သော ရဟန်း / သာမဏေတို့ကို သက်ဆိုင်ရာ ဥပဇ္ဈာယ်ဆရာထံ အပြီးပြန်စေ၍ ဥပဇ္ဈာယ်ဆရာ နိဿရည်းဆရာတို့၏ တာဝန်ယူ ထောက်ခံချက် ရရှိမှသာ သာသနာဝင်မှတ်တမ်းကို ထုတ်ပေး ရမည်။

၂၀၆။ သာသနာဝင်မှတ်တမ်း ပျောက်ဆုံးပါက မိမိနေထိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု သံဃနာယကအဖွဲ့၏ ထောက်ခံချက်ကို (၃)ရက်အတွင်း ရယူ၍ (၁)လအတွင်း မိမိ နေထိုင်ရာမြို့နယ်၏ မြို့နယ်သံဃနာယကအဖွဲ့ သို့ သာသနာဝင်မှတ်တမ်း အစားထိုးထုတ်ပေးရန် လျှောက်ထားရမည်၊ သာသနာဝင်မှတ်တမ်း မထင်မရှားဖြစ်၍ ပျက်စီးချို့ယွင်းနေလျှင်လည်း အလားတူ လျှောက်ထားရမည်။

http://www.dhammadownload.com

၂၀၇။ သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သည် ထိုပုဂ္ဂိုလ်အား မူလ သာသနာဝင်မှတ်တမ်း ထုတ်ပေးသည့် မြို့နယ်သံဃနာယကအဖွဲ့သို့ လိုအပ်သော အချက်အလက်များ အသေးစိတ် စုံစမ်းရမည်၊ မူလ သာသနာဝင် မှတ်တမ်း ထုတ်ပေးသော မြို့နယ် သံဃနာယကအဖွဲ့၏ သဘောတူညီမှုဖြင့် သာလျှင် သာသနာဝင်မှတ်တမ်း အစားထိုး ထုတ်ပေးခွင့်ရှိသည်။

၂၀၈။ သာသနာဝင်မှတ်တမ်း အစားထိုးထုတ်ပေးပြီးပါက ထိုသို့ ထုတ်ပေးကြောင်းကို မူလသာသနာဝင်မှတ်တမ်း ထုတ်ပေးခဲ့သည့် မြို့နယ် သံဃနာယကအဖွဲ့သို့ အကြောင်းကြားရမည်။

၂၀၉။ မြို့နယ် သံဃနာယကအဖွဲ့သည် သာသနာဝင်မှတ်တမ်း ကိုင်ဆောင်သူ ပျံလွန်သော်လည်းကောင်း၊ လူဝတ်လဲသော်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ တိုက်ရိုက်အစီရင်ခံ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့နှင့် မူလသာသနာဝင် မှတ်တမ်း ထုတ်ပေးသည့် မြို့နယ် သံဃနာယကအဖွဲ့သို့ မိတ္တူပို့ပေးရမည်။

၂၁၀။ မြို့နယ်သံဃနာယကအဖွဲ့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ၊ အစိုးရ ပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲများ ကျင်းပရန် စီစဉ်ခြင်း၊ ကြီးကြပ်ခြင်း၊ ဘွဲ့နှင်းသဘင် ဆုပေးပွဲများ ကျင်းပရန် စီစဉ်ခြင်းစသော ပရိယတ္တိ ပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၁၁။ အထက်သံဃာ့အဖွဲ့အစည်းမှ ထုတ်ပြန်သော ညွှန်ကြားချက်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကများကို အစည်းအဝေးခေါ်ယူကျင်းပ၍ ရှင်းလင်းပြခြင်း(သို့မဟုတ်) ထပ်ဆင့်ညွှန်ကြားလွှာများ ရိုက်နှိပ်ဝေငှခြင်း ပြုလုပ်ရမည်။

http://www.dhammadownload.com

၂၁၂။ နှစ်စဉ်ဝါဆိုလ၌ ဝါဆိုသံဃာစာရင်းကို သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၁၄) အပိုဒ်-၉၆၊ အပိုဒ်ခွဲ (ဃ)နှင့်အညီ ပေးပို့ရမည်။

၂၁၃။ မြို့နယ်သံဃနာယကအဖွဲ့သည် မိမိမြို့နယ်အတွင်းရှိ သာသနာ့မြေ၊ စေတီ၊ ကျောင်းကန်အစရှိသော ဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်းသည့် သာသနိကပစ္စည်းကို အစဉ်အဆက် ပိုင်ဆိုင်သူ၊ စောင့်ရှောက်သူ စာရင်း ပြုစု၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ ပေးပို့ရမည်။

၂၁၄။ မိမိတို့ဆောင်ရွက်ပြီးသမျှ ကိစ္စအဝဝကို အထူးအစီရင်ခံစာ၊ လစဉ် အစီရင်ခံစာ၊ (၆)လပတ် အစီရင်ခံစာများ ပြုလုပ်၍ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ပေးပို့ရမည်။

၂၁၅။ မြို့နယ်သံဃနာယကအဖွဲ့သည် စည်းမျဉ်းစည်းကမ်း မရေးဆွဲရသေးသော ပဋ္ဌိပတ္တိရိပ်သာ/ကမ္မဋ္ဌာန်းတိုက်/ဘာသာရေးအသင်းအဖွဲ့များအား စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ ရေးဆွဲစေ၍လည်းကောင်း၊ စည်းမျဉ်းစည်းကမ်း ရေးဆွဲပြီးဖြစ်သော ပဋ္ဌိပတ္တိရိပ်သာ/ကမ္မဋ္ဌာန်းတိုက်/ဘာသာရေးအသင်းအဖွဲ့များ၏ စည်းမျဉ်းစည်းကမ်းများကို စိစစ်ပြင်ဆင် ဖြည့်စွက်၍လည်းကောင်း၊ အကြည်ပြုမှတ်ပုံတင်ပေးပြီးလျှင် အသိအမှတ် ပြုပေးရမည်။

၂၁၆။ မြို့နယ် သံဃနာယကအဖွဲ့သည် မိမိနှင့်သက်ဆိုင်သော ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း ဝိနိစ္ဆယလက်စွဲပါ လုပ်ငန်းများကို ဆောင်ရွက် ရမည်။

၂၁၇။ မြို့နယ်သံဃနာယက ဆရာတော်များသည် မြို့နယ်/ပြည်နယ်/ တိုင်း ဝိနည်းဓိုရ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

http://www.dhammadownload.com

## မြို့နယ်ဩဝါဒါစရိယများ၏ လုပ်ငန်းတာဝန်များ

၂၁၈။ မြို့နယ်ဩဝါဒါစရိယများ၏ လုပ်ငန်းတာဝန်များမှာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၆)၊ အပိုဒ် ၄၃၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၁၄) အပိုဒ် ၁၀၀ အတိုင်းဖြစ်သည်။

၂၁၉။ မြို့နယ် ဩဝါဒါစရိယဆရာတော်များသည် မြို့နယ် သံဃနာယ/ ဝိနည်းဓိုရ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

F-10

http://www.dhammadownload.com

# အခန်း(၁၁)

## ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ လုပ်ငန်းတာဝန်များ

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ် ၆ -နှင့် ၈ -မှ ၁၃ -အထိ၊ အခန်း (၆) အပိုဒ် ၄၃၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ အခန်း (၁၅) အပိုဒ် ၁၀၁- မှ ၁၀၅ -အထိ။

၂၂၀။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် မိမိပြည်နယ်/တိုင်း အတွင်း၌ သံဃာ့ဂိုဏ်းသစ်များ သီးခြားခွဲ၍ တည်ထောင်မှုကို တွေ့ရှိပါက ထိုသို့မပြုလုပ်ရန် တားမြစ်ရမည်။ မရပါက ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အကူအညီဖြင့် တားမြစ်ရမည်။ မရပါက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားရမည်။

၂၂၁။ ဂိုဏ်းကူးပြောင်းခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယက အဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့မှ ကြဉ်ပယ်ခံရခြင်း သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ မြို့နယ်သံဃနာယကအဖွဲ့၏ ဆောင်ရွက် ချက်များကို လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာ၊ ညွှန်ကြားချက်များနှင့် မညီညွတ်ပါက ပြင်ဆင်နိုင်သည်။

၂၂၂။ အစိုးရပထမပြန်နှင့် ဓမ္မာစရိယ စာမေးပွဲ၊ နိကာယ်ငါးရပ်ပါဠိတော် စာမေးပွဲများ ကျင်းပရန် စီစဉ်ခြင်း၊ ကြီးကြပ်ခြင်း၊ ဘွဲ့နှင်းသဘင်/ဆုပေးပွဲ များ ကျင်းပရန် စီစဉ်ခြင်း စသော ပရိယတ္တိပညာရေးဆိုင်ရာ လုပ်ငန်း တာဝန်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်နှင့် အညီဆောင်ရွက်ရမည်။

http://www.dhammadownload.com

၂၂၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ထုတ်ပြန်သော ညွှန်ကြားချက်များကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကများကို အစည်းအဝေးခေါ်ယူ ကျင်းပ၍ ရှင်းလင်းတင်ပြခြင်း (သို့မဟုတ်) ထပ်ဆင့်ညွှန်ကြားလွှာများ ရိုက်နှိပ်ဝေငှခြင်း ပြုလုပ်ရမည်။

၂၂၄။ နှစ်စဉ် ဝါဆိုလသို့ ဝါဆိုသံဃာစာရင်း ကောက်ယူကြရန် မိမိ ပြည်နယ်/တိုင်းအတွင်းရှိ မြို့နယ်သံဃမဟာနာယကအဖွဲ့အသီးသီး သို့ ဝါမဆိုမီ တစ်လကြိုတင်၍ နှိုးဆော်ရမည်။ ဝါဆိုသံဃာစာရင်း အချိန်မီ မပို့သော မြို့နယ်သံဃနာယကအဖွဲ့သို့ ထပ်ဆင့် နှိုးဆော်စာများ ပေးပို့ ရမည်။

၂၂၅။ မိမိတို့ဆောင်ရွက်ပြီးသမျှ ကိစ္စအဝဝကို အထူးအစီရင်ခံစာ လစဉ် အစီရင်ခံစာ ၆-လပတ် အစီရင်ခံစာများ ပြုလုပ်၍ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့သို့ ပေးပို့ရမည်။

၂၂၆။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် မိမိနှင့်သက်ဆိုင်သော ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း၊ ဝိနိစ္ဆယလက်စွဲပါ လုပ်ငန်းများကို ဆောင်ရွက်ရမည်။

၂၂၇။ ပြည်နယ်/တိုင်း သံဃနာယက ဆရာတော်များသည် မြို့နယ် သံဃနာယက၊ မြို့နယ်/ ပြည်နယ် / တိုင်းဝိနည်းဓိုရ်အဖြစ် ပါဝင် ဆောင်ရွက်ခြင်း မပြုရ။

http://www.dhammadownload.com

## ပြည်နယ်/တိုင်း ဩဝါဒါစရိယ၏ လုပ်ငန်းတာဝန်များ

၂၂၈။ ပြည်နယ်/တိုင်း ဩဝါဒါစရိယများ၏ လုပ်ငန်းတာဝန်များမှာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၆) အပိုဒ်၄၃၊ သံဃာ့ အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၁၅) အပိုဒ်၁၀၆ အတိုင်းဖြစ်သည်။

၂၂၉။ ပြည်နယ်/တိုင်း ဩဝါဒါစရိယ ဆရာတော်များသည် မြို့နယ်/ပြည်နယ်တိုင်း သံဃနာယက/ဝိနည်းဓိုရ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

http://www.dhammadownload.com

# အခန်း (၁၂)

# နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်၆-နှင့်၈-မှ ၁၂-အထိ၊ အခန်း(၆) အပိုဒ်၄၃၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၆) အပိုဒ် ၁၀၇၊ ၁၀၈ အခန်း(၂၂)အပိုဒ် ၁၈၃-မှ ၁၈၅-အထိ၊ အခန်း (၂၇) အပိုဒ်၂၁၉-မှ ၂၂၃-အထိ။

၂၃၀။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် နိုင်ငံတော်သံဃ-မဟာနာယကအဖွဲ့၏ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များကို အတည်ပြုခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

၂၃၁။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၁၆) အပိုဒ်၉၆၊ ၉၇-တို့အရ အခြေခံစည်းမျဉ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက် နုတ်ပယ်လိုသော အချက်များကို အကျိုးအကြောင်း ဖော်ပြချက်နှင့်တကွ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးသို့ တင်သွင်းရမည်။

၂၃၂။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ အရေးကြီးသောကိစ္စနှင့် အရေးမကြီးသောကိစ္စများ ခွဲခြား သတ်မှတ်ပေးရမည်။ အရေးကြီးသောကိစ္စ ဖြစ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးပေါ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ခေါ်ယူကျင်းပ နိုင်သည်။

http://www.dhammadownload.com

၂၃၃။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သော တားမြစ်ဖွယ်ကိစ္စ၊ လိုက်နာဆောင်ရွက်ဖွယ်ကိစ္စများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာ၊ ညွှန်ကြားချက်မှုဖြင့် မလုံလောက်ပါက လုပ်ထုံးလုပ်နည်း၌ ထည့်သွင်း ရေးဆွဲထားရမည်၊ လုပ်ထုံးလုပ်နည်းဖြင့် မလုံလောက်သေးပါက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၌ ထည့်သွင်းပြဋ္ဌာန်းရန် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးသို့ တင်ပြရမည်။

၂၃၄။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များသည် မြို့နယ် / ပြည်နယ်/တိုင်း သံဃနာယက/ဝိနည်းဓိုရ်အဖြစ် ပါဝင် ဆောင်ရွက်ခြင်း မပြုရ။

http://www.dhammadownload.com

# အခန်း(၁၃)

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၂) အပိုဒ်၆-နှင့်၈-မှ ၁၃-အထိ၊ အခန်း(၆) အပိုဒ်၄၃၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၇) အပိုဒ် ၁၀၉-မှ ၁၂၃-အထိ။

၂၃၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကရေစာမေးပွဲ၊ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ၊ ပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများနှင့် စပ်လျဉ်း၍ ပုစ္ဆာထုတ်ခြင်း၊ စာမေးပွဲကျင်းပခြင်း၊ စာမေးပွဲကြီးကြပ်ခြင်း၊ အဖြေလွှာ စစ်ဆေးခြင်းစသော ပရိယတ္တိစာမေးပွဲများ ကျင်းပရေး လုပ်ငန်းကို တာဝန်ယူ၍ ဆောင်ရွက်စေရမည်။

၂၃၆။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မိမိထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာ၊ ညွှန်ကြားချက်များကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၂၃၇။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မြို့နယ် သီးခြား သံဃဝိနိစ္ဆယ အဖွဲ့များ၏ ဆုံးဖြတ်ချက်များကို တောင်းယူ ကြည့်ရှု သုံးသပ်၍ ပြန်လည်စစ်ဆေးရန် ညွှန်ကြားနိုင်သည်။

http://www.dhammadownload.com

၂၃၈။ ဂိုဏ်းကူးပြောင်းခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃမဟာနာယကအဖွဲ့/မြို့နယ်သံဃနာယကအဖွဲ့မှ ကြည်ပယ်ခံရခြင်း၊ စေတီအသစ်တည်ခြင်း၊ ကျောင်းကန်အသစ်ဆောက်လုပ်ခြင်း၊ သာသနာဝင်မှတ်တမ်း ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ မြို့နယ် သံဃနာယကအဖွဲ့/ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၏ ဆောင်ရွက်ချက်များကို လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများ၊ ညွှန်ကြားချက်များနှင့် မညီညွတ်ပါက ပြင်ဆင်နိုင်သည်။

၂၃၉။ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် မြို့နယ်/ပြည်နယ်/တိုင်း သံဃနာယကနှင့် မြို့နယ်/ပြည်နယ်/တိုင်း နိုင်ငံတော် ဝိနည်းဓိုရ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

## နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များ

၂၄၀။ နိုင်ငံတော် ဩဝါဒါစရိယ၏ လုပ်ငန်းတာဝန်များမှာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၆) အပိုဒ်၄၃ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၈) အပိုဒ်-၁၂၄၊ ၁၂၅၊ ၁၂၆ အတိုင်း ဖြစ်သည်။

၂၄၁။ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များသည် သံဃာ့ ဝန်ဆောင်/သံဃနာယက/ဝိနည်းဓိုရ် အဆင့်ဆင့်တွင် ပါဝင် ဆောင်ရွက်ခြင်းမပြုရ။

http://www.dhammadownload.com

# အပိုင်း (၃)

## အစည်းအဝေးများ

## အခန်း (၁၄)

### ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး

ရည်ညွှန်းချက် ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀)အပိုဒ်–၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၇၀၊ ၇၄ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၂)အပိုဒ်–၁၇၀ မှ ၁၈၅ အထိ။

၂၄၂။ သက်တမ်းပြည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပမည့်နေ့ရက်ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှစ်ပတ်လည်အစည်းအဝေးက သတ်မှတ်ပေးရမည်။

၂၄၃။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးက ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် –

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌဆရာတော် | ၁–ပါး၊ |
| (ခ) | ဒုတိယဥက္ကဋ္ဌဆရာတော် | ၂–ပါး၊ |
| (ဂ) | အကျိုးတော်ဆောင်ဆရာတော် | ၁–ပါး၊ |
| (ဃ) | တွဲဖက်အကျိုးတော်ဆောင်ဆရာတော် | ၂–ပါး၊ |
| (င) | အဖွဲ့ဝင်ဆရာတော် | ၄၁–ပါး၊ |

http://www.dhammadownload.com

၂၄၄။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးအဖွဲ့သည် မိမိအဖွဲ့ဝင်များဖြင့် အောက်ပါအဖွဲ့ငယ်များကို ဖွဲ့စည်းရမည် –

(က) ဦးဆောင်ဆရာတော်များအဖွဲ့၊

(ခ) ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့၊

(ဂ) ညှိနှိုင်းဆော်ဩရေးအဖွဲ့၊

(ဃ) အစီအစဉ်ရေးဆွဲရေးနှင့် မှတ်တမ်းပြုစုရေးအဖွဲ့၊

(င) အဆိုစိစစ်ရေးအဖွဲ့။

၂၄၅။ ဦးဆောင်ဆရာတော်များအဖွဲ့သည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးဆိုင်ရာ လုပ်ငန်းများ စနစ်တကျ အချိန်မီပြီးစီးရန် ကျန်အဖွဲ့ငယ်များကို ကြီးကြပ်ပေးရမည်။

၂၄၆။ အဖွဲ့ငယ်များအားလုံးနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စရပ်များကို ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၂၄၇။ ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် ရွေးချယ်ခံရသော သံဃသမ္မုတိ–ရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များစာရင်း ပြုစုခြင်း၊ ထေရုပ္ပတ္တိအကျဉ်းချုပ်ရယူခြင်း၊ သံဃသမ္မုတိ–ရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များထံသို့ ပင့်စာများ အချိန်မီရောက်ရန် စီစဉ်ခြင်း၊ ပြည်နယ်/တိုင်းအသီးသီးမှ အစည်းအဝေးပွဲကြီးသို့ အချိန်မီကြွရန် အစီအစဉ်နှင့် မိမိဒေသသို့ ပြန်လည်ကြွရန် အစီအစဉ်များ စနစ်တကျရှိစေရန် ဆောင်ရွက်ခြင်း၊ ကြွရောက်လာသည့် သံဃ

http://www.dhammadownload.com

သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်အသီးသီးအား နေရာချထားခြင်းစသော လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၂၄၈။ ညှိနှိုင်းဆော်ဩရေးအဖွဲ့သည် သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များအား အစည်းအဝေး အစီအစဉ်များကို ကြိုတင်လျှောက်ထားခြင်း၊ လိုအပ်သော စာရွက်စာတမ်းများကို ဝေငှခြင်း၊ အခြေခံဒေသအလိုက် လည်းကောင်း၊ ပြည်နယ်/တိုင်းနှင့် ဂိုဏ်းအလိုက်လည်းကောင်း ကြိုတင်ညှိနှိုင်းပွဲများ ဖြစ်မြောက်အောင် စီစဉ် ဆောင်ရွက်ခြင်း၊ အခြေခံဒေသအလိုက် ပြည်နယ်/တိုင်းနှင့် ဂိုဏ်းအလိုက် တင်သွင်းလိုသောအဆိုများ၊ တင်ပြလိုသော အကြောင်းအရာများကို စုပေါင်းညှိနှိုင်းရေးသား၍ အဆိုစိစစ်ရေးအဖွဲ့ငယ်သို့ ပေးပို့ခြင်းစသော လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၂၄၉။ အစီအစဉ်ရေးဆွဲရေးနှင့် မှတ်တမ်းပြုစုရေးအဖွဲ့သည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးအတွက် နေ့စဉ် အစည်းအဝေး ကျင်းပမည့် အစီအစဉ်များရေးဆွဲခြင်း၊ ရွေးချယ်ပွဲများနှင့် ညှိနှိုင်းပွဲများ အတွက် စီစဉ် ရေးဆွဲခြင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အစည်းအဝေးများအတွက် အစီအစဉ် ရေးဆွဲခြင်း၊ ကြိုတင်ညှိနှိုင်းပွဲများနှင့် အစည်းအဝေးပွဲများ၌ ဆွေးနွေးချက်များ၊ တင်ပြချက်များ အဆိုပြုချက်များ၊ ဩဝါဒကထာများ စသည်ဖြင့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးနှင့် စပ်လျဉ်းသော မှတ်တမ်းများကို ပြုစုခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်ရမည်။

http://www.dhammadownload.com

၂၅၀။ အဆိုစိစစ်ရေးအဖွဲ့သည် အစည်းအဝေးပွဲကြီးသို့ တက်ရောက်မည့် သံဃာ့သမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများထံသို့ အကြံပြုလွှာများ၊ တင်သွင်းလိုသော အဆိုများ ပေးပို့ကြပါရန် (၃)လကြိုတင်၍ စာဖြင့် လျှောက်ထားရမည်။

၂၅၁။ အဆိုစိစစ်ရေးအဖွဲ့သည် သံဃာ့ကိုယ်စားလှယ်ဆရာတော်များထံမှ ပေးပို့သော အဆိုပြုလွှာများနှင့် အခြေခံစည်းမျဉ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်နုတ်ပယ်လိုသော အကြံပြုလွှာများမှ သင့်လျော်သည်တို့ကို ရွေးချယ်စိစစ်ပြီးလျှင် သဘောတူရာ စုပေါင်း၍ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တင်သွင်းနိုင်ရန် စီစဉ်ရမည်။

၂၅၂။ အဆိုစိစစ်ရေးအဖွဲ့သည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တင်သွင်းရန်လျာထားသော အဆိုများကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးအဖွဲ့သို့ တင်ပြသဘောတူညီချက် ရယူရမည်။

၂၅၃။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ တင်သွင်းလိုသော အဆိုရှင်များနှင့် ဆွေးနွေးလိုသော သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များသည် ရှေးဦးစွာ အဆိုစိစစ်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ သဘောတူ ခွင့်ပြုချက် ရယူရမည်။

၂၅၄။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ပထမနေ့၌ အစည်းအဝေးကြွရောက်လာသော ဆရာတော်များအထဲမှ သင့်လျော်

http://www.dhammadownload.com

သည့် ဆရာတော်ကြီးများကို သင့်လျော်သည့် အရေအတွက်ဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် တင်မြှောက်ရမည်။

၂၅၅။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ အစည်းအဝေး အစီအစဉ်နှင့် အစည်းအဝေး၌ တင်သွင်းမည့် အဆိုများ ဆွေးနွေးမည့် အကြောင်းအရာများကို ပင့်လျှောက်လွှာနှင့်အတူ (၁)လ ကြိုတင်၍ သံဃသမ္မုတိ-ရ သံဃာ့ကိုယ်စားလှယ်များထံသို့ ပေးပို့ရမည်။

http://www.dhammadownload.com

# အခန်း (၁၅)

## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး

ရည်ညွှန်းချက် ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀)အပိုဒ်–၅၅၊ ၅၆၊ ၇၀၊ ၇၄၊ ၇၉။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၃)အပိုဒ်–၁၈၆ မှ ၁၈၉ အထိ၊အပိုဒ်–၁၉၂ မှ ၂၀၄ အထိ။

၂၅၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သာမန်အစည်းအဝေးကျင်းပမည့်နေ့ရက်ကို (၃)လကြိုတင်၍ သတ်မှတ်ပေးရမည်။

၂၅၇။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အသီးသီးထံသို့ လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက် နုတ်ပယ်လိုသော အချက်များနှင့် အခြားအကြံပြုဆွေးနွေးလိုသော အချက်များရှိပါက (၁)လကြိုတင်ပေးပို့ကြပါရန် လျှောက်ထားရမည်။

၂၅၈။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အသီးသီးထံသို့ အစည်းအဝေးအစီအစဉ်ကို ပင့်စာနှင့်အတူ ပူးတွဲ၍ (၁)လကြိုတင်ပေးပို့ရမည်။

၂၅၉။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးအစီအစဉ်ကို ရေးဆွဲပေးရမည်။

http://www.dhammadownload.com

၂၆၀။ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ အစည်းအဝေး၌ ဆွေးနွေးလိုသော အဖွဲ့ဝင်ဆရာတော်များသည် မိမိတို့ဆွေးနွေးလိုသည့် အကြောင်းအရာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ (၁၅)ရက် ကြိုတင်ပေးပို့ရမည်။

၂၆၁။ အစည်းအဝေးတွင် ပထမနေ့၌ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်သည် သဘာပတိနှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့်အကျိုးတော်ဆောင် ဆရာတော်တို့ မတက်ရောက်ခဲ့သော်လည်းကောင်း၊ သဘာပတိနှင့်အခမ်းအနားမှူးအဖြစ် မဆောင်ရွက်ခဲ့သော်လည်းကောင်း အလှည့်ကျအဖွဲ့ခွဲ၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်သည် သဘာပတိနှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။ ဒုတိယနေ့နှင့် တတိယနေ့များ၌ ကျန်အဖွဲ့ခွဲ (၂)ခုအနက် အစဉ်ကျရာ အဖွဲ့ခွဲ၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်သည် သဘာပတိနှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

http://www.dhammadownload.com

# အခန်း (၁၆)

## ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အစည်းအဝေး

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀) အပိုဒ်-၅၇၊ ၅၈၊ ၅၉၊ ၇၁။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၃)အပိုဒ်-၁၈၆ မှ ၁၈၉ အထိ၊ အပိုဒ် ၁၉၂ မှ ၂၀၇ အထိ။

၂၆၂။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အစည်းအဝေးကျင်းပမည့် နေ့ရက်ကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က (၂)လ ကြိုတင်၍ သတ်မှတ်ပေးရမည်။

၂၆၃။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အစည်းအဝေး၌ ဆွေးနွေးလိုသော ဆရာတော်များသည် မိမိဆွေးနွေးလိုသည့် အကြောင်းအရာများကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ (၁၅)ရက် ကြိုတင် ပေးပို့ရမည်။

၂၆၄။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အစည်းအဝေးအစီအစဉ်ကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့က ရေးဆွဲပေးရမည်။

၂၆၅။ ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင် အစည်းအဝေးပင့်လျှောက်လွှာကို အစည်းအဝေးအစီအစဉ်နှင့်အတူ ပူးတွဲ၍ (၁)လကြိုတင် ပေးပို့ရမည်။

၂၆၆။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သည် သက်တမ်းပြည့် ပြည်နယ်/တိုင်း သံဃာ့ဝန်ဆောင်အစည်းအဝေး ကျင်းပမည့်ရက်ကို (၁)လကြိုတင်သတ်မှတ်ပေးရမည်။

http://www.dhammadownload.com

# အခန်း (၁၇)

## မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေး

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀) အပိုဒ်–၆၀၊ ၆၁၊ ၆၂၊ ၇၂၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၃) အပိုဒ်–၁၈၆ မှ ၁၈၉ အထိ၊ အပိုဒ် ၁၉၂ မှ ၂၀၇ အထိ။

၂၆၇။ မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးကျင်းပမည့် နေ့ရက်ကို မြို့နယ်သံဃနာယကအဖွဲ့က (၁)လ ကြိုတင်၍ သတ်မှတ်ပေးရမည်။

၂၆၈။ မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေး၌ ဆွေးနွေးလိုသော ဆရာတော်များသည် မိမိဆွေးနွေးလိုသည့် အကြောင်းအရာများကို မြို့နယ်သံဃနာယကအဖွဲ့သို့ (၁၀)ရက် ကြိုတင်ပေးပို့ရမည်။

၂၆၉။ မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေးအစီအစဉ်ကို မြို့နယ်သံဃနာယကအဖွဲ့က ရေးဆွဲပေးရမည်။

၂၇၀။ မြို့နယ်သံဃာ့ဝန်ဆောင် အစည်းအဝေး ပင့်လျှောက်လွှာကို အစည်းအဝေး အစီအစဉ်နှင့်အတူ ပူးတွဲ၍ (၂၀)ရက် ကြိုတင်ပေးပို့ရမည်။

F.12

http://www.dhammadownload.com

# အခန်း (၁၈)

## ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေး

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀) အပိုဒ်-၆၃၊ ၆၄၊ ၆၅၊ ၇၃၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၃) အပိုဒ်-၁၈၆ မှ ၁၈၉ အထိ၊ အပိုဒ် ၁၉၂ မှ ၂၀၇ အထိ။

၂၇၁။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေး ကျင်းပမည့် နေ့ရက်ကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က (၂၀)ရက် ကြိုတင်၍ သတ်မှတ်ပေးရမည်။

၂၇၂။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေး၌ ဆွေးနွေးလိုသော ဆရာတော်များသည် မိမိဆွေးနွေးလိုသည့် အကြောင်းအရာများကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့သို့ (၁၀)ရက် ကြိုတင်ပေးပို့ရမည်။

၂၇၃။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေး အစီအစဉ်ကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့က ရေးဆွဲပေးရမည်။

၂၇၄။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့ဝန်ဆောင် အစည်းအဝေး ပင့်လျှောက်လွှာကို အစည်းအဝေးအစီအစဉ်နှင့်အတူ ပူးတွဲ၍ (၁၅)ရက် ကြိုတင်ပေးပို့ရမည်။

http://www.dhammadownload.com

# အခန်း (၁၉)

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အစည်းအဝေး

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀) အပိုဒ်-၆၆၊ ၇၀၊ ၇၅၊ ၇၉။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၃) အပိုဒ်-၁၉၀မှ ၂၀၄ အထိ။

၂၇၅။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အဖွဲ့ခွဲအစည်းအဝေး ကျင်းပမည့်နေ့ရက်ကို သာသနာရေးဦးစီးဌာနနှင့် ညှိနှိုင်း သတ်မှတ်ရမည်။

၂၇၆။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အလှည့်ကျအဖွဲ့ခွဲသည် နိုင်ငံတော်သံဃမဟာနာယက စုံညီအစည်းအဝေး ကျင်းပမည့် နေ့ရက်ကို (၁)လကြိုတင် သတ်မှတ်ပေးရမည်။

၂၇၇။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အလှည့်ကျအဖွဲ့ခွဲသည် ကျန်အဖွဲ့ဝင်များထံသို့ ပင့်လျှောက်လွှာနှင့်တကွ အစည်းအဝေး အစီအစဉ်ကို (၁)လကြိုတင် ပေးပို့ရမည်။

၂၇၈။ စုံညီအစည်းအဝေးတွင် ဥက္ကဋ္ဌဆရာတော်သည် သဘာပတိအဖြစ် ဆောင်ရွက်၍ အကျိုးတော်ဆောင်ဆရာတော်သည် အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ရမည်။

http://www.dhammadownload.com

၂၇၉။ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်တို့ အစည်းအဝေး မတက်ရောက်ခဲ့သော်လည်းကောင်း၊ တက်ရောက်သော်လည်း သဘာပတိအဖြစ်နှင့် အခမ်းအနားမှူးအဖြစ် မဆောင်ရွက်ခဲ့သော် လည်းကောင်း အလုပ်ညှိကျအဖွဲ့ခွဲ၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက် အကျိုးတော်ဆောင် ဆရာတော်သည် သဘာပတိနှင့် အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ရမည်။

http://www.dhammadownload.com

# အခန်း (၂၀)

## ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ အစည်းအဝေး

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀) အပိုဒ်-၆၇၊ ၇၆၊ ၇၉။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၃) အပိုဒ်-၁၉၂ မှ ၁၉၇ အထိ။ အပိုဒ် ၁၉၈ (ဂ) မှ ၂၀၄ အထိ။

၂၈၀။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ သာမန်အစည်းအဝေး ကျင်းပမည့်နေ့ရက်ကို ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က အနည်းဆုံး (၁)လ ကြိုတင်သတ်မှတ်နိုင်သည်။ သို့မဟုတ် ကျင်းပဆဲ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ အစည်းအဝေးက နောက်တစ်ကြိမ် အစည်းအဝေးကျင်းပမည့်နေ့ရက်ကို သတ်မှတ်နိုင်သည်။

၂၈၁။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်သည် အဖွဲ့ဝင်ဆရာတော် အသီးသီးထံသို့ အစည်းအဝေးပင့်စာနှင့် အစည်းအဝေးအစီအစဉ်ကို (၁)လကြိုတင်ပေးပို့ရမည်။

၂၈၂။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၅) အပိုဒ်-၁၀၂နှင့် ၁၀၃တို့အရ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

http://www.dhammadownload.com

# အခန်း (၂၁)

## မြို့နယ် သံဃနာယကအဖွဲ့ အစည်းအဝေး

ရည်ညွှန်းချက် ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း (၁၀) အပိုဒ်–၆၈၊ ၇၂၊ ၇၇၊ ၇၉။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၃) အပိုဒ်– ၁၉၀ မှ ၁၉၇ အထိ။ အပိုဒ် ၁၉၈ (က) (ဂ) မှ ၂၀၄ အထိ။

၂၈၃။ မြို့နယ်သံဃနာယကအဖွဲ့ သာမန်အစည်းအဝေး ကျင်းပမည့် နေ့ရက်ကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က (၁၅)ရက် ကြိုတင်သတ်မှတ်နိုင်သည်။ သို့မဟုတ် ကျင်းပဆဲ မြို့နယ်သံဃနာယက အဖွဲ့ အစည်းအဝေးက နောက်တစ်ကြိမ် အစည်းအဝေး ကျင်းပမည့် နေ့ရက်ကို သတ်မှတ်နိုင်သည်။

၂၈၄။ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်သည် အဖွဲ့ဝင် ဆရာတော် အသီးသီးထံသို့ အစည်းအဝေးပင့်စာနှင့် အစည်းအဝေး အစီအစဉ်ကို ၁၀–ရက်ကြိုတင် ပေးပို့ရမည်။

၂၈၅။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၄) အပိုဒ်– ၉၇ နှင့် ၉၈ တို့အရ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

http://www.dhammadownload.com

# အခန်း (၂၂)

## ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ အစည်းအဝေး

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၀)အပိုဒ်–၆၉၊ ၇၈၊ ၇၉။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၃)အပိုဒ်–၁၉၀ မှ ၁၉၈ (က) (ဂ)အထိ။ အပိုဒ် ၁၉၉ မှ ၂၀၄ အထိ။

၂၈၆။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ သာမန် အစည်းအဝေး ကျင်းပမည့် နေ့ရက်ကို ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က (၁၀)ရက် ကြိုတင် သတ်မှတ်နိုင်သည်။ သို့မဟုတ် ကျင်းပဆဲ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ အစည်းအဝေးက နောက်တစ်ကြိမ် အစည်းအဝေး ကျင်းပမည့်နေ့ရက်ကို သတ်မှတ်နိုင်သည်။

၂၈၇။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်သည် အဖွဲ့ဝင် ဆရာတော် အသီးသီးထံသို့ အစည်းအဝေးပင့်စာနှင့် အစည်းအဝေး အစီအစဉ်ကို ၅–ရက် ကြိုတင်ပေးပို့ရမည်။

၂၈၈။ ရပ်ကွက်/ကျေးရွာအုပ်စု ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ အစည်းအဝေးကျင်းပလိုလျှင် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

http://www.dhammadownload.com

# အပိုင်း (၄)

# စည်းကမ်းထိန်းသိမ်းရေး

## အခန်း (၂၃)

## အရည်အချင်းပျက်ယွင်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၈)အပိုဒ်–၄၆ မှ ၄၉အထိ၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၁၉) အပိုဒ်–၁၂၇။

၂၈၉။ အောက်ဖော်ပြပါ အရည်အချင်းပျက်ယွင်းမှုများသည် အလို အလျောက် ထင်ရှားပြီးဖြစ်၍ စုံစမ်းရန်မလိုသော အရည်အချင်း ပျက်ယွင်းမှုများဖြစ်ကြသည် –

(က) နုတ်ထွက်ခြင်း၊

(ခ) ပျံလွန်တော်မူခြင်း၊

(ဂ) လူဝတ်လဲခြင်း၊

(ဃ) အန္တိမဝတ္ထုဖြင့် ဆုံးဖြတ်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့်စပ်လျဉ်းသော ပြစ်မှုဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရခြင်း၊

(စ) တာဝန်မှ နုတ်ပယ်ခံရခြင်း၊

http://www.dhammadownload.com

၂၉၀။ အောက်ဖော်ပြပါ အရည်အချင်းပျက်ယွင်းမှုများသည် စုံစမ်းစစ်ဆေးပြီး၍ မှန်ကန်ကြောင်းတွေ့ရှိမှသာ ထိုက်သင့်သလို အရေးယူရန်ဖြစ်သည်။

(ဆ) စိတ်ပျံ့လွင့်ရူးသွပ်ခြင်း၊

(ဇ) တာဝန်မဆောင်ရွက်နိုင်အောင် မကျန်းမာခြင်း၊

(ဈ) ကုဋ္ဌနူနာရောဂါ စွဲကပ်ခြင်း၊

(ည) ရွေးချယ်တင်မြှောက်ခံရရာ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ပြည်နယ်/တိုင်း၊ နိုင်ငံတော်၏ ပြင်ပသို့ အာလယပြုတ် အပြီးအပိုင် ပြောင်းရွှေ့ဝါကပ် နေထိုင်ခြင်း၊

(ဋ) မိမိအပေါ်ကျရောက်သော တာဝန်ကို အကြောင်းမလုံ လောက်ဘဲ (၃)ကြိမ်မဆောင်ရွက် ပျက်ကွက်ခြင်း၊

(ဌ) တာဝန်ထက်ကျော်လွန်၍ ဆောင်ရွက်ခြင်း၊

(ဍ) အကြောင်းမလုံ လောက်ဘဲ (၃)ကြိမ် တစ်ဆက်တည်း အစည်းအဝေးသို့ မတက်ရောက်ခြင်း၊

၂၉၁။ အထက်အပိုဒ် ၂၉၀ အရ၊ စုံစမ်းစစ်ဆေးနေစဉ် သက်ဆိုင်ရာ ပုဂ္ဂိုလ်ကို တာဝန်မှချထားခြင်း မပြုရ။

၂၉၂။ အောက်ဖော်ပြပါ အရည်အချင်းပျက်ကွက်မှုကို စုံစမ်းစစ်ဆေးရေး အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးနေစဉ် သက်ဆိုင်ရာပုဂ္ဂိုလ်ကို တာဝန်မှ ချထားရမည် –

F.13

http://www.dhammadownload.com

(ပ) အယူတပါးပြောင်းရွှေ့ခြင်း၊

(ဏ) လာဘ်ယူမှု ထင်ရှားခြင်း၊

(တ) အဂတိတရား လိုက်စားခြင်း၊

(ထ) ပင့်ခေါ်သော်လည်း မလာရောက်ခြင်း၊ ညွှန်ကြားချက်အတိုင်း မဆောင်ရွက်ခြင်း စသည်ဖြင့် အထက်သံဃာ့အဖွဲ့အစည်းကို မလေးစားသည့်သဘော ထင်ရှားခြင်း၊

(ဒ) ဂိုဏ်းကူးပြောင်းခြင်း။

http://www.dhammadownload.com

# အခန်း (၂၄)

## ပဏာမစုံစမ်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၈)အပိုဒ်-၄၆ မှ ၄၈အထိ၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၀) အပိုဒ်-၁၃၂ မှ ၁၃၇ အထိ။

၂၉၃။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ ပါဝင်သော ပုဂ္ဂိုလ်တစ်ပါးပါးသည် အရည်အချင်းပျက်ယွင်းမှု တစ်ခုခုဖြစ်လျှင် အဆင့်မြင့် သံဃာ့အဖွဲ့အစည်းသို့ မည်သူမဆို နာမည်နေရပ် ဖော်ပြ၍ လက်မှတ်ရေးထိုး တိုင်ကြားလျှောက်ထားနိုင်သည်။

၂၉၄။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌ ပါဝင်သော ပုဂ္ဂိုလ်များသည် မိမိတို့ အဖွဲ့ဝင်တစ်ပါးပါး အရည်အချင်း ပျက်ယွင်းမှုကို သက်ဆိုင်ရာ တစ်ဆင့်မြင့် သံဃာ့အဖွဲ့အစည်းသို့ တင်ပြလျှောက်ထားရမည်။

၂၉၅။ တစ်ဆင့်မြင့်သံဃာ့အဖွဲ့သည် တိုင်ကြားသူ၏ ဘွဲ့အမည် လိပ်စာကို လိုအပ်ပါက လျှို့ဝှက်ထား၍ တိုင်ကြားစာပါ လိုရင်း အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလျက် စွပ်စွဲခံရသော ပုဂ္ဂိုလ်အား ရှင်လင်းချက်တောင်းခံရမည်။

၂၉၆။ သက်ဆိုင်ရာတစ်ဆင့်မြင့် သံဃာ့အဖွဲ့သည် ထိုပုဂ္ဂိုလ်၏ ရှင်းလင်းချက်ကို ကျေနပ်လက်ခံပါက ဆက်လက်အရေးယူရန်မလို။

http://www.dhammadownload.com

အရေးယူရန် မလိုသည့် အကြောင်းကို တိုင်ကြားသူထံ စာဖြင့် အသိပေးရမည်။ တိုင်ကြားသူက မကျေနပ်လျှင် တစ်ဆင့်မြင့် သံဃနာယကအဖွဲ့သို့ ထပ်မံ တိုင်ကြားနိုင်သည်။

၂၉၇။ ထိုပုဂ္ဂိုလ်၏ ရှင်းလင်းချက်ကို ကျေနပ်လက်ခံဖွယ်ရာ မရှိဟု ယူဆပါက တစ်ဆင့်မြင့် သံဃာ့အဖွဲ့သည် ပဏာမ စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၂၉၈။ ပဏာမ စုံစမ်းရေးအဖွဲ့သည် တိုင်ကြားစာများ စွဲချက်များနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်မှ တင်ပြသည့်သက်သေနှင့် အထောက်အထား များကို လေ့လာစုံစမ်းရမည်။

၂၉၉။ ထိုသို့ပဏာမစုံစမ်းရေးအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးနေစဉ်တွင် စွပ်စွဲခံရသော ပုဂ္ဂိုလ်ကို တာဝန်မှချထားခြင်းမပြုရ။

၃၀၀။ စွပ်စွဲချက်သည် မခိုင်လုံဟု ပဏာမစုံစမ်းရေးအဖွဲ့က အစီရင်ခံစာ တင်သွင်းပါက ဆက်လက်စုံစမ်းစစ်ဆေးရန်နှင့် တစ်စုံတစ်ရာ အရေးယူရန်မလို။

၃၀၁။ ပဏာမ စုံစမ်းရေးအဖွဲ့က အရည်အချင်းပျက်ယွင်းကြောင်း စွပ်စွဲချက်များသည် ခိုင်လုံသော အထောက်အထားတွေ့ရှိရ၍ အပြစ်ဒဏ် သတ်မှတ်ချက်များ ထည့်သွင်းဖော်ပြလျက် အစီရင်ခံစာ တင်သွင်းလျှင် တစ်ဆင့်မြင့် သံဃာ့အဖွဲ့သည် ထိုအစီရင်ခံစာတွင် ပါသည့်အတိုင်း လိုအပ်သလို အရေးယူနိုင်သည်။

http://www.dhammadownload.com

# အခန်း (၂၅)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၈)အပိုဒ်–၄၆ မှ ၄၉အထိ၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၁) အပိုဒ်– ၁၃၈ မှ ၁၆၂ အထိ။

၃၀၂။ ပဌာမ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာဖြင့် မလုံလောက်သေးဟု ယူဆပါက တစ်ဆင့်မြင့် သံဃာ့အဖွဲ့သည် "စုံစမ်းစစ်ဆေးရေးအဖွဲ့"ကို ဖွဲ့စည်း၍ ထပ်မံစစ်ဆေးနိုင်သည်။

၃၀၃။ တစ်ဆင့်မြင့် သံဃာ့အဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စွပ်စွဲခံရသောပုဂ္ဂိုလ်နှင့် အဆင့်တူပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊ တစ်ဆင့်မြင့် သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များဖြင့်လည်းကောင်း အနည်းဆုံး (၃)ပါး အများဆုံး (၅)ပါး ပါဝင်စေလျက် ဖွဲ့စည်းရမည်။

၃၀၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း အမိန့်စာကို အဖွဲ့ဝင် ပုဂ္ဂိုလ်အသီးသီးသို့ ပေးပို့ရမည်။

၃၀၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်သို့ သက်ဆိုင်ရာ အမှုတွဲနှင့် စာရွက်စာတမ်း အထောက်အထားများကို ပေးအပ်ရမည်။

၃၀၆။ အဖွဲ့ခေါင်းဆောင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ပုဂ္ဂိုလ်အားလုံးနှင့် ညှိနှိုင်းစည်းဝေး၍ စစ်ဆေးမည့် နေ့ရက်၊ အချိန်၊ နေရာ သတ်မှတ်ပြီးလျှင် ထိုပုဂ္ဂိုလ်အပေါ် စွဲချက်တစ်ခုခုတင်ရမည်။

http://www.dhammadownload.com

၂၀၇။ စွပ်စွဲသောပုဂ္ဂိုလ် စွပ်စွဲခံရသောပုဂ္ဂိုလ်နှင့် သက်သေများကို လာရောက်အစစ်ဆေးခံရန် နေ့ရက်၊ အချိန်၊ နေရာဌာနကို ဖော်ပြလျက် ပင့်လျှောက်/ဆင့်ခေါ်ရမည်။

၂၀၈။ ရှေးဦးစွာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များအား နှစ်ဖက်ပုဂ္ဂိုလ်များ အနေဖြင့် ကန့်ကွက်ရန်ရှိ–မရှိ မေးမြန်း၍ ကန့်ကွက်ရန်မရှိ ဆိုပါက အမှုကို ဆက်လက်စစ်ဆေးရမည်။

၂၀၉။ ကန့်ကွက်ပါက သက်ဆိုင်ရာ သံဃာ့အဖွဲ့သို့ ပြန်လည် လျှောက်ထားရမည်။ ကန့်ကွက်ချက်သည် အကြောင်းပြ မခိုင်လုံပါက အမှုကို ဆက်လက်စစ်ဆေးရမည်၊ အကြောင်းပြခိုင်လုံပါက စုံစမ်း စစ်ဆေးရေးအဖွဲ့ကို အသစ်ထပ်မံ ဖြည့်စွက် ဖွဲ့စည်းပေးရမည်။

၂၁၀။ ရှေးဦးစွာ စွပ်စွဲသောပုဂ္ဂိုလ်နှင့် ၎င်း၏ သက်သေများကို စစ်ဆေးရမည်၊ ထို့နောက် စွပ်စွဲခံရသော ပုဂ္ဂိုလ်နှင့် ၎င်း၏သက်သေ များကို စစ်ဆေးရမည်။

၂၁၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်များနှင့် သုံးသပ်ချက်၊ ထင်မြင်ချက်၊ အကြံပြုချက်များ ပါဝင်စေလျက် သက်ဆိုင်ရာ သံဃာ့အဖွဲ့သို့ အစီရင်ခံစာ တင်သွင်းရမည်။

http://www.dhammadownload.com

# အခန်း (၂၆)

## သာသနာ့အလံတော်

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၄)အပိုဒ်–၉၄၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၅)အပိုဒ်–၂၀၉ မှ ၂၁၂ အထိ။

**သာသနာ့အလံ၏အရွယ်အစား**

၂၁၂။ သာသနာ့အလံတော်ကို အောက်ဖော်ပြပါအတိုင်း အရွယ်အစား (၄)မျိုး ပြုလုပ်အသုံးပြုနိုင်သည် –

(က) အလျား ၉–ပေ၊ အနံ ၅–ပေ (တစ်မျိုး)

(ခ) အလျား ၄–ပေ၊ ၆–လက်မ၊ အနံ ၂–ပေ ၆–လက်မ (တစ်မျိုး)

(ဂ) အလျား ၂–ပေ၊ ၃–လက်မ၊ အနံ ၁–ပေ ၃–လက်မ (တစ်မျိုး)

(ဃ) အလျား ၉–လက်မ၊ အနံ ၅–လက်မ (တစ်မျိုး) –

ဟူ၍ အရွယ်အစား (၄)မျိုး ပြုလုပ် အသုံးပြုနိုင်သည်။

၂၁၃။ အလျားကို အညီအမျှ ၆–ချိုး ချိုး၍ အောက်ဖော်ပြပါ အရောင် ၆–မျိုးကို လက်ဝဲဘက်မှ စတင်၍ အစဉ်အတိုင်း အရောင်ခြယ်ရမည် –

http://www.dhammadownload.com

အပြာရင့်

အဝါရင့်

ဝဲ အပြာရင့် အဝါရင့် အနီရင့် အဖြူ ပန်းနု အနီရင့် ယာ

ရောင် ရောင် ရောင် ရောင် ရောင် အဖြူ

ပန်းနုရောင်

(က) အောက်မဲ့ညို ပန်းပွင့်ရောင်ကဲ့သို့ အညိုပါသော အပြာရင့်ရောင်သည် နီလအရောင် ဖြစ်သည်။

(နီလာနန္တိ ဥမာပုပ္ဖဝဏ္ဏာနံ)

(ခ) မဟာလှေကား ပန်းရောင်ကဲ့သို့ ရွှေအဆင်းနှင့်တူသော အဝါရင့်ရောင်သည် ပီတအရောင် ဖြစ်သည်။

(ပီတကာနန္တိ ကဏိကာရပုပ္ဖဝဏ္ဏာနံ)

(ဂ) သိကြားကွမ်းသွေးရောင် ဟင်္သပြဒါးမှုန့်၊ ချိပ်ရည်အရောင်ကဲ့သို့ အနီရင့်ရောင်သည် လောဟိတ အရောင် ဖြစ်သည်။

(လောဟိတကာနန္တိ ဇာတိဟိင်္ဂုလကဝဏ္ဏာနံ)

(ဃ) သောကြာကြယ်ရောင်၊ ငွေအိုးမှ သွန်းလောင်းအပ်သော နွားနို့ရောင်၊ စပယ်ပန်း အဖြူရောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူသောအရောင်သည် ဩဒါတအရောင် ဖြစ်သည်။

(ဩဒါတာနန္တိ ဩသဓိတာရကာဝဏ္ဏာနံ)

http://www.dhammadownload.com

(င) အရုဏ်ရောင်ကဲ့သို့ အနည်းငယ်နီသော သန္တာ ကျောက်မျက်ရတနာရောင် (ပန်းနုရောင်)သည် မဥ္ဇိဋ္ဌ အရောင် ဖြစ်သည်။

(မဥ္ဇိဋ္ဌာနန္တိ မန္ဒရတ္တဝဏ္ဏာနံ)

(စ) အထက်ဖော်ပြပါ အရောင်ငါးပါး ရောနှောနေသော အရောင်သည် ပဘဿရအရောင် ဖြစ်သည်။

(ပဋိသမ္ဘိဒါမဂ္ဂ၊ ၄၊ ၂၊ ၁၃။)

၁၁၄။ သာသနာ့အလံတော်ကို အောက်ဖော်ပြပါ နေ့ရက်များ၌ အသုံးပြုနိုင်သည် –

(က) ကဆုန်[illegible] ဗုဒ္ဓ အခါတော်နေ့၊

(ခ) နယုန်လပြည့် မဟာသမယ အခါတော်နေ့၊

(ဂ) ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့၊

(ဃ) သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၊

(င) တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့၊

၁၁၅။ သာသနာ့အလံတော်ကို အောက်ဖော်ပြပါ ပွဲတော်များ၌ အသုံးပြုနိုင်သည် –

(က) ဝါဆိုပွဲတော် အခမ်းအနား၊

(ခ) ကထိန်ပွဲတော် အခမ်းအနား၊

(ဂ) အဘိဓမ္မာအခါတော်နေ့ အခမ်းအနား၊

(ဃ) ရှင်ပြုမင်္ဂလာ အခမ်းအနား၊

F. 14

http://www.dhammadownload.com

(င) ရဟန်းခံမင်္ဂလာ အခမ်းအနား၊

(စ) ဆွမ်းကြီးလောင်းပွဲတော် အခမ်းအနား၊

(ဆ) မဟာဘွဲ့နှင်းသဘင် အခမ်းအနား၊

(ဇ) ဂုဏ်ထူးဘွဲ့နှင်းသဘင် အခမ်းအနား၊

(ဈ) နိုင်ငံတော်က ကျင်းပသော ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ

အခမ်းအနား၊

(ည) တိပိဋကစာမေးပွဲနှင့် ပူဇော်ပွဲ အခမ်းအနား၊

(ဋ) စာမေးပွဲ အခမ်းအနားများ၊

(ဌ) စာပြန်ပွဲ အခမ်းအနားများ၊

(ဍ) သံဃနာယကအဖွဲ့က ခွင့်ပြုသည့် တရားပွဲ အခမ်းအနား၊

(ဎ) ထီးတော်တင်ပွဲ အခမ်းအနား၊

(ဏ) ဗုဒ္ဓပူဇနိယ အခမ်းအနားများ၊

(တ) သံဃာ့အစည်းအဝေးများ၊

(ထ) သံဃဝိနိစ္ဆယအဖွဲ့ စစ်ဆေးဆုံးဖြတ်ရန်ဌာန၊

(ဒ) ဘာသာရေး, သာသနာရေးနှင့်ဆိုင်သည့် သင်တန်းများ၊

(ဓ) ပဋ္ဌာန်း ဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်သည့်

အခမ်းအနား၊

(န) နိကာယ်စာပြန်ပွဲ ပူဇော်ပွဲ အခမ်းအနားများ၊

၁၁၆။ သာသနာ့အလံတော်ကို အောက်ဖော်ပြပါအတိုင်း လွှင့်ထူရမည်–

(က) သာသနာ့အလံတော်ကို လွှင့်ထူသည့်အခါ နီလ–အပြာ

ရင့်ရောင်ကို လွှင့်ထူသူ၏ ဝဲဘက်၌သာ ရှိစေရမည်။

http://www.dhammadownload.com

(ခ) သာသနာ့အလံတော်ကို လွှင့်ထူသည့်အခါ အရောင် ငါးပါး ရောနှောနေသော ပဘာဿရအရောင်တွင် လက်ယာဘက် အပေါ်ဆုံးထိပ်မှာ နီလ–အပြာ ရင့်ရောင် အမြဲရှိနေရမည်။

(ဂ) သာသနာ့အလံတော်ကို လွှင့်တင်ရာတွင် တိုင်ထိပ် အရောက် သွက်လက်စွာ ဆွဲတင်ရမည်၊ အလံတော်ကို ချသောအခါတွင်မူ ဖြည်းညင်းစွာ ချရမည်။

(ဃ) အလံတော်ကို နေထွက်မှ နေဝင်အထိသာ လွှင့်ထား ရမည်၊ ကြီးကျယ်သော ဘာသာရေးအခမ်းအနားရှိမှု ညအချိန်တွင်လည်း လွှင့်ထူထားနိုင်သည်။

၃၁၇။ သာသနာ့အလံတော်ကို အောက်ဖော်ပြပါနည်းအတိုင်း စိုက်ထူ လွှင့်ထူကြရမည်–

(က) အလံတော်ကို တရားဟော စင်မြင့်ပေါ်၌ ဆင်ယင်လိုလျှင် ကျောဘက် နံရံအမြင့်တွင် အလျားလိုက် ထားရမည်၊ အလံတော်၏ အပြာရင့်ရောင်သည် လွှင့်ထူသူ၏ ဝဲဘက်၌သာ ရှိစေရန်နှင့် ပဘာဿရအရောင်၏ လက်ယာဘက်ထိပ်မှာ အပြာရင့်ရောင်ရှိစေရန် သတိပြု ပါ။

(ခ) အခြားအလံများနှင့် စုပေါင်းစိုက်ထူလိုလျှင် သာသနာ့ အလံတော်ကို အလံအားလုံး၏ အလယ်ဗဟိုတွင် ရှိစေ၍ အခြားအလံများထက် မြင့်တားရမည်။

http://www.dhammadownload.com

(ဂ) တရားဟောစင်များ၌ စိုက်ထူထားလျှင် အလံတော်ကို တရားဟောသူ၏ လက်ယာဘက် ရှေ့ကျကျ၌ စိုက်ထူရမည်။

(ဃ) တရားဟောစင်တွင် သာသနာ့အလံတော် အပြင် အခြားအလံတစ်ခုကိုလည်း စိုက်ထူလိုလျှင် ယင်းအလံကို တရားဟောသူ၏ လက်ဝဲဘက်၌ စိုက်ထူရမည်။

(င) မော်တော်ယာဉ်ပေါ်၌ သာသနာ့အလံတော်ကို လွှင့်ထူသည့်အခါ အလံရိုးကို မော်တော်ယာဉ်ကြီးများ၏ အမိုး၏ရှေ့ပိုင်း၌ ခိုင်မြဲစွာ စိုက်ထူရမည်။ ကားငယ်များ၌ လက်ယာဘက် ရှေ့ပိုင်း၌ လွှင့်ထူရမည်။

(စ) ဗောဓိပင်ကို ဖြစ်စေ၊ ဘုရားထီးတော်ကို ဖြစ်စေ၊ ဆရာတော်ကြီးများကို ဖြစ်စေ၊ စာအောင်သံဃာတော်များကို ဖြစ်စေ၊ ဓမ္မကထိကဆရာတော်များကို ဖြစ်စေ၊ ကြိုဆိုသည့် အခမ်းအနားများ၌ မော်တော်ယာဉ်၌ အသုံးပြုသည့်အခါ သွားကြိုသည့်အခါ အသွားခရီးမှာ သာသနာ့အလံတော်ကို သေသပ်စွာ လိပ်ပြီး သွားရမည်။ အပြန်ကြိုလာသည့်အခါကျမှသာ အလံတော်ကို ဖွင့်လာရမည်။ စက္ကူအလံအသေးများကို သုံးစွဲသည့်အခါ ဒေါင်လိုက်ချိတ်ဆွဲ အသုံးပြုနိုင်သည်။

(ဆ) အခြားဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် ဘာသာရေးဆိုင်ရာ အခမ်းအနားနှင့် အစည်းအဝေးပွဲများတွင်လည်း အထက်ဖော်ပြပါနည်းအတိုင်း စနစ်တကျ အသုံးပြုနိုင်သည်။

http://www.dhammadownload.com

၃၁၈။ သာသနာ့အလံတော်၏ ဂုဏ်သိရ်ကို ထိန်းသိမ်းစောင့်ရှောက်၍ လေးစားသမှု ပြုကြရန်အတွက် အောက်ပါ တားမြစ်ချက်များကို လိုက်နာကြရမည် -

(က) သာသနာ့အလံတော်ကို ရဟန်းတော်များ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဘုရားဖူးယာဉ်အမျိုးမျိုး၌ တပ်ဆင် အသုံးမပြုရ၊

(ခ) လမ်းဘေး၊ လမ်းဆုံလမ်းခွ၊ မော်တော်ယာဉ်ဆိပ်၊ ရေဆိပ်၊ ဈေးစသော ဌာနတို့၌ အကြောင်းမဲ့သက်သက် သာသနာ့ အလံတော်ကို အသုံးမပြုရ၊

(ဂ) မော်တော်ယာဉ်များကို သာသနာ့အလံတော်များဖြင့် ရပ်တန့်တားဆီး၍ ခရီးသွားများထံမှ အလှူခံခြင်းမျိုး၌ အသုံးမပြုရ၊

(ဃ) သာသနာ့အလံတော်ကို မရိုမသေ မလေးမစား မပြုရ၊ အလံတော်ကို မည်သူသို့မျှ (သို့မဟုတ်) မည်သည့်အရာ ဝတ္ထုသို့မျှ မညွတ်စေရ၊

(င) သာသနာ့အလံတော်ကို တစ်နည်းနည်းဖြင့် အလွယ်တကူ စုတ်ပြတ်အောင်၊ ညစ်ထေး စွန်းကွက်အောင်၊ ပျက်စီး အောင် မလွှင့်ထူရ၊ ဆင်ယင်ပြသခြင်း မပြုရ၊ အသုံးမပြုရ၊ ကားသိခြင်းမပြုရ၊

http://www.dhammadownload.com

(စ) သာသနာ့အလံတော်ကို နဖူးစည်းအဖြစ် မည်သည့်ဌာနတွင်မျှ မသုံးရ၊

(ဆ) သာသနာ့အလံတော်ကို ပစ္စည်းထုတ်ရန် မည်သည့်အခါမျှ အသုံးမပြုရ၊ ကုန်အမှတ်တံဆိပ်၊ ကြော်ငြာ၊ ဆိုင်းဘုတ် စသည်တို့အတွက် အလံတော်ပုံစံကို မည်သည့်အခါမျှ မသုံးရ၊

(ဇ) သာသနာ့အလံတော်ကို လွှင့်ထူသော အလံတိုင်တွင် မည်သည့် ကြော်ငြာစာမျှ မကပ်ရ မချိတ်ရ၊

(ဈ) သာသနာ့အလံတော်ကို အသုံးပြုရာတွင် ချည်နှောင် ထုံးဖွဲ့ရစ်ပတ်ခြင်း မပြုရ၊

(ည) သာသနာ့အလံတော်ကို အောက်ဖက်ရှိ မြေပြင်၊ ရေပြင်၊ ကြမ်းပြင် ပစ္စည်းဝတ္ထု စသည်တို့နှင့် မထိပါးစေရ၊

(ဋ) အလံတော်ကို အခင်းအဖြစ် မည်သည့်အခါမျှ အသုံး မပြုရ၊

(ဌ) သာသနာ့အလံတော်၏ အထက်၌ မည်သည့်အလံမျှ မလွှင့်ထူရ၊

(ဍ) ကျောက်ရုပ် ကျောက်တိုင် ရုပ်တု အစရှိသော အထိမ်း အမှတ်နှင့် ပွဲများ၌ အလံတော်ကို လွှင့်နိုင်သည်။ သို့သော် ကျောက်ရုပ် ကျောက်တိုင် ရုပ်တု စသည်တို့ကို အလံတော်ဖြင့် ဖုံးအုပ်မထားရ၊

http://www.dhammadownload.com

(ဃ) သာသနာ့အလံတော်ကို မည်သည့်အခါမျှ စွန့်ပစ်ခြင်း မပြုရ၊ ဟောင်းနွမ်းစုတ်ပြတ်၍ အသုံးမပြုနိုင်လျှင် မီးရှို့ ဖျက်ဆီးရမည်။

၃၁၉။ အပိုဒ်–၃၁၈ ပါ တားမြစ်ချက်များကို မလိုက်နာသော ပုဂ္ဂိုလ် များအား ဓမ္မဝိနယနှင့်အညီ အရေးယူပေးရန် သံဃနာယကအဖွဲ့ များက အာဏာပိုင်အဖွဲ့အစည်းများသို့ မေတ္တာရပ်ခံရမည်။

http://www.dhammadownload.com

# အခန်း (၂၇)

## သာသနာဝင်မှတ်တမ်း ဆက်ကပ်ရေးအတွက် လုပ်ငန်းအစီအစဉ်နှင့် သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံများ ဖြည့်စွက်ရေးသားခြင်း

**ရည်ညွှန်းချက်** ။ ။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁၉) အပိုဒ်-၁၀၃၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း (၂၉) အပိုဒ်-၂၂၇ မှ ၂၃၈ အထိ။

၃၂၀။ မြို့နယ်သာသနာရေးဦးစီးမှူးများသည် သာသနာဝင်တစ်ပါးချင်း မှတ်တမ်းပုံစံများကို ဖြန့်ဝေဆက်ကပ်ရန်နှင့် ရေးသားခြင်းလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်သွားကြမည် ဖြစ်ပါသည် -

(က) သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံများကို မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ ဩဝါဒ ခံယူ၍ ဖြန့်ဝေဆက်ကပ်သွားရန်၊

(ခ) သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံများကို မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကျောင်းထိုင် ဆရာတော်များထံသို့ ကျောင်းတိုက်ရှိ ဝါဆိုသံဃာစာရင်းအရ ဖြန့်ဝေ ဆက်ကပ်သွားရန်၊

(ဂ) သက်တော် ၁၀-နှစ်ပြည့်ပြီး ရှင်သာမဏေများမှာ သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံ (ရှင်သာမဏေ အတွက်) သသပုံစံ (၁)တွင် လည်းကောင်း၊ ရဟန်း တော်များမှာ သာသနာဝင်တစ်ပါးချင်း မှတ်တမ်း ပုံစံ

http://www.dhammadownload.com

(ရဟန်းတော်အတွက်) သသပုံစံ (၂)တွင် လည်းကောင်း ဖြည့်စွက်ရေးသားရန်၊

(ဃ) မြို့နယ်သံဃာစာရင်းဝင် သံဃာတော်များသည် သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံများကို တစ်ပါးလျှင် ၂-စောင်ကျစီ ရေးသားဖြည့်သွင်းရန်။

၃၂၁။ သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံများ ရေးသား ဖြည့်သွင်းရာတွင် အောက်ပါ စည်းကမ်းများနှင့်အညီ ရေးသားတော်မူကြရန် ဖြစ်ပါသည် -

(က) ဘောပင်ဖြင့်သာ ရေးသားဖြည့်သွင်းရန်၊ (ပုံစံ စာရွက်မှာ နှစ်ဖက်ရေးသွင်းရမည်ဖြစ်၍ ဖောင်တိန်ဖြင့် ရေးပါက မင်ပျံ့ပြီး ဖတ်မရ ဖြစ်သွားနိုင်သည်)။

(ခ) မင်ရောင်ကို အနက်နှင့် အပြာမှလွဲ၍ အခြား အရောင်များ လုံးဝမသုံးရန်၊

(ဂ) လက်ရေးကို သေသပ်ရှင်းလင်း ပီသစွာ ရေးသားရန်၊

(ဃ) သတ်ပုံ၊ သတ်ညွှန်း မှန်ကန်စေရန်၊

(င) ညစ်ပေစွန်းထင်ခြင်း မရှိစေရန်၊

(စ) မှားယွင်း၍ ဖျက်ဆီးရေးသားခြင်းများ မရှိစေဘဲ သန့်ရှင်းစေရန်။

http://www.dhammadownload.com

၃၂၂။ သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံ (ရဟန်းတော်အတွက်) သသပုံစံ(၂)မှ အချက်အလက်များကို အောက်ပါအတိုင်း ဖြည့်စွက် ရေးသားရန် ဖြစ်ပါသည် -

(က) စာအုပ်အမှတ်စဉ်--တွင် ဝါဇီလုပ်ငန်းစီမံကိန်း ဦးစီးဌာန မှ ရိုက်နှိပ်ထုတ်ဝေသော သက်ဆိုင်ရာ သာသနာဝင်မှတ်တမ်းစာအုပ်အမှတ်စဉ်ကို ဌာနဆိုင်ရာ ဝန်ထမ်းများက ရေးသွင်းမည် ဖြစ်ပါသည်။

(ခ) သာသနာဝင်အမှတ်--တွင် သက်ဆိုင်ရာ ပြည်နယ်/ တိုင်း ဂဏန်းအမှတ်စဉ်နှင့် မြို့နယ်အက္ခရာစဉ် သင်္ကေတကို ရေးသားပြီးနောက် ရဟန်းတော် တစ်ပါး ချင်းအား ဂဏန်း ၆-လုံးပါ မှတ်တမ်း အမှတ်စဉ်ကို ဌာနဆိုင်ရာ ဝန်ထမ်းများက ရေးသွင်းမည် ဖြစ်ပါသည်။

(ဂ) ဓာတ်ပုံနှင့် ရုံးတံဆိပ်--နေရာတွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ ဓာတ်ပုံကိုကပ်ပြီး မြို့နယ် (ဖောင်းကြွ) တံဆိပ်ရိုက်နှိပ်ပါမည်၊ ဓာတ်ပုံအရွယ်အစားမှာ အလျား ၁ ၁/၄လက်မနှင့် အနံ ၁ ၁/၂လက်မရှိမည် ဖြစ်ပါသည်။

(ဃ) ဘွဲ့တော်--တွင် သက်ဆိုင်ရာ မှတ်တမ်းတင်သည့် ရဟန်းတော်၏ ဘွဲ့တော်ကို ရေးသားရပါမည်၊ နမူနာ အားဖြင့် "ဦးခန္တိ" "ဦးဇဝန"စသည်ဖြင့် ရေးသားရန် ဖြစ်ပါသည်။

http://www.dhammadownload.com

(င) ယခုသီတင်းသုံးရာဌာန

(၁) ပြည်နယ်/တိုင်း--တွင် မိမိ သီတင်းသုံးရာ ပြည်နယ် (သို့မဟုတ်) တိုင်းအမည်ကို ရေးသားရပါမည်၊ ပြည်နယ်ဖြစ်ပါက "တိုင်း" ကို၊ တိုင်းဖြစ်ပါက "ပြည်နယ်"ကို မျဉ်းသား ဖျက်ရပါမည်၊

(၂) မြို့နယ်--တွင် မှတ်တမ်းတင်သည့် ရဟန်းတော် သီတင်းသုံး နေထိုင်ရာ ကျောင်းတည်ရှိသော မြို့နယ်၏ အမည်ကို ရေးသားရပါမည်၊

(၃) မြို့--တွင် မှတ်တမ်းတင်သည့် ရဟန်းတော် သီတင်းသုံး နေထိုင်ရာ ကျောင်းတည်ရှိသော ပြန်တမ်းဝင်မြို့ (သို့မဟုတ်) ဒေသအခေါ်အဝေါ် မြို့အမည်ကို ရေးသားရပါမည်၊ သီတင်းသုံး နေထိုင်ရာအရပ်သည် မြို့မတွင် ပါဝင်ခြင်း မရှိပါက ယင်း--နေရာတွင် (–) အမှတ်အသား ရေးသားရပါမည်၊

(၄) **ရပ်ကွက်/ကျေးရွာအုပ်စု**--တွင် မှတ်တမ်း တင်သည့် ရဟန်းတော် သီတင်းသုံးရာကျောင်း တည်ရှိသော ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်စု အမည်ကို ရေးသားရမည်၊ ရပ်ကွက် ဖြစ်ပါက "ကျေးရွာအုပ်စု"ကို၊ ကျေးရွာအုပ်စု ဖြစ်ပါက "ရပ်ကွက်"ကို မျဉ်းသားဖျက်ရပါမည်၊

http://www.dhammadownload.com

(၅) **ရွာ**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော် သီတင်းသုံးရာ ကျောင်းတည်ရှိသော ရွာအမည် ကို ရေးသားရမည်၊ ကျေးရွာတွင် သီတင်းမသုံး ပါက ယင်းနေရာတွင် (-)အမှတ်အသား ရေးသားရပါမည်၊

(၆) **ကျောင်းတိုက်**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော် သီတင်းသုံးရာ ကျောင်းတိုက်အမည် ကို ရေးသားရမည်၊ကျောင်းတိုက် မဟုတ်ပါက ယင်းနေရာတွင် (-)အမှတ်အသား ရေးသားရပါ မည်၊

(၇) **ကျောင်း**--တွင် မှတ်တမ်းတင်သည့်ရဟန်းတော် သီတင်းသုံးရာ ကျောင်းအမည် ကို ရေးသားရ ပါမည်၊

**( စ ) မွေးဖွားရာဒေသ**

(၁) **ပြည်နယ်/တိုင်း**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော် မွေးဖွားရာဒေသနှင့် သက်ဆိုင်သော ပြည်နယ် (သို့မဟုတ်) တိုင်းအမည်ကို ရေးသားရမည်၊ ပြည်နယ်ဖြစ်ပါက "တိုင်း" ကို၊ တိုင်းဖြစ်ပါက "ပြည်နယ်"ကို မျဉ်းသား ဖျက်ရပါမည်၊

http://www.dhammadownload.com

(၂) မြို့နယ်--တွင် မှတ်တမ်းတင်သည့် ရဟန်းတော် မွေးဖွားရာဒေသနှင့် သက်ဆိုင်ရာ မြို့နယ် အမည်ကို ရေးသားရပါမည်၊

(၃) မြို့--တွင် မှတ်တမ်းတင်သည့် ရဟန်းတော် မွေးဖွားရာဒေသနှင့် သက်ဆိုင်သော ပြန်တမ်း ဝင်မြို့ (သို့မဟုတ်) ဒေသအခေါ်အဝေါ် မြို့အမည်ကို ရေးသားရပါမည်၊ မွေးဖွားရာ အရပ်သည် မြို့မအတွင်း ပါဝင်ခြင်း မရှိပါက ယင်းနေရာတွင် (-)အမှတ်အသား ရေးသား ပါရမည်၊

(၄) ရပ်ကွက်/ကျေးရွာအုပ်စု--တွင် မှတ်တမ်း တင်သည့် ရဟန်းတော် မွေးဖွားရာဒေသနှင့် သက်ဆိုင်သော ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်စု အမည်ကို ရေးသားရမည်၊ ရပ်ကွက် ဖြစ်ပါက "ကျေးရွာအုပ်စု" ကို၊ ကျေးရွာအုပ်စု ဖြစ်ပါက "ရပ်ကွက်"ကို မျဉ်းသား ဖျက်ရ ပါမည်၊

(၅) ရွာ--တွင် မှတ်တမ်းတင်သည့် ရဟန်းတော် မွေးဖွားရာဒေသနှင့် သက်ဆိုင်သော ကျေးရွာ အမည်ကို ရေးသားရပါမည်၊ ရွာတွင် မမွေးဖွား ပါက ယင်းနေရာတွင် (-)အမှတ်အသား ရေးသားပါရမည်၊

http://www.dhammadownload.com

(ဆ) **မွေးသက္ကရာဇ်၊ ခုနှစ်၊ လ၊ ရက်နေ့**––တွင် မှတ်တမ်းတင်သည့် ရဟန်းတော် မွေးဖွားသည့် မွေးသက္ကရာဇ်၊ ခုနှစ်၊ လဆန်း (သို့မဟုတ်) လဆုတ်၊ ရက်နှင့် နေ့တို့ကို မြန်မာသက္ကရာဇ်ဖြင့် ရေးသားရမည်၊ နမူနာအားဖြင့် "မွေးသက္ကရာဇ်၁၂၀၅–ခုနှစ် တပို့တွဲလဆုတ် ၅–ရက် စနေနေ့"ဟူ၍ သက်ဆိုင်ရာ ကွက်လပ်များတွင် ဖြည့်စွက်ရေးသားရမည်။

(ဇ) **မည်သည့်နိုင်ငံသား**––တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် မည်သည့်နိုင်ငံသားဖြစ်ကြောင်း၊ ယင်းနိုင်ငံ၏အမည်ကို ရေးသားရပါမည်။

(ဈ) **လူမျိုး**––တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် မည်သည့်လူမျိုးဖြစ်သည်ကို ရေးသားရပါမည်၊ နမူနာအားဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည် –

(၁) ကချင်
(၂) ကယား
(၃) ကရင်
(၄) ချင်း
(၅) ဗမာ
(၆) မွန်
(၇) ရခိုင်
(၈) ရှမ်း
(၉) နိုင်ငံခြားသား– ဖြစ်ပါက ယင်းလူမျိုးအမည်ကို ရေးသားဖော်ပြရန် ဖြစ်ပါသည်။

http://www.dhammadownload.com

(ည) အမျိုးသား/ နိုင်ငံခြားသား မှတ်ပုံတင်နံပါတ် ရှိလျှင် ဖော်ပြရန်--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် အမျိုးသားမှတ်ပုံတင်လက်မှတ်၊ သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ရရှိထားသူဖြစ်ပါက ၎င်းကိုင်ဆောင်သော လက်မှတ်သင်္ကေတအက္ခရာနှင့် အမှတ်ကို ရေးသားရပါမည်၊ ဖော်ပြပါ လက်မှတ်များ မရှိပါက "မရှိ"ဟု ရေးသားရပါမည်။

( ၄) ရဟန်းဖြစ်ရာဌာန

(၁) ပြည်နယ်/တိုင်း--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် မိမိရဟန်းဖြစ်ရာ သိမ်တည်ရှိသော ပြည်နယ် (သို့မဟုတ်) တိုင်းအမည်ကို ရေးသားရပါမည်၊ ပြည်နယ် ဖြစ်ပါက "တိုင်း" ကို၊ တိုင်းဖြစ်ပါက "ပြည်နယ်" ကို မျဉ်းသား ဖျက်ရပါမည်၊

(၂) မြို့နယ်--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် မိမိရဟန်းဖြစ်ရာ သိမ်တည်ရှိသော မြို့နယ်အမည်ကို ရေးသားရပါမည်၊

(၃) မြို့--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် မိမိရဟန်းဖြစ်ရာ သိမ်တည်ရှိသော ပြန်တမ်းဝင်မြို့ (သို့မဟုတ်) ဒေသ အခေါ်အဝေါ်

http://www.dhammadownload.com

မြို့အမည်ကို ရေးသားရပါမည်၊ မိမိရဟန်းဖြစ်ရာ သိမ်သည် မြို့မအတွင်း ပါဝင်ခြင်း မရှိပါက ယင်းနေရာတွင် (-) အမှတ်အသား ရေးသား ရပါမည်၊

(၄) **ရပ်ကွက်/ကျေးရွာအုပ်စု**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် မိမိရဟန်းဖြစ်ရာ သိမ်တည်ရှိရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အမည်ကို ရေးသားရပါမည်၊ ရပ်ကွက် ဖြစ်ပါက "ကျေးရွာအုပ်စု"ကို၊ ကျေးရွာအုပ်စု ဖြစ်ပါက "ရပ်ကွက်"ကို မျဉ်းသားဖျက်ရပါမည်၊

(၅) **ရွာ**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် မိမိရဟန်းဖြစ်ရာ သိမ်တည်ရှိသော ကျေးရွာအမည်ကို ရေးသားရမည်၊ ရွာတွင် မဟုတ်ပါက ယင်းနေရာတွင် (-)အမှတ်အသား ရေးသားရပါမည်၊

(၆) **ကျောင်း**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် သာသနာ့ဘောင်အတွင်းသို့ ရဟန်းတော်အဖြစ် စတင်ခံယူသည့် ကျောင်း အမည်ကို ရေးသားရပါမည်။

(၇) **သိမ်**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်သည် မိမိရဟန်းဖြစ်ရာ သိမ်အမည်ကို ရေးသားရပါမည်၊ (ဥပမာ-ခဏ္ဍသိမ်၊ ဥဒကုက္ခေပသိမ်)။

http://www.dhammadownload.com

## (၄) ရဟန်းဖြစ်ချိန်

(၁) သာသနာတော်နှစ်--တွင် ရဟန်းဖြစ်သည့် သာသနာတော်နှစ်ကို ရေးသားရပါမည်၊ သာသနာတော်ခုနှစ်သည် ကောဇာသက္ကရာဇ်တွင် (၁၁၈၂)ပေါင်း ထည့်ပါက သာသနာတော်နှစ် ဖြစ်ပါသည်။

(၂) ကောဇာသက္ကရာဇ်--တွင် ရဟန်းဖြစ်သည့် မြန်မာသက္ကရာဇ်ကို ရေးသားရပါမည်။

(၃) ဥတု--တွင် ရဟန်းဖြစ်သည့် ကာလသည် မည်သည့် ဥတုတွင် ဖြစ်သည်ကို ရေးသားရပါမည်၊ ဥပမာ-"နွေ" "မိုး" "ဆောင်း"ဟု ရေးသားရပါမည်။

(၄) လဆ--တွင် ရဟန်းဖြစ်သည့် မြန်မာ "လ"ကို ရေးသားရမည်၊ ထို့ပြင် လဆန်းဖြစ်က "ဆန်း" လဆုတ်ဖြစ်က "ဆုတ်"ဟုရေးသားရပါမည်။

(၅) ရက်--တွင် ရဟန်းတော် စတင်ဖြစ်သည့် မြန်မာ"ရက်"ကို ရေးသားရပါမည်။

(၆) နာရီ--တွင် ယခု အသုံးပြုနေသော စက်နာရီ အချိန်ကို ရေးသားရပါမည်။

(၇) မိနစ်--တွင် ယခုအသုံးပြုနေသော မိနစ်ကို ရေးသားရပါမည်။

http://www.dhammadownload.com

(၈) **အရိပ်ဖဝါး**--တွင် ရဟန်းဖြစ်ချိန်က တိုင်း၍ ရသော ဖဝါးအရေအတွက်ကို ရေးသားရပါမည်။

(၉) **အရိပ်ဖီလာ**--တွင် တစ်ဖဝါးစာမပြည့်သော ကျန်ရှိနေသည့် အရိပ်ကို ခြေဖဝါးကန့်လန့်ဖြန့်၍ တိုင်းတာခြင်းကို ဖီလာဟု သတ်မှတ်ခြင်းဖြစ်၍ ထိုတိုင်းတာ ရရှိချက်ကို ရေးသားရပါမည်။

(၃) မူလဥပဇ္ဈာယ်ဆရာတော်ဘွဲ့တွင် သာသနာတော် အတွင်းသို့ ရဟန်းတော်အဖြစ် ပထမဦးစွာ သွတ်သွင်း ချီးမြှင့်ပေးသော ဥပဇ္ဈာယ်ဆရာတော်၏ ဘွဲ့တော်ကို ရေးသားရပါမည်။

(၁) **ပြည်နယ်/တိုင်း**--တွင် မူလဥပဇ္ဈာယ် ဆရာတော် သီတင်းသုံးနေထိုင်သည့် ဒေသနှင့် သက်ဆိုင်သော ပြည်နယ်၊ သို့မဟုတ် တိုင်း အမည်ကို ရေးသားရပါမည်။ ပြည်နယ်ဖြစ်က "တိုင်း"ကို တိုင်းဖြစ်က "ပြည်နယ်"ကို မျဉ်းသား ဖျက်ရပါမည်။

(၂) **မြို့နယ်**--တွင် မူလဥပဇ္ဈာယ်ဆရာတော် သီတင်းသုံး နေထိုင်သည့် ဒေသနှင့် သက်ဆိုင်သော မြို့နယ်အမည်ကို ရေးသားရပါမည်။

(၃) **မြို့**--တွင် မူလဥပဇ္ဈာယ် ဆရာတော်သီတင်းသုံး နေထိုင်သည့်ဒေသနှင့် သက်ဆိုင်သော ပြန်တမ်းဝင်မြို့၊ သို့မဟုတ် ဒေသအခေါ်အဝေါ် မြို့အမည်ကို ရေးသားရပါမည်။ ယင်းဒေသသည် မြို့မအတွင်း ပါဝင်ခြင်း မရှိပါက (---) အမှတ်အသား ရေးသားရပါမည်။

http://www.dhammadownload.com

(၄) **ရပ်ကွက်/ကျေးရွာအုပ်စုတွင်**--မူလဥပဇ္ဈာယ် ဆရာတော်သီတင်းသုံး နေထိုင်သည့်ဒေသနှင့် သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအမည်ကို ရေးသားရပါမည်။ ရပ်ကွက် ဖြစ်က "ကျေးရွာအုပ်စု"ကို ကျေးရွာအုပ်စု ဖြစ်က "ရပ်ကွက်"ကို မျဉ်းသားဖျက်ရ ပါမည်။

(၅) **ရွာ**--တွင် မူလဥပဇ္ဈာယ် ဆရာတော်သီတင်းသုံး နေထိုင်သည့်ဒေသနှင့် သက်ဆိုင်သောရွာ အမည် ကို ရေးသားရပါမည်၊ ရွာတွင် သီတင်းမသုံးပါက ယင်းနေရာတွင် (---) အမှတ်အသား ရေးသားရပါမည်။

(၆) **ကျောင်းတိုက်**--တွင် မူလဥပဇ္ဈာယ် ဆရာတော် သီတင်းသုံးနေထိုင်သည့်ကျောင်းတိုက်အမည်ကို ရေးသားရပါမည်။ မရှိပါက ယင်းနေရာတွင် (---) အမှတ်အသား ရေးသားရပါမည်။

(၇) **ကျောင်း**--တွင် မူလဥပဇ္ဈာယ် ဆရာတော် သီတင်းသုံး နေထိုင်သည့် ကျောင်းအမည်ကို ရေးသားရပါမည်။

(ပ) **ပရိယတ္တိအရည်အချင်း**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ အောင်မြင်ပြီးသော ပရိယတ္တိစာမေးပွဲ အရည်အချင်းကို အောင်မြင်သည့် ခုနှစ်နှင့်အတူ ဖော်ပြရေးသားရပါမည်။

http://www.dhammadownload.com

( ဈ ) **ခေတ်ပညာအရည်အချင်း**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ အောင်မြင်ပြီးသော ခေတ်ပညာ အရည်အချင်း(အတန်း)ကို အောင်မြင်သည့် ခုနှစ်နှင့်အတူ ဖော်ပြရေးသားရပါမည်။

(ဏ) **ခမည်းတော်အမည်**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ ခမည်းတော်အရင်းအမည်ကို ရေးသား ရပါမည်၊ ကွယ်လွန်သွားလျှင် အမည်၏နောက်တွင် လက်သည်းကွင်းအတွင်း၌ (သေးဆုံး)ဟု ဖော်ပြရမည်။

(ထ) **အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်နံပါတ်**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ ခမည်းတော် ကိုင်ဆောင်သော အမျိုးသား၊ သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်နံပါတ်ကို သင်္ကေတအက္ခရာနှင့်တကွ ရေးသားရပါမည်၊ အမျိုးသား မှတ်ပုံတင်ဖြစ်က "နိုင်ငံခြားသား"ကို နိုင်ငံခြားသားမှတ်ပုံတင်ဖြစ်က "အမျိုးသား"ကို မျဉ်းသားဖျက်ရမည်၊ မသိက (မသိ)ဟု ရေးသားရပါမည်။

(ဒ) **မယ်တော်၏အမည်**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ မယ်တော် အရင်းအမည်ကို ရေးသား ရပါမည်၊ ကွယ်လွန်သွားလျှင် အမည်၏နောက်တွင် လက်သည်းကွင်းအတွင်း (သေးဆုံး)ဟု ဖော်ပြရမည်။

http://www.dhammadownload.com

(ဓ) **အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်နံပါတ်**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ မယ်တော် ကိုင်ဆောင်သော အမျိုးသား၊ သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်နံပါတ်ကို သင်္ကေတအက္ခရာနှင့်တကွ ရေးသား ရပါမည်၊ အမျိုးသားဖြစ်က "နိုင်ငံခြားသား"ကို နိုင်ငံခြား သားဖြစ်က "အမျိုးသား"ကို မျဉ်းသားဖျက်ရပါမည်၊ မသိက (မသိ)ဟု ရေးသားရပါမည်။

(န) **၎င်းတို့၏ နေရပ်လိပ်စာ**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ ခမည်းတော်နှင့် မယ်တော်တို့သည် အသက်ရှင်လျက်ရှိနေပါက ၎င်းတို့နေထိုင်သော လိပ်စာ ကို ပြည့်စုံစွာ ရေးသားရပါမည်၊ အကယ်၍ (သေဆုံး) ပါက ရေးသားရန်မလိုပါ၊ နေရပ်လိပ်စာ ရေးသားရာတွင် အိမ်အမှတ်၊ လမ်း၊ ရွာ၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့၊ မြို့နယ် ပြည်နယ်/ တိုင်း စသည်ဖြင့် အစဉ်အတိုင်း ဖြည့်စွက်ရေးသားရန်ဖြစ်ပါသည်။

(ပ) **ရဟန်းဒါယကာအမည်**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်အား ပထမအကြိမ် ရဟန်းခံစဉ်က ပစ္စည်း လေးပါးဒါယာအဖြစ် ခံယူသော အလှူရှင် ယောကျ်ား အမည်ကို ရေးသားရပါမည်၊ ကွယ်လွန်သွားလျှင် အမည်၏နောက်တွင် လက်သည်းကွင်းအတွင်း၌ (သေဆုံး)ဟု ဖော်ပြရပါမည်။

(ဖ) **ရဟန်းဒါယိကာမအမည်**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်အား ပထမအကြိမ် ရဟန်းခံစဉ်က ပစ္စည်းလေးပါးဒါယိကာမအဖြစ် ခံယူသော အလှူရှင် အမျိုးသမီး၏ အမည်ကို ရေးသားရပါမည်၊ ကွယ်လွန်သွားလျှင် အမည်၏နောက်တွင် လက်သည်းကွင်းအတွင်း၌ (သေဆုံး)ဟု ဖော်ပြရပါမည်။

(ဗ) **၎င်းတို့၏ နေရပ်လိပ်စာ**--တွင် မှတ်တမ်းတင်သည့် ရဟန်းတော်၏ရဟန်းဒါယကာနှင့် ဒါယိကာမတို့သည် အသက်ရှင်လျက်ရှိနေပါက ၎င်းတို့နေထိုင်သော လိပ်စာကို ပြည့်စုံစွာ ရေးသားရပါမည်၊ အကယ်၍ (သေဆုံး) ပါက ရေးသားရန်မလိုပါ၊ နေရပ်လိပ်စာ ရေးသားရာတွင် အိမ်အမှတ်၊ လမ်း၊ ရွာ၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့၊ မြို့နယ် ပြည်နယ်/ တိုင်း စသည်ဖြင့် အစဉ်အတိုင်း ဖြည့်စွက်ရေးသားရန်ဖြစ်ပါသည်။

(ဘ) **ဤသာသနာဝင်မှတ်တမ်းကိုင်ဆောင်သည့်**--စာပိုဒ်တွင် ရဟန်းတော်၏ဘွဲ့တော်နှင့် လက်ရှိသီတင်းသုံးနေထိုင်သည့် ကျောင်းသို့ ရောက်ရှိသည့် ခုနှစ်, လဆန်း လဆုတ်ရက်များကို ကျောင်းထိုင်ဆရာတော်က ရေးသား၍ အောက်ပါအချက်များကိုလည်း ကျောင်းထိုင်ဆရာတော်ကပင် ဖြည့်စွက်ရေးသား ရပါမည်။

(၁) **လက်မှတ်**--တွင် ကျောင်းထိုင်ဆရာတော် ကိုယ်တိုင် လက်မှတ်ရေးထိုးရပါမည်။

http://www.dhammadownload.com

(၂) **ဆရာတော်ဘွဲ့**--တွင် ကျောင်းထိုင်ဆရာတော်၏ဘွဲ့ ကို ရေးသားရပါမည်။

(၃) **ကျောင်း**--တွင် ကျောင်းထိုင်ဆရာတော် သီတင်းသုံး နေထိုင်ရာ ကျောင်းအမည်ကို ရေးသားရပါမည်။

(၄) **ကျောင်းတိုက်**--တွင် ကျောင်းထိုင်ဆရာတော်၏ ကျောင်းတည်ရှိရာ ကျောင်းတိုက်အမည်ကို ရေးသား ရပါမည်၊ ကျောင်းတိုက် မဟုတ်ပါက (-) အမှတ်အသား ရေးသားရပါမည်။

(၅) **ရပ်ကွက်/ကျေးရွာအုပ်စု**--တွင် ကျောင်းထိုင် ဆရာတော် သီတင်းသုံးရာဒေသနှင့် သက်ဆိုင်သော ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအမည်ကို ရေးသားရပါမည်၊ ရပ်ကွက်ဖြစ်က "ကျေးရွာအုပ်စု" ကို ကျေးရွာအုပ်စုဖြစ်က "ရပ်ကွက်"ကို မျဉ်းသား ဖျက်ရပါမည်။

(၆) **မြို့နယ်**--တွင် ကျောင်းထိုင် ဆရာတော် သီတင်းသုံးနေထိုင်သည့် ဒေသနှင့် သက်ဆိုင်သော မြို့နယ်အမည်ကို ရေးသားရပါမည်။

(၇) **ပြည်နယ်/တိုင်း**--တွင် ကျောင်းထိုင် ဆရာတော် သီတင်းသုံးနေထိုင်သည့် ဒေသနှင့် သက်ဆိုင်သော ပြည်နယ် (သို့မဟုတ်) တိုင်းအမည်ကို ရေးသားရ

http://www.dhammadownload.com

ပါမည်၊ ပြည်နယ်ဖြစ်က "တိုင်း" ကို တိုင်းဖြစ်က "ပြည်နယ်"ကို မျဉ်းသားဖျက်ရပါမည်။

(ပ) **ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် လက်မှတ်ရေးထိုးရန် လိုအပ်သည့်နေရာတွင်**––ကျောင်းထိုင်ဆရာတော် လက်မှတ်ရေးထိုးထားသည့် နေရာ၏ လက်ဝဲဘက်ရှိ ကွက်လပ်တွင် သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က "မှန်ကန်ကြောင်း စစ်ဆေးပြီး" လက်မှတ်ရေးထိုးရပါမည်၊ ရေးထိုးသည့် လက်မှတ် အောက်တွင် ဘွဲ့တော်၊ ကျောင်း၊ ရပ်ကွက်/ ကျေးရွာ အုပ်စု အမည်များကို ဖော်ပြရပါမည်။

(ဃ) **မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် လက်မှတ် နေရာတွင်** မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က လက်မှတ်ရေးထိုး၍ အောက်ပါ အချက်များကို ဖြည့်စွက်ရေးသားရပါမည် –

(၁) **ဘွဲ့တော်**–တွင် လက်မှတ်ရေးထိုးသော မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ၏ ဘွဲ့တော်ကို ရေးသားရပါမည်။

(၂) **ကျောင်းတိုက်နေရာ**––တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် သီတင်းသုံးရာ ကျောင်းတိုက် (သို့မဟုတ်) ကျောင်းအမည်ကို ရေးသားရပါမည်။

http://www.dhammadownload.com

(၃) မြို့--တွင် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် သီတင်းသုံးရာဒေသနှင့် သက်ဆိုင်သော မြို့အမည်ကို ရေးသားရပါမည်။

(၄)ပြည်နယ်/တိုင်း--တွင် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် သီတင်းသုံးရာဒေသနှင့် သက်ဆိုင်သော ပြည်နယ် (သို့မဟုတ်) တိုင်း အမည်ကို ရေးသားရပါမည်၊ ပြည်နယ်ဖြစ်က "တိုင်း" ကို တိုင်းဖြစ်က "ပြည်နယ်"ကို မျဉ်းသား ဖျက်ရပါမည်။

(၅) ရက်စွဲ--တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် လက်မှတ်ရေးထိုးသည့် ရက်စွဲကို ရေးသားရပါမည်။

(၆) မြို့နယ်သာသနာရေး အရာရှိနေရာ--တွင် ဤဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးက လက်မှတ် ရေးထိုး၍ လိုအပ်သည်များကို ဖြည့်စွက်ရေးသားရမည် ဖြစ်ပါသည်။

၃၂၃။ အထက်ဖော်ပြပါ ရဟန်းတော်တစ်ပါးချင်း မှတ်တမ်းပုံစံပါ ရေးသွင်း ဖြည့်စွက်ရန် အချက်အလက်များနှင့် ရှင်သာမဏေ တစ်ပါးချင်း မှတ်တမ်း ပုံစံပါ ရေးသွင်း ဖြည့်စွက်ရမည့် အချက် အလက်များမှာ ကွာခြားမှု မရှိပါ၊ သို့သော် ရဟန်းတော် တစ်ပါးချင်း

http://www.dhammadownload.com

မှတ်တမ်းပုံစံ အမှတ်စဉ် (၉) ရဟန်းဖြစ်ချိန်တွင် နာရီ၊ မိနစ်၊ အရိပ်၊ ဖဝါးနှင့် ဗီလာစသည့် စာသားများ ပါရှိသော်လည်း ရှင်သာမဏေတစ်ပါးချင်း မှတ်တမ်းပုံစံ အမှတ်စဉ် (၉) ရှင်သာမဏေ ဖြစ်သည့် နေ့စွဲတွင် ယင်းစာသားများ မပါသည်က လွဲ၍ ကျန် ဖြည့်သွင်းရေးသားချက်များမှာ တူညီပါကြောင်း တွေ့ရှိရပါမည်၊ ရှင်သာမဏေများအတွက်မှာ သက်တော် ၁၈–နှစ်ပြည့်ပြီးမှသာ အဆိုပါ ပုံစံများ ဖြည့်စွက် ရေးသားရမည် ဖြစ်ပါသည်။

၃၂၄။ တစ်ပါးချင်း မှတ်တမ်းပုံစံများ ဖြည့်စွက်ရေးသားပြီးနောက် ကျောင်းထိုင်ဆရာတော်၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်များက စိစစ်၍ အဆင့်ဆင့် လက်မှတ်ရေးထိုးပြီးစီးသော ပုံစံများကို မြို့နယ်ဦးစီးဌာနမှူး က လက်ခံယူရမည် ဖြစ်ပါသည်။

## ဝါဆိုသံဃာတော်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း

၃၂၅။ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်က လက်မှတ်ရေးထိုး ပြီး၍ လက်ခံရရှိသည့် သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံများကို မြို့နယ်ဦးစီးဌာနမှူးသည် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည် –

(က) ဝါဆိုသံဃာတော် စာရင်းနှင့် ဖြည့်သွင်း ရေးသားပြီး သာသနာဝင် တစ်ပါးချင်းမှတ်တမ်းပုံစံများ ကိုက်ညီခြင်း ရှိ–မရှိ စစ်ဆေးရန်၊

http://www.dhammadownload.com

(ခ) ဝါဆိုသံဃာတော်များ စာရင်းတွင် မပါရှိဘဲ သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံရေးသွင်းချက်များ ပါရှိသည့် ဝါဆိုသံဃာတော်များ၏ စာရင်းကို ပြုစုထားရန်၊

(ဂ) ဝါဆိုသံဃာတော်များ စာရင်းတွင် ပါရှိသော်လည်း တစ်ပါးချင်း မှတ်တမ်းပုံစံ ရေးသွင်းချက် မပြုစုရသေးသည့် ဝါဆိုသံဃာတော်များ၏ စာရင်းကို ပြုစုံ၍ အဆိုပါ သံဃာတော်များ ယခု မည်သည့် ဒေသ၌ သီတင်းသုံး နေထိုင်သည်ကို ရေးမှတ်ထားရန်၊

(ဃ) အထက်ပါ စာပိုဒ်ငယ် (ခ)နှင့် (ဂ)မှ သံဃာတော်များ အတွက် မည်သို့ ဆက်လက်ဆောင်ရွက်ရမည်ကို မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ ဩဝါဒကို နာခံဆောင်ရွက်သွားရန်။

၃၂၆။ ဝါဆိုသံဃာတော်များ စာရင်းအရ ဖြည့်စွက် ရေးသွင်းပြီး သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံများအတွက် မြို့နယ်ဦးစီး ဌာနမှူးသည် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည် -

(က) သာသနာဝင် တစ်ပါးချင်း မှတ်တမ်းပုံစံပါ ရေးသားချက် များကို သာသနာဝင်မှတ်တမ်းတွင် ကူးယူ ဖြည့်စွက် ရေးသားခြင်း၊

(ခ) နေ့စဉ် မှတ်တမ်းစာရင်းပြုစုခြင်း၊

(ဂ) ပြည်နယ်/ တိုင်း ဂဏန်းအမှတ်စဉ်၊ မြို့နယ်အက္ခရာနှင့် တကွ သာသနာဝင်အမှတ်များကို ရိုက်နှိပ်ခြင်း၊

http://www.dhammadownload.com

## ဓာတ်ပုံရိုက်ခြင်း

၃၂၇။ ဓာတ်ပုံကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ကုန်ကျစရိတ်ဖြင့် သံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက်သို့ လာရောက်၍ ရိုက်ကူးသွားရန်အတွက် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ရွေးချယ်ပေးသော ဓာတ်ပုံဆရာများဖြင့် စီစဉ်ပြီး ဖြစ်ပါသည်။ ထိုသို့ ဓာတ်ပုံရိုက်ရာတွင် ကြည်ညိုဖွယ်ရာ ဖြစ်စေရန် သင်္ကန်းရုံရိုက်ရန်နှင့် နေကာမျက်မှန်များတပ်၍ အရိုက်ခံပါက မျက်မှန်၏ အလင်းရောင်ပြန်မှုကြောင့် ကြည်ညိုဖွယ် လျော့စေသဖြင့် နေရောင်ကာ မျက်မှန်များ တပ်ဆင်၍ မရိုက်သင့်ကြောင်း မေတ္တာရပ်ခံပါသည်။

၃၂၈။ ရိုက်ကူးပြီးသည့် ဓာတ်ပုံ (၃)ပုံတွဲ၍ နောက်ကျောဘက်တွင် သက်ဆိုင်ရာ သံဃာတော်၏ ဘွဲ့တော်၊ ခမည်းတော်၏အမည်နှင့် သီတင်းသုံးရာ ကျောင်းလိပ်စာများကို ရေးသား၍ သာသနာဝင် မှတ်တမ်းစာအုပ်၌ ထည့်ညှပ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ကျောင်းထိုင်ဆရာတော်မှ တစ်ဆင့် သက်ဆိုင်ရာ သံဃာတော် တစ်ပါးချင်း လက်ဝယ်အရောက် ပြန်လည်ဆက်ကပ်သွားမည် ဖြစ်ပါသည်၊ အဆိုပါလက်ခံရသည့် သံဃာတော်သည် မိမိနှင့် သက်ဆိုင်သော သာသနာဝင် မှတ်တမ်းပုံစံပါ ဖြည့်သွင်းရေးသားချက်များ မှန်ကန်ပါက ရှင်သာမဏေဖြစ်လျှင် စာမျက်နှာ (၃)ရှိ "ကိုင်ဆောင်သော ရှင်သာမဏေ၏လက်မှတ်"နေရာတွင် ရဟန်းတော် ဖြစ်လျှင် စာမျက်နှာ (၉)ရှိ "ကိုင်ဆောင်သော ရဟန်းတော်၏

http://www.dhammadownload.com

လက်မှတ်"နေရာတွင် ၎င်းလက်မှတ်ရေးထိုးရန် ဖြစ်ပါသည်။ ထိုနည်းတူ မိမိ၏ ဓာတ်ပုံမှန်ကန်ပါက ဓာတ်ပုံ (၃)ပုံတွဲ နောက်ကျောတွင် လက်မှတ်ရေးထိုးရမည် ဖြစ်ပါသည်။

၃၂၉။ ထိုသို့ သက်ဆိုင်ရာ ရှင်သာမဏေ ရဟန်းတော်များ လက်မှတ်ရေးထိုးပြီးသည့် သာသနာဝင်မှတ်တမ်း စာအုပ်ကြားတွင် ဓာတ်ပုံကို ထည့်ညှပ်၍ သက်ဆိုင်ရာ ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်ရမည်ဖြစ်ပါသည်၊ ကျောင်းထိုင်ဆရာတော်က မိမိနှင့် သက်ဆိုင်သော အချက်များကို ဖြည့်စွက် လက်မှတ်ရေးထိုးရန် ဖြစ်ပါသည်။ ထိုသို့ ဖြည့်စွက်ရာတွင် သာသနာဝင်မှတ်တမ်းစာအုပ် နောက်ပိုင်း သီတင်းသုံးနေရာ၌ မှတ်တမ်းရေးသွင်းရန်၊ ဇယားတွင်လည်း အောက်ပါအတိုင်း ရေးသွင်းရန် ဖြစ်ပါသည် -

(က) အမှတ်စဉ် (စာတိုင်-၁)တွင် ရှင်သာမဏေ ရဟန်းတော်တိုင်းအတွက် စတင် ရေးသွင်းချက်ကို ၁-ဟု ရေးသား၍ နောက်ထပ် ရေးသွင်းချက်များကို ၂၊ ၃၊ ၄ စသည်ဖြင့် အစဉ်အတိုင်း ဆက်လက်ရေးသွားရန်၊

(ခ) နေထိုင်ရာ ကျောင်းတိုက်အမည်နှင့် လိပ်စာ (စာတိုင်-၂)တွင် ရှင်သာမဏေ ရဟန်းတော်တိုင်းအတွက် သာသနာဝင်မှတ်တမ်း စတင် ပြုစု မှတ်တမ်းတင်သည့် အချိန်၌ သီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်၊ ကျောင်းအမည်နှင့် လိပ်စာကို ရေးသားရမည်၊

http://www.dhammadownload.com

(ဂ) ရောက်ရှိသည့် ရက်စွဲ (စာတိုင်-၃)တွင် ရှင်သာမဏေ ရဟန်းတော်များအတွက် သာသနာဝင်မှတ်တမ်း စတင် ပြုစု မှတ်တမ်းတင်သည့် အချိန်၌ သီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်၊ ကျောင်းသို့ စတင်ရောက်ရှိခဲ့သည့် နေ့ရက်ကို ခရစ်သက္ကရာဇ် အတိုကောက်ဖြင့် ရေးသားရန်၊ (နမူနာအားဖြင့် ၅-၆-၈၀)

(ဃ) ကျောင်းထိုင် ဆရာတော်လက်မှတ် (စာတိုင်-၄)တွင် ရှင်သာမဏေ ရဟန်းတော်အတွက် စာတိုင် (၁) (၂) (၃)တို့တွင် ရေးသွင်းထားချက်များ မှန်ကန်ကြောင်းကို အဆိုပါ ကျောင်းထိုင်ဆရာတော်လက်မှတ် ရေးထိုးရန်၊

(င) ပရိယတ် ပဋိပတ်ဆောင်ရွက်ချက် (စာတိုင်-၅)တွင် ရှင်သာမဏေ ရဟန်းတော်တိုင်းအတွက် အဆိုပါကျောင်း တွင် သီတင်းသုံး နေထိုင်သွားခဲ့သည့် အချိန်ကာလ အတွင်း ပရိယတ် ပဋိပတ် ဆောင်ရွက်ချက်ကို အဆိုပါ ကျောင်းထိုင်ဆရာတော်က ရေးသားရန်၊

(စ) ပြောင်းသည့် ရက်စွဲ (စာတိုင်-၆)တွင် ရှင်သာမဏေ ရဟန်းတော် သီတင်းသုံး နေထိုင်ရာ ကျောင်းတိုက်မှ ပြောင်းရွှေ့ထွက်ခွာသွားသည့် နေ့ရက်ကို ခရစ်သက္ကရာဇ် အတိုကောက်ဖြင့် အဆိုပါ ကျောင်းထိုင်ဆရာတော်က ရေးသားရန်၊

http://www.dhammadownload.com

(ဆ) ကျောင်းထိုင် ဆရာတော်လက်မှတ် (စာတိုင်-၇)တွင် ရှင်သာမဏေ ရဟန်းတော်တိုင်းအတွက် စာတိုင် (၅)နှင့် (၆)တို့၌ ရေးသွင်းထားချက်များ မှန်ကန်ကြောင်း အဆိုပါ ကျောင်းထိုင် ဆရာတော်က လက်မှတ်ရေးထိုးရန်။

၃၃၀။ ကျောင်းထိုင်ဆရာတော်လက်မှတ် ရေးထိုးပြီးသည့် သာသနာဝင် မှတ်တမ်းစာအုပ်ကို ဓာတ်ပုံနှင့်အတူ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံ ဆက်ကပ်ရမည်ဖြစ်ပါသည်၊ မြို့နယ်သံဃ နာယက ဥက္ကဋ္ဌဆရာတော်က စိစစ်၍ မိမိနှင့် သက်ဆိုင်သော အချက်များ ဖြည့်စွက် လက်မှတ်ရေးထိုးပေးပို့ရန် ဖြစ်ပါသည်။ ထို့နောက် မြို့နယ်ဦးစီးဌာနမှူးသည် အဆိုပါ သာသနာဝင် မှတ်တမ်းနှင့် ဓာတ်ပုံများကို လက်ခံရယူမည်ဖြစ်ပါသည်။

## သာသနာဝင်မှတ်တမ်း ဆက်ကပ်ခြင်း

၃၃၁။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိလက်ဝယ် ရရှိသည့် သာသနာဝင် မှတ်တမ်းများတွင် သက်ဆိုင်ရာ ဓာတ်ပုံတစ်ပုံကို လည်းကောင်း၊ ကျန်နှစ်ပုံကို တစ်ပါးချင်းမှတ်တမ်းပုံစံ ၂-စောင်စီတွင်လည်းကောင်း အသီးသီးကပ်၍ ၎င်းနှင့် သက်ဆိုင်သော ဆောင်ရွက်ရန် လိုအပ်ချက် များကို ဆောင်ရွက်ပြီး လက်မှတ်ရေးထိုးရမည် ဖြစ်ပါသည်။

၃၃၂။ လက်မှတ်ရေးထိုးပြီးသည့် သာသနာဝင် မှတ်တမ်းစာအုပ်များကို လိုအပ်သည့် စာရင်းပုံစံတွင် ဖြည့်စွက်၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ သံဃာတော် တစ်ပါးချင်း၏ လက်ဝယ်အရောက် ကျောင်းထိုင်ဆရာတော်များမှ တစ်ဆင့် အဆင့်ဆင့် ဆက်ကပ်သွားမည် ဖြစ်ပါသည်။

http://www.dhammadownload.com

# အပိုင်း(၅)

## အခန်း (၂၈)

### အထွေထွေ

### သံဃနာယကအဖွဲ့ရုံး စည်းကမ်းများ

၃၃၃။ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့တို့သည် အဖွဲ့တည်ရာဌာနကို သွားလာရန် လွယ်ကူ၍ နေရာထိုင်ခင်း ပြည့်စုံပြီး ကျယ်ဝန်းသောကျောင်း၌ ဖွင့်လှစ်ရမည်။

၃၃၄။ အထက်ဖော်ပြပါအင်္ဂါနှင့် ပြည့်စုံသော ကျောင်းများစွာ ရှိနေပါက ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ သံဃနာယကအဖွဲ့ဝင်ဆရာတော် တစ်ပါးပါး၏ကျောင်းကို အစဉ်အတိုင်း ဦးစားပေး ရွေးချယ်၍ အဖွဲ့တည်ရာဌာနအဖြစ် သတ်မှတ်နိုင်သည်။

၃၃၅။ သံဃနာယကအဖွဲ့၏ တည်ရာကျောင်း၏ ရှေ့မျက်နှာစာ၌ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ ဆိုင်းဘုတ်ကို သတ်မှတ်သည့် အရောင် အရွယ်ပမာဏအတိုင်း တင်ထားရမည်။

၃၃၆။ နာယကအဖွဲ့ ရုံးချိန်ကို ဥပုသ်နေ့နှင့် တနင်္ဂနွေနေ့မှ တစ်ပါး နေ့စဉ် မွန်းလွဲ (၁)နာရီမှ ညနေ (၄)နာရီအထိ သတ်မှတ်၍ ရုံးဖွင့်ချိန်ကို ရုံး၏ မျက်နှာစာ၌ ထင်ရှားစွာ ရေးသားထားရှိရမည်။

http://www.dhammadownload.com

၃၃၇။ နာယကအဖွဲ့ရုံး၌ အနည်းဆုံး နာယကအဖွဲ့ဝင် ဆရာတော် တစ်ပါးပါး ရုံးထိုင်ရမည်။

**မှတ်ချက်။** ။ အလုပ်ကိစ္စမများပါက ဥက္ကဋ္ဌဖြစ်စေ၊ အကျိုးဆောင်ဖြစ်စေ တစ်ပါးပါး ရုံးထိုင်ရမည်။

၃၃၈။ သံဃနာယကအဖွဲ့ဝင် ဆရာတော်တစ်ပါးပါးသည် အရပ်တစ်ပါးသို့ ညအိပ်ညနေခရီးထွက်လိုသော် သံဃနာယကအဖွဲ့ရုံးသို့ ပန်ကြားပြီးမှ ခရီးထွက်ခွာရမည်။ ပြန်ရောက်ရာ၌လည်း၊ သံဃနာယကအဖွဲ့ရုံးသို့ သတင်းပေးပို့ရမည်။

၃၃၉။ သက်ဆိုင်ရာ သံဃနာယကအဖွဲ့ အသီးသီးသည် မိမိတို့ သံဃနာယကအဖွဲ့ရုံးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ ရေးဆွဲသတ်မှတ်နိုင်သည်။

## သံဃနာယကလက်စွဲ နောက်ဆက်တွဲ

(၁) ဘဏ်အပ်ငွေအပ်နှံသည့် ကျောင်းထိုင်ဆရာတော် ပျံလွန်တော်မူသဖြင့် အပ်နှံငွေ ပြန်လည်ထုတ်ပေးနိုင်ရေးအတွက် ဒေသနာတော်နှင့် အညီချမှတ်ထားသည့်မူ

(က) ရဟန်းတော်များ အပ်နှံခဲ့သော ဘဏ်အပ်ငွေသည် ဖော်ပြလတ္တံ့ပါအတိုင်း ၆–မျိုး ရှိသင့်သည် –

http://www.dhammadownload.com

(၁) စေတိယသန္တက (စေတီတော်၏ဥစ္စာ)

(၂) သံဃိက (သံဃာ၏ ဥစ္စာ)

(၃) ဝိဟာရသန္တက (ကျောင်း၏ဥစ္စာ)

(၄) ဒွိသန္တက၊ တိသန္တကာဒိ(၂–ပါးပိုင်၊ ၃–ပါးပိုင်စသော ဥစ္စာ)

(၅) အများအတွက် စုပေါင်းအပ်နှံသည့် ပုဂ္ဂလိကဥစ္စာ

(၆) တစ်ပါးတည်းပိုင် ပုဂ္ဂလိကဥစ္စာ

(ခ) ထို ၆–မျိုးတို့တွင် (၁) စေတိယသန္တက၊ (၂) သံဃိက (၃) ဝိဟာရသန္တကဖြစ်သော အပ်နှံငွေသည် မူလအပ်နှံထားသော ရဟန်းတော်ပျံလွန်တော်မူသွားပါလျှင် (၁) (၂) (၃) အဖြစ်မှ ပျက်ပြားသွားခြင်း မရှိဘဲ မူလအတိုင်းပင် ဖြစ်ခြင်းကြောင့် ဆက်ခံ၍ စီမံအုပ်ချုပ်သော ရဟန်းတော်အား (ကပ္ပိယကာရက)ဖြင့် ပြန်အမ်းငွေများကို ထုတ်ပေးရန်ဖြစ်သည်။

(ဂ) (၄)ဒွိသန္တက၊ တိသန္တကစသည် ဥစ္စာဖြစ်သော အပ်နှံငွေသည် မူလ အပ်သော ရဟန်းတော်ပျံလွန်တော်မူသွားပါလျှင် ကျန်သန္တကဝင် တစ်ပါးနှစ်ပါးစသည်တို့၏ ဥစ္စာဖြစ်ခြင်းကြောင့် ကျန်သန္တကဝင် ရဟန်းတော်က သဘောတူ တာဝန်ပေးလွှဲအပ်ခြင်း ခံရသော ရဟန်းတော်များအား (ကပ္ပိယကာရက)ဖြင့် ပြန်အမ်းငွေကို ထုတ်ပေးရန်ဖြစ်ပါသည်။

http://www.dhammadownload.com

(ဃ)(၅) အများအတွက် စုပေါင်းအပ်နှံသည့် ပုဂ္ဂလိကဥစ္စာဖြစ်သော အပ်နှံငွေသည် မူလအပ်နှံသော ရဟန်းတော် ပျံလွန်တော်မူသွားပါလျှင် ကျန်သောပိုင်ရှင် ရဟန်းတော်များက သဘောတူ တာဝန်ပေးလွှဲအပ်ခြင်းခံရသော ရဟန်းတော်အား (ကပ္ပိယကာရက)ဖြင့် ပြန်အမ်းငွေကို ထုတ်ပေးရန် ဖြစ်ပါသည်။

(င) (၆) တစ်ပါးတည်းပိုင် ပုဂ္ဂလိက ဥစ္စာဖြစ်သော အပ်နှံငွေသည် အောက်ပါအတိုင်း (၃)မျိုးရှိသည် -

(၁) တစ်စုံတစ်ယောက်အား ပေးစွန့်လှူဒါန်းသောဥစ္စာ၊

(၂) တစ်စုံတစ်ယောက်က ဝိဿာသဂ္ဂါဟ (အကျွမ်းဝင်သဖြင့် ယူခြင်း)ဖြင့် ယူအပ်သောဥစ္စာ၊

(၃) တစ်စုံတစ်ယောက်အား ပေးစွန့်လှူဒါန်းခဲ့ခြင်းလည်းမရှိ၊ ဝိဿာသဂ္ဂါဟဖြင့် ယူခြင်းလည်းမရှိသော ဥစ္စာ။

(စ) ထိုသုံးမျိုးတို့တွင် ဘဏ်အပ်ငွေ မူလအပ်နှံသော ရဟန်းတော်သည် မိမိမပျံလွန်မီ မိမိပိုင်ပစ္စည်းအရပ်ရပ်ကို ရဟန်းပုဂ္ဂိုလ်/လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်အား အမှတ်(၁) နည်းဖြင့် ပေးစွန့်လှူဒါန်းခြင်း၊ ရဟန်းပုဂ္ဂိုလ်/လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်က အမှတ်(၂) နည်းဖြင့် ယူခြင်းမျိုးဖြစ်ပါက မူလအပ်နှံသော ရဟန်းတော် ပျံလွန်တော်မူသွားပါ

http://www.dhammadownload.com

လျှင် ထိုပျံလွန်တော်မူသောရဟန်းတော်၏ ဥစ္စာသည် ပေးစွန့်လှူဒါန်းခြင်း ခံရသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် (သို့မဟုတ်) ဝိပဿာသဂ္ဂါဟဖြင့် ယူသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်အား ပြန်အမ်းငွေကို ထုတ်ပေးရန် ဖြစ်ပါသည်။

(ဆ) ဘဏ်အပ်ငွေ မူလအပ်နှံသော ရဟန်းတော်သည် မိမိ မပျံလွန်မီ မိမိပိုင်ပစ္စည်း အရပ်ရပ်ကို တစ်စုံ တစ်ယောက် အား အမှတ် (၃)နည်းဖြင့် ပေးစွန့် လှူဒါန်းခြင်းလည်း မရှိ၊ ဝိဿာသဂ္ဂါဟဖြင့် တစ်စုံ တစ်ယောက်က ယူခြင်း လည်း မရှိဘဲ မူလအပ်နှံသော ရဟန်းတော် ပျံလွန်တော် မူသွားပါလျှင် ထိုပျံလွန်တော်မူ သွားသော ရဟန်းတော်၏ အပ်နှံငွေသည် ထိုအပ်နှံရာ အရပ်၌သာလျှင် သံဃိက (သံဃာပိုင်ဥစ္စာ) ဖြစ်ထိုက်သည်၊ သို့ရာတွင် ယင်းအပ်နှံ ငွေသည် သံဃိက (သံဃာပိုင်ဥစ္စာ) ဖြစ်လာ သော်လည်း သံဃာအား မအပ်သောကြောင့် ထိုငွေကို ကိုယ်တိုင်လည်း မထုတ်ယူထိုက်၊ သူတပါးကိုလည်း ထုတ်ပေးရန် မစေခိုင်းထိုက်သဖြင့် ပျံလွန်တော်မူသော ရဟန်းတော်၏ ဈာပနကိစ္စစသည်တို့၌ သုံးစွဲစိမ့်သောငှာ ပျံလွန်တော်မူသော ရဟန်းတော်၏ ခမည်းတော်-မယ်တော် စသော ကျေးဇူးအများဆုံး ပုဂ္ဂိုလ်အား ပြန်အမ်းငွေကို ထုတ်ပေးရန် ဖြစ်သည်။ (ဒု၊ တတိယ ဗဟိုအစီရင်ခံစာ၊ နှာ-၅၁၊ ၅၂)။

http://www.dhammadownload.com

## (၂) သက်န်းချုပ်လုပ်ရေးမှု

(က) သက်န်းလျာပိတ်စ (သက်န်းချုပ်မည့်အစ တစ်စ)ကို ငါးပိုင်း ငါးစ ဖြတ်ပြီးမှသာ ချုပ်လုပ်ရန်၊

(ခ) ပုံစံတွင် (အပိုင်း အမြောက်လက္ခဏာ) အမှတ်အသားတို့ဖြင့် ဖော်ပြထားသော တရုတ်မြောင်းရှည်ရှိသော ချုပ်ရိုးကြောင်းကြီး ၄-ခု စပ်လျက် ချုပ်လုပ်ရန်၊

(ဂ) ပုံစံ၌ (အပိုင်း) အမှတ်အသားတို့ဖြင့် ဖော်ပြထားသော တရုတ် မြောင်းရှည် တရုတ်မြောင်းတိုများကို (ဒသေတ္တာ-အရ) ဓားဖြင့်ဖြတ်တောက်မှု မပြုတော့ဘဲ အပ်ဖြင့် ဖြတ်တောက်ထားသည့် အနေအထားအားဖြင့် တရုတ်မြောင်း ပုံစံပြလျက် တွန့်၍သာ ချုပ်လုပ်ရန်၊

(ဃ) ပုံစံ၌ X (အမြောက်လက္ခဏာ) အမှတ်အသားဖြင့် ဖော်ပြထားသော မဟာမဏ္ဍလနှင့် အနုမဏ္ဍလ ခွဲဝေမှုကို အထက်-အောက်အနားပတ်၏ အတွင်းဘက်၌သာ တိုင်းတာလျက် မဟာမဏ္ဍလဘက်၌ သုံးပုံးနှစ်ပုံထား၍ အနုမဏ္ဍလဘက်၌ သုံးပုံတစ်ပုံသာ ထားရန်၊

(င) သက်န်းပမာဏကို ရဟန်းဆောင်ကေသီ၌ အလျား ၅-တောင်နှင့် တစ်ထွာ၊ အနံ ၄-တောင်နှင့်တစ်ထွာ ထားရှိ၍ ရဟန်းဆောင် သင်းပိုင်၌ အလျား ၅-တောင်နှင့်တစ်ထွာ၊ အနံ ၂-တောင်နှင့် တစ်ထွာ ထားရှိရန်၊

(စ) အခြားအချက်အလက်များကို ယခင်ချုပ်ရိုးချုပ်စဉ် အတိုင်းသာ ချုပ်လုပ်ရန်၊

(ဆ) ပိန္နဲရင့်ရောင်ဆိုးထားသော ပိတ်စများဖြင့် ချုပ်လုပ်ပေးရန်၊

http://www.dhammadownload.com

**မှတ်ချက်** ။ ။ သက်န်းချုပ်ရမည့် ပုံစံကို နောက်ဆက်တွဲ (က)ဖြင့် ဖော်ပြထားသည်။

(ဒု၊ ဒုတိယ ဗဟိုအစီရင်ခံစာ၊ နှာ-၅၂)။

(၃) သံဃာတော်များ မော်တော်ယာဉ်ဖြင့် လှည့်လည်၍ ပရိတ်ရွတ်ခြင်းသည် ဒေသနာတော်နှင့် ဆန့်ကျင်မှုရှိ-မရှိ ရှေးဆရာတော်ကြီးများ အစဉ်အလာဆောင်ရွက်ခဲ့မှု ရှိ-မရှိ အဆုံးအဖြတ်

(က) မြတ်စွာဘုရား လက်ထက်တော်က ဝေသာလီပြည်မှာ ကပ်ကြီး (၃)ပါး ဆိုက်ရောက်လေရာ အရှင်အာနန္ဒာမထေရ်သည် လိစ္ဆဝီမင်းသားတို့ ခြံရံလျက် မြို့တံတိုင်း သုံးထပ်အကြား၌ ညဉ့်သုံးယံပတ်လုံး လှည့်လည်၍ ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ကြောင်း သုတ္တနိပါတ်၊ ရတနသုတ်ပါဠိတော်နှင့် ယင်းပါဠိတော် အဖွင့် အဋ္ဌကထာ ပါဠိ ပထမတွဲ စာမျက်နှာ (၂၆၇)နှင့် (၂၆၈) တို့၌ လာရှိပေသည်။

ဘဂဝါ နဂရဒ္ဓါရေ ဌတွာ အာနန္ဒတ္ထေရံ အာမန္တေသိ ဣမံ အာနန္ဒ ရတနသုတ္တံ ဥဂ္ဂဟေတွာ ဗလိကမ္မုပကရဏာနိ ဂဟေတွာ လိစ္ဆဝိကုမာရေဟိ သဒ္ဓိံ ဝေသာလိယာ ကီသုပါကာရန္တရေသု ဝိစရန္တော ပရိတ္တံ ကရောဟီတိ ရတနသုတ္တံ အဘာသိ။

(သုတ္တနိပါတ် ဋ္ဌ-၁၊ စာမျက်နှာ-၂၆၇)။

မြတ်စွာဘုရားရှင်သည် ဝေသာလီမြို့တံခါး၌ ရပ်တည်တော်မူလျက် ရှင်အာနန္ဒာအား မိန့်တော်မူ၏ -

http://www.dhammadownload.com

"ချစ်သား အာနန္ဒာ၊ ဤရတနသုတ်ပရိတ်တော်ကို သင်ယူ၍ ဗလိနတ်စာအစီအရင်ကို ယူစေ၍ လိစ္ဆဝီမင်းသားတို့နှင့် အတူတကွဝေသာလီမြို့၏ တံတိုင်းသုံးထပ်အကြား၌ လှည့်လည်လျက် ပရိတ်တရားတော်ကိုရွတ်လော့" ဟူ၍ ရတနသုတ်တော်ကို ဟောတော်မူ၏။

ဧဝံ ဘဂဝတော ဝေသာလိံ အနုပ္ပတ္တဒိဝသေယေဝ ဝေသာလိနဂရဒ္ဒါရေ တေသံ ဥပဒ္ဒဝါနံ ပဋိဃာတတ္ထာယ ဝုတ္တမိဒံ ရတနသုတ္တံ ဥဂ္ဂဟေတွာ အာယသ္မာ အာနန္ဒော ပရိတ္တတ္ထာယ ဘာသမာနော ဘဂဝတော ပတ္တေန ဥဒကံ အာဒါယ သဗ္ဗနဂရံ အဗ္ဘုက္ကိရန္တော အနုဝိစရိ။

(သုတ္တနိပါတ် ဋ္ဌ၊ ၁၊ စာမျက်နှာ–၂၆၈။)

ဤသို့ မြတ်စွာဘုရားရှင်သည် ဝေသာလီမြို့သို့ရောက်သော နေ့၌ပင်လျှင် ဝေသာလီမြို့တံခါး၌ ထိုဘေးဥပဒ် အန္တရာယ်တို့ကို ပိတ်ပင် တားမြစ်ခြင်း အလို့ငှာ အရှင်အာနန္ဒာမထေရ်သည် ဆိုအပ်ခဲ့ပြီးသော ရတနသုတ် တော်ကို သင်ယူ၍ အရံအတားအလို့ငှါ ရွတ်ဆို တော်မူစဉ် မြတ်စွာဘုရားရှင်၏ သပိတ်တော်ဖြင့် ရေကို ဆောင်ယူ၍ တစ်မြို့လုံးကို ပက်ဖျန်းလျက် လှည့်လည်တော် မူပြီ။

(ခ) ထို့ပြင် လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုသည့် ရောဂန္တရဒီပနီကျမ်း စာမျက်နှာ–၁၉၊ ၄၂၊ ၄၈နှင့် ၂၀၆ တို့၌ ရဟန်းတော်များ ကိုယ်တိုင်လမ်းလျှောက် လှည့်လည်၍ လည်းကောင်း၊ ထမ်းစင်စီး လှည့်လည်၍ လည်းကောင်း၊ ပရိတ်ရွတ်နိုင်ကြောင်း ဖော်ပြပါရှိပါသည်။

http://www.dhammadownload.com

ဝေသာလီပြည်မှာ ကပ်ဥပဒ် ဖြစ်စဉ်အခါ အရှင်အာနန္ဒာ ပရိတ်ရွတ်နည်းကား ဝေသာလီပြည်တွင်းမှာ လူသန် လူမြန် ကာလသားပေါင်း ထောင်ပေါင်းများစွာ ခြံရံလျက် လမ်းစဉ်တစ်လျှောက် သွား၍ နေဝင်သည့်မှ အရုဏ်တက်သည့်တိုင်အောင် ရွတ်ပေး၏။ အရှင်အာနန္ဒာ က တိုင်၍ လူသန် လူမြန် ဝေသာလီပြည်သား ကာလသားတို့က တညီတညာရွတ်ဆိုကြရကုန်၏။

(ရောဂန္တ ရဒီပနီစာအုပ် စာမျက်နှာ–၁၉၊၂၀။)

အရှင်အာနန္ဒာနည်းနှင့် ညအခါ၌ မြို့လမ်းမ ရွာလမ်းမများကို လျှောက်သွား၍ ရွတ်ဖတ်ကြရာ၌လည်း တစ်မြို့လုံး တစ်ရွာလုံးမှာ လမ်းစဉ်တစ်လျှောက် ထိန်လင်းအောင် မီးထွန်း၊ ရေအေးအိုးတည်၊ အဖျော်ရည်၊ ဆေးလိပ်၊ ကွမ်းယာ စခန်းထား၊ ထိုသုတ်တော်များကို တိုင်၍ ဖတ်၊ တိုင်၍ရွတ်သော ရဟန်းကို ထမ်းစင်နှင့် ထမ်းပြီးလျှင် လူပရိသတ်တို့ကို တညီတညာလိုက်၍ အသံကျယ်စွာ ရွတ်ဖတ်စေသည်။

(ရောဂန္တ ရဒီပနီစာအုပ် စာမျက်နှာ–၄၂။)

ငါတို့ဘုရားရှင် လက်ထက်တော်၌ ဝေသာလီပြည်မှာ ကပ်ဥပဒ်ကြီး ဆိုက်ရောက်ရာ အရှင်အာနန္ဒာသည် တစ်မြို့လုံးလမ်းလျှောက် လှည့်လည်လျက် ရတနသုတ်ပရိတ်တော်ကို ညဉ့်သုံးယံ ပတ်လုံး ရွတ်သဖြင့် ပျောက်ငြိမ်းဖူးကြောင်း ရတနသုတ်နိဒါန်း အဋ္ဌကထာကြီး မှာ ထင်ရှားရှိပြီ။

(ရောဂန္တ ရဒီပနီစာအုပ် စာမျက်နှာ–၄၈။)

http://www.dhammadownload.com

တစ်သင်းလျှင် လူနှစ်ကျိပ်ထက် မနည်းစေရ၊ မြို့လမ်းမ၊ ရွာလမ်းမတို့၌ မတ်တတ်လျှောက်သွား၍ တစ်ယောက်က ဗာကို ကြည့်လျက် တိုင်ရမည်၊ အများတို့က တညီတညာ တည်း ကျယ်စွာသော အသံတို့ဖြင့် လိုက်၍ ဆိုကြရမည်။ ရဟန်းဖြစ်သူတိုင်လျှင် သာ၍ကောင်း၏၊ နေ့ချင်း ညချင်း ပျောက်ငြိမ်းလိမ့်မည်။

(ရောဂန္တရဒီပနီစာအုပ် စာမျက်နှာ–၂၀၆။)

(ဂ) မြန်မာသက္ကရာဇ်၁၂၈၀–ပြည့်နှစ်၊ စလင်းမြို့တွင် ပလိပ်ကပ်ရောဂါ ဖြစ်ပွားစဉ်က လယ်တီဆရာတော် ကြွရောက်လာစဉ် စလင်းမြို့ လင်းပန် ရှေးဦးစွာ တည်ထောင်သော သာစုနေ ပါသာဒိက (စကု)ကျောင်း ဆရာတော် ဦးကောဏ္ဍညနှင့် လယ်တီဆရာတော်တို့သည် လူ(၈)ယောက်ထမ်းသော ထမ်းစင်စီး၍ စလင်းမြို့ကို လှည့်လည်ပြီး ပရိတ်ရွတ်ဖတ်သည်ကို ထေရ်ကြီးဝါကြီးများ အမိန့်ရှိသဖြင့် မှတ်သားကြားနာရဖူးပါသည်။

(ဃ) မြန်မာသက္ကရာဇ် ၁၃၁၃–ခုနှစ်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး မိုးခေါင်သဖြင့် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကောဏ္ဍည အမှူးပြုသော ဆရာတော်ကြီးများသည် ရန်ကုန်မြို့သို့ မော်တော်ကားဖြင့် လှည့်လည်၍ ငါးရံ့မင်းပရိတ် ရွတ်ဖတ်ချီးမြှင့်သည်ကို တွေ့မြင်ရဖူးပါသည်။

(င) ထို့ပြင် ဝိနည်းသိက္ခာပုဒ်တော်၌ ယာဉ်စီးလျက်ရှိသော တရားနာ ပုဂ္ဂိုလ်ကို ယာဉ်မစီးသော ရဟန်းက တရား

http://www.dhammadownload.com

မဟောအပ်၊ ယာဉ်စီးသော ရဟန်းသည် အတူတကွ ယာဉ်စီးလျက် ရှိသော တရားနာပုဂ္ဂိုလ်အား လည်းကောင်း၊ ရှေ့ယာဉ်မှ ပုဂ္ဂိုလ်က နောက်ယာဉ်ရှိ ပုဂ္ဂိုလ်အား လည်းကောင်း၊ မြင့်သောယာဉ်မှ ပုဂ္ဂိုလ်သည် နိမ့်သော ယာဉ်ရှိ ပုဂ္ဂိုလ်အား လည်းကောင်း တရားဟောကောင်း ကြောင်း ဖော်ပြထားပါသည်။

(စ) သို့ဖြစ်၍ သံဃာတော်များ တန်းစီလှည့်လည် လမ်းလျှောက်၍ လည်းကောင်း၊ မော်တော်ယာဉ်ဖြင့် လှည့်လည်၍ လည်းကောင်း ပရိတ်တော်ရွတ်ခြင်းသည် ဝိနည်းတော်နှင့် ဆန့်ကျင်မှုမရှိသည့်အပြင် မြတ်စွာဘုရား လက်ထက်တော်မှ စ၍ ဆရာစဉ်ဆက် ဆောင်ရွက်ခဲ့သည့် အစဉ်အလာဖြစ် ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

(၃၊ ၄၇–ပါးစုံညီ_ ကျေနပ်ဝိသတိမအစီရင်ခံစာ စာမျက်နှာ၂၅–၂၈။)

http://www.dhammadownload.com

# သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး

## ပြည်နယ်/တိုင်း/ဂိုဏ်းများအလိုက် တတိယအကြိမ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် စာရင်းချုပ်

## ၁၃၅၁ (၁၉၈၉-၉၀)ခုနှစ်

| စဉ် | ဂိုဏ်းအမည် | ပြည်နယ်/တိုင်း | မြို့နယ် | ပြည်နယ်/တိုင်းသံဃနာယက | | | | မြို့နယ်သံဃနာယက | | | | ရပ်ကွက်ကျေးရွာအုပ်စုသံဃနာယက | | | | ဝိနည်းမှုရုံး | နိုင်ငံတော်အဆင့် အဖွဲ့ကြီးသုံးဖွဲ့ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဖွဲ့စည်း | အပါးရေ | သတ်မှတ် | အပါးရေ | ဖွဲ့စည်း | အပါးရေ | သတ်မှတ် | အပါးရေ | ဖွဲ့စည်း | အပါးရေ | သတ်မှတ် | အပါးရေ | အပါးရေ | ဗဟာ၀ | မဟာန | ဩဝါဒ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ |
| ၁။ | သုဓမ္မာ | ၁၄ | ၂၈၃ | ၁၄ | ၁၂၂ | - | - | ၂၈၁ | ၂၅၄၂ | - | - | ၅၄၆၅ | ၃၀၀၀၅ | ၇၉ | ၄၁၈ | ၃၉၉၄ | ၂၂၀ | ၄၁ | ၉၂ | လုပ်ထုံးလုပ်နည်းနှင့် မညီသည်များကို ပယ်ဖျက်ထားပါသည်။ |
| ၂။ | ရွှေကျင် | ၁၂ | ၁၅၁ | ၁၀ | ၅၆ | - | - | ၁၁၇ | ၅၉၂ | ၃၄ | ၃၈ | ၂၃၀ | ၁၂၅၀ | ၇၂ | ၃၆၅ | ၄၁၁ | ၁၉ | ၃ | ၉ | |
| ၃။ | မဟာဒွါရ | ၆ | ၅၉ | ၆ | ၃၂ | - | - | ၄၂ | ၁၉၈ | ၁၇ | ၁၇ | ၂၅ | ၁၃၂ | ၅ | ၅ | ၈၀ | ၃ | ၁ | ၁ | |
| ၄။ | မူလဒွါရ | ၁၀ | ၆၁ | ၆ | ၃၂ | ၂ | ၂ | ၃၀ | ၁၄၃ | ၃၁ | ၄၃ | ၁၁ | ၄၄ | ၈ | ၁၃ | ၄၆ | ၂ | ၁ | ၁ | |
| ၅။ | အနောက်ချောင်းဒွါရ | ၁ | ၂ | ၁ | ၅ | - | - | ၂ | ၁၀ | - | - | - | - | - | - | ၁၀ | ၁ | - | ၁ | |
| ၆။ | ဝေဠုဝန် | ၇ | ၃၆ | ၄ | ၂၀ | ၁ | ၁ | ၂၁ | ၁၀၃ | ၁၅ | ၂၂ | ၁၃ | ၇၀ | ၁၇ | ၇၄ | ၄၅ | ၂ | ၁ | ၂ | |
| ၇။ | ငှက်တွင်း | ၁၀ | ၃၂ | ၆ | ၂၉ | ၃ | ၃ | ၄ | ၁၈ | ၂၈ | ၃၀ | - | - | ၈ | ၄၄ | ၂၃ | ၁ | - | ၁ | |
| ၈။ | ဂဏဝိမုတ် | ၁ | ၄ | ၁ | ၅ | - | - | ၄ | ၂၃ | - | - | ၁၅ | ၉၀ | - | - | ၂၂ | ၁ | - | ၁ | |
| ၉။ | မဟာရင် | ၄ | ၁၁ | ၁ | ၅ | ၃ | ၅ | ၇ | ၂၃ | ၄ | ၈ | ၃ | ၁၂ | ၁၀ | ၂၈ | ၇ | ၁ | - | ၁ | |
| | စုစုပေါင်း | ၆၅ | ၆၃၉ | ၄၉ | ၃၀၆ | ၉ | ၁၁ | ၅၀၈ | ၃၆၅၂ | ၁၂၉ | ၁၅၈ | ၅၇၆၃ | ၃၁၆၀၅ | ၁၉၉ | ၉၄၇ | ၄၆၃၈ | ၂၅၀ | ၄၇ | ၁၁၁ | |

မှတ်ချက်။ ။အချို့ပြည်နယ်/တိုင်းတို့၌ ပြည်နယ်/တိုင်းအဆင့် မရှိသော်လည်း မြို့နယ်များ၌ သက်ဆိုင်ရာဂိုဏ်း သံဃနာယကအဖွဲ့များ ရှိပါသည်။